မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၄၀ ] ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက် ( ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၄ ရက် ) } သောကြာနေ့ [ အတွဲ ၇၂

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၉၁/၂၀၁၉**

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးအား ရာထူးမှထုတ်ပယ်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၈ နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၆ တို့ပါ ပြဋ္ဌာန်းချက်များအရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး ကို ယနေ့မှစ၍ ရာထူးမှထုတ်ပယ်လိုက်သည်။

(ပုံ) ဝင်းမြင့်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၄၇/၂၀၁၉**

၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂ ရက်)

**ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့ခွဲများအနက် ဘဏ္ဍာရေးလုပ်ငန်းအဖွဲ့ခွဲတွင် အတွင်းရေးမှူးပြင်ဆင်ဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၀/၂၀၁၈ ဖြင့် ဖွဲ့စည်းခဲ့သည့် ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့ခွဲများအနက် ဘဏ္ဍာရေးလုပ်ငန်းအဖွဲ့ခွဲတွင် အတွင်းရေးမှူး အဖြစ် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကချင်ပြည်နယ် **အစား** အတွင်းရေးမှူး၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း

အတွင်းရေးမှူး

ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၁၉

၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၉ ရက်)

၁။ ၂၀၁၉ ခုနှစ်၊ ပြက္ခဒိန်နှစ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့်စာချုပ်စာတမ်းများအက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၅၈/၂၀၁၈ ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ထုတ်ပြန်ကြေညာခဲ့ရာတွင် ၂၀၁၉ ခုနှစ်အတွင်း ကျန်ရှိသော အများပြည်သူအလုပ်ပိတ်ရက်များမှ သီတင်းကျွတ်ရုံးပိတ်ရက်နှစ်ရက်ဖြစ်သည့် အဖိတ်နေ့နှင့် လပြည့်နေ့သည် စနေနေ့၊ တနင်္ဂနွေနေ့များဖြင့်လည်းကောင်း၊ တန်ဆောင်တိုင်ရုံးပိတ်ရက်တစ်ရက်ဖြစ်သည့် အဖိတ်နေ့သည် တနင်္ဂနွေနေ့ဖြင့်လည်းကောင်း တိုက်ဆိုင်နေသည်ကို တွေ့ရှိရပါသည်။

၃။ သို့ပါ၍ စနေနေ့၊ တနင်္ဂနွေနေ့များနှင့်တိုက်ဆိုင်နေသော အများပြည်သူအလုပ်ပိတ်ရက်များအတွက် ခံစားခွင့်များမနစ်နာစေရန် သီတင်းကျွတ်ရုံးပိတ်ရက်နှစ်ရက်ကို စနေနေ့ရှေ့ သောကြာနေ့ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နှင့် တနင်္လာနေ့နောက် အင်္ဂါနေ့ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်ဖြင့်လည်းကောင်း၊ တန်ဆောင်တိုင်ရုံးပိတ်ရက်တစ်ရက်ကို တနင်္လာနေ့နောက် အင်္ဂါနေ့ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်ဖြင့်လည်းကောင်း အစားထိုးဖြည့်စွက်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၅၈/၂၀၁၈ တွင်ဖော်ပြထားသည့် "အစဉ် ၁၃။ သီတင်းကျွတ်ရုံးပိတ်ရက်များ" နှင့် "အစဉ် ၁၄။ တန်ဆောင်တိုင်ရုံးပိတ်ရက်များ" တို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများအက်ဥပဒေပုဒ်မ ၂၅ အရ ၂၀၁၉ ခုနှစ်၊ ပြက္ခဒိန်နှစ်အတွင်း အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်ကြေညာလိုက်သည် -

| "စဉ် | နေ့ | ရက် | အရေအတွက် |
|---|---|---|---|
| ၁၃။ | သီတင်းကျွတ်ရုံးပိတ်ရက်များ | ၁၁-၁၀-၂၀၁၉ မှ ၁၅-၁၀-၂၀၁၉ ထိ | ၅ ရက် |
| ၁၄။ | တန်ဆောင်တိုင်ရုံးပိတ်ရက်များ | ၁၀-၁၁-၂၀၁၉ မှ ၁၂-၁၁-၂၀၁၉ ထိ | ၃ ရက်" |

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၁၉

၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၉ ရက်)

၁။ ၂၀၂၀ ပြည့်နှစ်၊ ပြက္ခဒိန်နှစ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများအက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၃၆/၂၀၁၉ ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ထုတ်ပြန်ကြေညာခဲ့ရာတွင် လွတ်လပ်ရေးနေ့သည် စနေနေ့ဖြင့်လည်းကောင်း၊ တပေါင်းလပြည့်နေ့သည် တနင်္ဂနွေနေ့ဖြင့်လည်းကောင်း၊ သင်္ကြန်အကြိုနေ့သည် တနင်္ဂနွေနေ့ဖြင့်လည်းကောင်း၊ အာဇာနည်နေ့သည် တနင်္ဂနွေနေ့ဖြင့်လည်းကောင်း၊ သီတင်းကျွတ်ရုံးပိတ်ရက်နှစ်ရက်ဖြစ်သည့် လပြည့်နေ့နှင့် လပြည့်ကျော်တစ်ရက်နေ့သည် စနေနေ့နှင့် တနင်္ဂနွေနေ့များဖြင့်လည်းကောင်း၊ တန်ဆောင်တိုင်ရုံးပိတ်ရက်နှစ်ရက်ဖြစ်သည့် အဖိတ်နေ့နှင့် လပြည့်နေ့သည် စနေနေ့နှင့် တနင်္ဂနွေနေ့များဖြင့်လည်းကောင်း တိုက်ဆိုင်နေသည်ကို တွေ့ရှိရပါသည်။

၃။ သို့ပါ၍ အမိန့်ကြော်ငြာစာအမှတ် ၃၆/၂၀၁၉ တွင်ပါရှိသော "အစဉ် ၂။ လွတ်လပ်ရေးနေ့" ရုံးပိတ်ရက်တစ်ရက်ကို တနင်္ဂနွေနေ့နောက် တနင်္လာနေ့ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၆ ရက်ဖြင့်လည်းကောင်း၊ "အစဉ် ၅။ တပေါင်းလပြည့်နေ့" ရုံးပိတ်ရက်တစ်ရက်ကို တနင်္ဂနွေနေ့နောက် တနင်္လာနေ့ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၉ ရက်ဖြင့်လည်းကောင်း၊ "အစဉ် ၇။ သင်္ကြန်အကြိုနေ့" ရုံးပိတ်ရက်တစ်ရက်ကို စနေနေ့ရှေ့ သောကြာနေ့ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၀ ရက်ဖြင့်လည်းကောင်း၊ "အစဉ် ၁၀။ အာဇာနည်နေ့" ရုံးပိတ်ရက်တစ်ရက်ကို တနင်္ဂနွေနေ့နောက် တနင်္လာနေ့ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၀ ရက်ဖြင့်လည်းကောင်း၊ "အစဉ် ၁၂။ သီတင်းကျွတ်" ရုံးပိတ်ရက်နှစ်ရက်ကို သောကြာနေ့ရှေ့ ကြာသပတေးနေ့ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၉ ရက်နှင့် တနင်္ဂနွေနေ့နောက် တနင်္လာနေ့ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂ ရက်ဖြင့်လည်းကောင်း၊ "အစဉ် ၁၃။ တန်ဆောင်တိုင်" ရုံးပိတ်ရက်နှစ်ရက်ကို စနေနေ့ရှေ့ သောကြာနေ့ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၇ ရက်နှင့် တနင်္ဂနွေနေ့နောက် တနင်္လာနေ့ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၃၀ ရက်ဖြင့်လည်းကောင်း အစားထိုးဖြည့်စွက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ ၂၀၂၀ ပြည့်နှစ်၊ ပြက္ခဒိန်နှစ်အတွင်း အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်ကြေညာလိုက်သည် -

| "စဉ် | နေ့ | ရက် | အရေအတွက် |
|---|---|---|---|
| ၂။ | လွတ်လပ်ရေးနေ့ | ၄-၁-၂၀၂၀ မှ<br>၆-၁-၂၀၂၀ ထိ | ၃ ရက် |
| ၅။ | တပေါင်းလပြည့်နေ့ | ၈-၃-၂၀၂၀ မှ<br>၉-၃-၂၀၂၀ ထိ | ၂ ရက် |
| ၇။ | မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များ | ၁၀-၄-၂၀၂၀ မှ<br>၁၇-၄-၂၀၂၀ ထိ | ၈ ရက် |
| ၁၀။ | အာဇာနည်နေ့ | ၁၉-၇-၂၀၂၀ မှ<br>၂၀-၇-၂၀၂၀ ထိ | ၂ ရက် |
| ၁၂။ | သီတင်းကျွတ်ရုံးပိတ်ရက်များ | ၂၉-၁၀-၂၀၂၀ မှ<br>၂-၁၁-၂၀၂၀ ထိ | ၅ ရက် |
| ၁၃။ | တန်ဆောင်တိုင်ရုံးပိတ်ရက်များ | ၂၇-၁၁-၂၀၂၀ မှ<br>၃၀-၁၁-၂၀၂၀ ထိ | ၄ ရက်" |

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

**[ ယခင်အပတ် ပြည်ထောင်စုလွှတ်တော်ရုံး၊ အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၁၉) ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေများမှ အဆက် ]**

## အခန်း (၂၂)

## ကလေးသူငယ် တရားစီရင်ရေး

၈၂။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် -

(က) နိုင်ငံတော်အတွင်း လိုအပ်ပြီး သင့်လျော်သော နယ်မြေများတွင် ကလေးသူငယ်တရားရုံးများ တည်ထောင်ရမည်။ ထို့အပြင် ကလေးသူငယ်တရားသူကြီးများကို ခန့်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ကလေးသူငယ်တရားရုံး တည်ထောင်ထားခြင်းမရှိသော နယ်မြေဒေသတွင် မြို့နယ်တရားသူကြီးအား ကလေးသူငယ်တရားသူကြီး၏ စီရင်ပိုင်ခွင့် အာဏာကို အပ်နှင်းနိုင်သည်။

၈၃။ ကလေးသူငယ်တရားရုံးသည် -

(က) ပြစ်မှုကျူးလွန်သည့်အချိန်တွင် အသက် ၁၈ နှစ် မပြည့်သေးသော ကလေးသူငယ်ကိုသာလျှင် တရားစီရင်ပိုင်ခွင့် ရှိစေရမည်။ ကလေးသူငယ်မှုခင်းတစ်ရပ်ကို ကြားနာစစ်ဆေးရာ၌ ဆက်လက်ဆောင်ရွက်ခြင်းမပြုမီ ပြစ်မှုကျူးလွန်သူမှာ ကလေးသူငယ်ဖြစ်ကြောင်း အသက်နှင့်စပ်လျဉ်းသည့် အထောက်အထားများကို စိစစ်ပြီး ဆုံးဖြတ်ချက်ချမှတ်ရမည်။ ထိုဆုံးဖြတ်ချက်ကို မှတ်တမ်းတင်ထားရှိရမည်။

(ခ) ကလေးသူငယ်မှုခင်းကို ကလေးသူငယ်တရားရုံးက စစ်ဆေးစီရင်နေစဉ်အတွင်း ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်၏ အသက်မှာ ၁၈ နှစ် ပြည့်သွားသော်လည်း ကလေးသူငယ်ဖြစ်ဘိသကဲ့သို့ ဆက်လက်၍ ကြားနာစစ်ဆေးပြီး ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ရမည်။

(ဂ) စစ်ဆေးစီရင်နေစဉ်အတွင်း တရားစွဲဆိုတင်ပို့သော ကလေးသူငယ်ကို ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရန် အာမခံဖြင့် ခံဝန်ချုပ် ချုပ်ဆိုစေပြီး စည်းကမ်းချက်များ သတ်မှတ်၍ မိဘ၊ အုပ်ထိန်းသူထံဖြစ်စေ၊ ယာယီစောင့်ရှောက်ရေးဂေဟာ သို့မဟုတ် အခြားသင့်လျော်သော နေရာသို့ဖြစ်စေ အုပ်ထိန်းရန် အပ်နှံနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ အာမခံဖြင့် ခံဝန်ချုပ်ပြုလုပ်ခြင်းမရှိသည့်အခါ နောက်ဆုံးနည်းလမ်းအဖြစ်သာလျှင် မိဘ၊ အုပ်ထိန်းသူထံဖြစ်စေ၊ ယာယီစောင့်ရှောက်ရေးဂေဟာသို့ဖြစ်စေ၊ အခြားသင့်လျော်သောနေရာသို့ဖြစ်စေ စည်းကမ်းချက်များကို လိုက်နာစေလျက် ကလေးသူငယ်ကို အပ်နှံနိုင်သည်။ ထိုသို့ အပ်နှံသည့်ကာလသည် အတိုတောင်းဆုံး ဖြစ်စေရမည်။

(င) မည်သည့်အကြောင်းနှင့်မျှ ကလေးသူငယ်ကို ရဲအချုပ်တွင်ဖြစ်စေ၊ အကျဉ်းထောင်တွင်ဖြစ်စေ ချုပ်မိန့်မပေးရ။

(စ) ကလေးသူငယ်ကို မည်သည့်ပြစ်မှုအတွက်မဆို ကလေးသူငယ်တရားရုံး ရှေ့မှောက်သို့ တင်ပို့ပါက ကလေးသူငယ်နားလည်နိုင်သော ရိုးရှင်းသည့် စကားအသုံးအနှုန်းဖြင့် စွဲဆိုသည့်ပြစ်မှုကို ရှင်းလင်းပြောကြားရမည်။

(ဆ) သေဒဏ် သို့မဟုတ် ထောင်ဒဏ် ၃ နှစ်အထက် ပြစ်ဒဏ်ချမှတ်နိုင်သော ကလေးသူငယ်မှုခင်းများကို ဝရမ်းမှုစစ်ဆေးသည့် နည်းလမ်းအတိုင်း စစ်ဆေးစီရင်ရမည်။

(ဇ) ပုဒ်မခွဲ (ဆ) ပါ မှုခင်းမျိုးမှတစ်ပါး အခြားကလေးသူငယ်မှုခင်းများကို သမ္မန်မှုစစ်ဆေးသည့် နည်းလမ်းအတိုင်း စစ်ဆေးစီရင်ရမည်။

(ဈ) ကလေးသူငယ်မှုခင်းတွင် ရှေ့နေငှားရမ်းထားစေကာမူ ကလေးသူငယ်က ပြစ်မှုကျူးလွန်ခြင်းမရှိကြောင်း မိမိကိုယ်ကို ကာကွယ်ပြောကြားရာတွင် မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုး သို့မဟုတ် တာဝန်ရှိ လူမှုဝန်ထမ်းအရာရှိ တစ်ဦးဦးအား ကလေးသူငယ်ကို ကူညီဆောင်ရွက်ပေးရန် ခွင့်ပြုနိုင်သည်။

(ည) စိတ်ပိုင်းဆိုင်ရာချို့ယွင်းမှု ရှိ မရှိ စစ်ဆေးရန် လိုအပ်ပါက စိတ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူဆရာဝန်နှင့် စစ်ဆေးပြီး လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၈၄။ ကလေးသူငယ်တရားရုံးသည် ကလေးသူငယ်မှုခင်းများကို ကြားနာစစ်ဆေးရာတွင် -

(က) သီးခြားတရားရုံး သို့မဟုတ် သီးခြားအဆောက်အအုံတွင် ကြားနာစစ်ဆေးရမည်။ သီးခြားတရားရုံး သို့မဟုတ် သီးခြားအဆောက်အအုံမရှိပါက တရားရုံးပုံမှန်ဖွင့်လှစ်၍ ကြားနာစစ်ဆေးသည့် နေရာမဟုတ်သော အဆောက်အအုံ သို့မဟုတ် အခန်းတွင် ပြုလုပ်ရမည်။

(ခ) မိဘများ၊ အုပ်ထိန်းသူများ၊ တရားရုံးဝန်ထမ်းများ၊ ဥပဒေအရာရှိများ၊ ယူနီဖောင်းဝတ်ဆင်ထားခြင်း မရှိသော တာဝန်ကျရဲတပ်ဖွဲ့ဝင်များ၊ မှုခင်းနှင့် သက်ဆိုင်သူများနှင့် ကလေးသူငယ်တရားရုံးက ခွင့်ပြုချက်ပေးထားသောသူများမှအပ အခြားမည်သူမျှ ကြားနာစစ်ဆေးသောနေရာတွင် မရှိစေရ။

(ဂ) ကလေးသူငယ်အတွက် ခုခံကာကွယ်ရန် မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုး၊ မိတ်ဆွေ သို့မဟုတ် အခြား သင့်လျော်သူတစ်ဦးဦးအား ကလေးသူငယ်ကိုယ်စား စစ်မေးခြင်း၊ လျှောက်ထားခြင်းနှင့်လျှောက်လဲ ခြင်းတို့ ပြုနိုင်ရန် ခွင့်ပြုရမည်။

(ဃ) ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှု ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ပြစ်မှုကျူးလွန်ခြင်းခံရသူ ကလေးသူငယ်အတွက် တရားလိုဘက်မှ ဥပဒေအရာရှိက လိုက်ပါဆောင်ရွက်ပေးရန် သက်ဆိုင်ရာ ဥပဒေရုံးသို့ အကြောင်းကြားရမည်။

(င) ကလေးသူငယ်နှင့် သက်သေများအတွက် လိုအပ်ပါက စကားပြန်ထားရှိနိုင်ရန် စီစဉ်ပေးရမည်။

(စ) ကလေးသူငယ်မှုခင်းကို ဆောလျင်စွာ ကြားနာ စစ်ဆေးပေးရမည်။

(ဆ) သက်သေများ စစ်ဆေးခြင်း၊ လျှောက်လဲချက်ပေးခြင်းနှင့် စစ်ဆေးစီရင်ခြင်းပြုရာ၌ တရားခွင်ရှိ တရားသူကြီး၊ ဥပဒေအရာရှိ၊ လူမှုဝန်ထမ်းအရာရှိ၊ ရဲအရာရှိ၊ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်နှင့် သက်သေများ မြင်နိုင်ကြားနိုင်၊ မေးမြန်းနိုင်၊ ဖြေကြားနိုင်၊ မှတ်တမ်းတင်နိုင်သည့် ဗီဒီယိုရုပ်မြင်သံကြား မြင်ကွင်းစနစ်ဖြင့် ပြုလုပ်နိုင်သည်။

၈၅။ ကလေးသူငယ်မှုခင်းကို ကြားနာစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ကလေးသူငယ်တရားရုံးသည် -

(က) စစ်ဆေးဆဲအမှု မည်သည့်အခြေအနေသို့ ရောက်ရှိနေစေကာမူ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်အား ကလေးသူငယ်တရားရုံးသို့လာရောက်ရန် မလိုဟုယူဆလျှင် ရုံးရှေ့သို့ မလာရောက်စေဘဲ ယင်း၏ မျက်ကွယ်တွင် အမှုကို ဆက်လက်စစ်ဆေးနိုင်သည်။

(ခ) ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများကို ဖြစ်ထွန်းနိုင်သည့်ကိစ္စတွင် သတင်းအချက် အလက် ရယူခွင့်ပေးခြင်းမှအပ ကလေးသူငယ်မှုခင်း သတင်းအချက်အလက်များကို သတင်းစာများ၊ မဂ္ဂဇင်းများ၊ ဂျာနယ်များ၊ စာစောင်များ၊ အီလက်ထရောနစ်နည်းပညာကို အသုံးပြု၍ အင်တာနက် စာမျက်နှာနှင့် လူမှုကွန်ရက်များတွင် ကလေးသူငယ်ညစ်ညမ်းပုံ ပြုလုပ်ဖြန့်ဖြူးခြင်းနှင့် ရေဒီယို၊ ရုပ်မြင်သံကြားတစ်ခုခုတွင် ဖြန့်ချိခြင်း၊ ထုတ်လွှင့်ခြင်းမပြုနိုင်ရန်နှင့် သတင်းမီဒီယာသမားအား တရားခွင်အတွင်း ဝင်ရောက်ခြင်းခွင့်မပြုရ။

(ဂ) ကလေးသူငယ်ကြီးကြပ်သူအစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရန် သက်ဆိုင်ရာ လူမှုဝန်ထမ်းရုံးသို့ အကြောင်းကြားရမည်။

၈၆။ ကလေးသူငယ်တရားရုံးသည် ရဲတပ်ဖွဲ့က စုံစမ်းနေစဉ်အတွင်း ဖြစ်စေ၊ ကလေးသူငယ်တရားရုံးက စစ်ဆေးစီရင်နေစဉ်အတွင်း ဖြစ်စေ ထွက်ပြေးတိမ်းရှောင်နေသော ကလေးသူငယ်ကို ဖမ်းဆီးမိပြီး သက်ဆိုင်ရာ တရားရုံးသို့ စွဲဆိုတင်ပို့သည့်အချိန်တွင် အသက် ၁၈ နှစ် ပြည့်သွားသော ကလေးသူငယ်မှုခင်းနှင့်စပ်လျဉ်း၍ -

(က) အသက် ၁၈ နှစ် ပြည့်ပြီး အသက် ၂၀ နှစ် မပြည့်သေးလျှင် ကလေးသူငယ်ဖြစ်ဘိသကဲ့သို့ ဆက်လက်၍ ကြားနာစစ်ဆေးပြီး ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ရမည်။

(ခ) အသက် ၂၀ နှစ် ပြည့်ပြီးဖြစ်လျှင် အရွယ်ရောက်သူကို စစ်ဆေးစီရင်သည့် နည်းလမ်းအတိုင်း ကြားနာစစ်ဆေးပြီး ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ရမည်။ သို့ရာတွင် ပြစ်ဒဏ်ကို ကလေးသူငယ် ဖြစ်သည့်အလား ဤဥပဒေနှင့်အညီ ချမှတ်ရမည်။

ခြွင်းချက်။ ထိုသို့ ချမှတ်သည့်အခါ ကလေးသူငယ်ကဲ့သို့ မိဘအုပ်ထိန်းသူထံ အပ်နှံခြင်း၊ ယာယီ စောင့်ရှောက်ရေးဂေဟာ သို့မဟုတ် သင်တန်းကျောင်းတစ်ခုခုသို့ ပို့အပ်ခြင်း မပြုနိုင်။

၈၇။ ကလေးသူငယ်တရားရုံးသည် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသော ကလေးသူငယ်အား အမိန့်ချမှတ်ခြင်းမပြုမီ အောက်ဖော်ပြပါ အချက်များကို ထည့်သွင်းစဉ်းစားလျက် ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများ ဖြစ်ထွန်းစေပြီး စာရိတ္တပြုပြင်ပြောင်းလဲစေနိုင်မည့် အမိန့်ကို ချမှတ်ရမည် -

(က) ကလေးသူငယ်၏ အသက်အရွယ်နှင့် အကျင့်စာရိတ္တ၊

(ခ) ကလေးသူငယ်၏ ပတ်ဝန်းကျင် အခြေအနေ၊

(ဂ) ပြစ်မှုကျူးလွန်ရသည့် အကြောင်းရင်း၊

(ဃ) ကလေးသူငယ်ကြီးကြပ်သူက တင်သွင်းသော အစီရင်ခံစာ၊

(င) ကလေးသူငယ်အား ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် ကလေးသူငယ်၏ လွတ်လပ်ခွင့်ကို ထိခိုက်စေခြင်းမရှိဘဲ ဖြစ်နိုင်ပါက အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များကို ဦးစားပေးခြင်း၊

(စ) ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများအတွက် ထည့်သွင်းစဉ်းစားရန် လိုအပ်သော အခြားအချက်များ။

၈၈။ ကလေးသူငယ်တရားရုံးသည် -

(က) ကလေးသူငယ်ကို သာမန်အားဖြင့် ထောင်ဒဏ်ချမှတ်ခြင်းမပြုရ။ ယင်းအား အခြားနည်းဖြင့် ပြုစုစောင့်ရှောက်ခြင်း သို့မဟုတ် အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ မရှိမှသာ နောက်ဆုံးနည်းလမ်းအဖြစ် သဘောထားပြီး ထောင်ဒဏ်ချမှတ်ရမည်။

(ခ) တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ကလေးသူငယ်အား ပြစ်မှုထင်ရှားစီရင်သည့်အခါ သေဒဏ်၊ ထောင်ဒဏ် တစ်သက်၊ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ် သို့မဟုတ် ထောင်ဒဏ် နှစ် ၂၀ မချမှတ်ရ။

(ဂ) ကလေးသူငယ် ကျူးလွန်သည့်ပြစ်မှုမှာ အောက်ပါ အချက်နှစ်ရပ်နှင့် အကျုံးဝင်သည်ဟု ကလေးသူငယ်တရားရုံးက ယုံကြည်မှသာ ထောင်ဒဏ် ချမှတ်ရမည် -

(၁) သေဒဏ်၊ ထောင်ဒဏ်တစ်သက်၊ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ် သို့မဟုတ် ထောင်ဒဏ် နှစ် ၂၀ ချမှတ်နိုင်သော ပြစ်မှုဖြစ်ခြင်း၊

(၂) အကျင့်စာရိတ္တလွန်ကဲစွာ ပျက်စီးနေသော သို့မဟုတ် မည်သည့်နည်းနှင့်မျှ ထိန်းသိမ်း၍ မရနိုင်သော ဆိုးသွမ်းနေသည့် ကလေးသူငယ်ဖြစ်ခြင်း။

(ဃ) ပုဒ်မခွဲ (ဂ) အရ ထောင်ဒဏ်ချမှတ်ရာတွင် ထိုကလေးသူငယ်မှာ အသက် ၁၆ နှစ် မပြည့်သေးပါက ချမှတ်သော ထောင်ဒဏ်သည် ခုနစ်နှစ်ထက်ပို၍လည်းကောင်း၊ အသက် ၁၆ နှစ်ပြည့်ပြီး အသက် ၁၈ နှစ် မပြည့်သေးပါက ချမှတ်သော ထောင်ဒဏ်သည် တစ်ဆယ်နှစ်ထက်ပို၍လည်းကောင်း မချမှတ်ရ။

(င) ငွေဒဏ် တပ်ရိုက်ရန်ရှိလျှင် အသက် ၁၄ နှစ်ပြည့်ပြီး ဝင်ငွေရှိသည့် ကလေးသူငယ်ကို ငွေဒဏ် တပ်ရိုက်နိုင်သည်။ ငွေဒဏ်မဆောင်သည့် ထိုကလေးသူငယ်အား ထောင်ဒဏ်မချမှတ်ရ။ ထိုကလေးသူငယ်က ငွေဒဏ်မဆောင်လျှင် ကလေးသူငယ်၏ မိဘကိုလည်းကောင်း၊ မိဘ မရှိလျှင် အုပ်ထိန်းသူကိုလည်းကောင်း ငွေဒဏ် တပ်ရိုက်ရမည်။

၈၉။ ကလေးသူငယ်တရားရုံးသည် ပုဒ်မ ၈၈၊ ပုဒ်မခွဲ (ဂ) ပါ အချက်နှစ်ရပ်နှင့် မငြိစွန်းသဖြင့် ထောင်ဒဏ်မချမှတ်သင့်သော ကလေးသူငယ်နှင့်စပ်လျဉ်း၍ အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ဆိုဆုံးမ၍ လွှတ်နိုင်သည်။

(ခ) ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများအလို့ငှာ အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း လုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်နိုင်သည်။

(ဂ) မည်သည့်ပြစ်မှုတွင်မဆို ကလေးသူငယ်သည် ပြစ်မှုကိုနောက်ထပ်မကျူးလွန်စေရေးအတွက် ဟန့်တားရန်အလို့ငှာ ထိုကလေးသူငယ်ကို ကောင်းမွန်စွာ နေထိုင်ကျင့်ကြံစေမည်ဖြစ်ကြောင်း

ခံဝန်ချုပ် ချုပ်ဆိုပြီး သုံးနှစ်ထက်မကျော်လွန်သော ကာလအတွက် စည်းကမ်းချက်များ သတ်မှတ်၍ မိဘ သို့မဟုတ် အုပ်ထိန်းသူထံ ပြန်လည် လွှဲအပ်ပေးနိုင်သည်။

(ဃ) သုံးနှစ်ထက်မပိုသောကာလအတွင်း ကလေးသူငယ်ကြီးကြပ်သူ၏ ကြီးကြပ်စီမံခြင်းကိုခံယူစေနိုင်သည်။

(င) မည်သည့်ပြစ်မှုတွင်မဆို ကလေးသူငယ်သည် အကျင့်စာရိတ္တပျက်ပြားနေသူဖြစ်လျှင်သော်လည်းကောင်း၊ အကျင့်စာရိတ္တပျက်ပြားခြင်း မရှိသေးသော်လည်း မိဘအုပ်ထိန်းသူမရှိသည့် ကလေးသူငယ်ဖြစ်လျှင်သော်လည်းကောင်း၊ မိဘအုပ်ထိန်းသူရှိသော်လည်း ကလေးသူငယ်အား ဆိုဆုံးမခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်နိုင်သော အခြေအနေမရှိလျှင်သော်လည်းကောင်း ထိုကလေးသူငယ်ကို အနည်းဆုံး နှစ်နှစ်အထိဖြစ်စေ၊ အသက် ၁၈ နှစ် သို့မဟုတ် အသက် ၂၀ နှစ် ပြည့်သည်အထိဖြစ်စေ သင်တန်းကျောင်းတစ်ခုခုသို့ ပို့အပ်နိုင်သည်။

(စ) ကလေးသူငယ်တရားသူကြီး၏ ဆင်ခြင်တုံတရားအရ သင့်လျော်သည်ဟု ထင်မြင်သော စည်းကမ်းချက်များသတ်မှတ်၍ ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေးဂေဟာတွင် သတ်မှတ်သည့်အချိန်ကာလတစ်ရပ်ထိ နေထိုင်စေရန် အမိန့်ချမှတ်နိုင်သည်။ သတ်မှတ်အချိန်ကာလပြည့်သည့်အခါ ပုဒ်မခွဲ (က) မှ (င) အထိပါရှိသည့် အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည်။

၉၀။ ကလေးသူငယ်တရားရုံးသည် -

(က) ကလေးသူငယ်အပေါ် ပုဒ်မ ၈၈ အရ ချမှတ်သော ထောင်ဒဏ်အပြင် ကလေးသူငယ်၏ပြုလုပ်မှုကြောင့် တစ်စုံတစ်ယောက်သောသူတွင် ထိခိုက်နစ်နာမှု သို့မဟုတ် ဆုံးရှုံးမှုရှိလျှင် ကလေးသူငယ်၏ မိဘ၊ အုပ်ထိန်းသူက ပြစ်မှုကျူးလွန်ခြင်းခံရသော ထိခိုက်နစ်နာသူ သို့မဟုတ် ဆုံးရှုံးသူသို့ သင့်လျော်သောလျော်ကြေး ပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်။

(ခ) အောက်ဖော်ပြပါ အချက်များနှင့်ညီညွတ်လျှင် ပုဒ်မ ၈၉၊ ပုဒ်မခွဲ (ဃ) သို့မဟုတ် ပုဒ်မခွဲ (င) အရ ချမှတ်ခဲ့သောအမိန့်ကို လိုက်နာပြီးသော ကလေးသူငယ်အား သက်ဆိုင်ရာ မိဘ သို့မဟုတ် အုပ်ထိန်းသူထံ ခံဝန်ချုပ်ဖြင့်ဖြစ်စေ၊ ခံဝန်ချုပ်မပြုလုပ်ဘဲဖြစ်စေ ပြန်လည်အပ်နှံရန် မည်သည့်အချိန်တွင်မဆို ပြင်ဆင်၍ အမိန့်ချမှတ်နိုင်သည် -

(၁) ကလေးသူငယ်၏ အကျင့်စာရိတ္တအခြေအနေ တိုးတက်ကောင်းမွန်မှု ရှိလာခြင်း၊

(၂) မိဘ သို့မဟုတ် အုပ်ထိန်းသူရှိသော ကလေးသူငယ်ဖြစ်ခြင်း။

(ဂ) ပုဒ်မခွဲ (ခ) ပါ စီရင်ပိုင်ခွင့်ကို သက်ဆိုင်ရာ သင်တန်းကျောင်းအုပ်၊ ကလေးသူငယ် ကြီးကြပ်သူ သို့မဟုတ် မိဘ၊ အုပ်ထိန်းသူ၏ လျှောက်ထားတင်ပြချက်အရ ကျင့်သုံးနိုင်သည်။

၉၁။ (က) ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများသည် သေဒဏ်ထိုက်သင့်သော ပြစ်မှုကို ကျူးလွန်ကြောင်းစွပ်စွဲခံရသော ဆင်းရဲနွမ်းပါးသည့် ကလေးသူငယ် တရားခံအတွက် တရားရုံးတွင် နိုင်ငံတော်စရိတ်ဖြင့် လိုက်ပါဆောင်ရွက်နိုင်ရန် သတ်မှတ်ချက်များနှင့်အညီ ရှေ့နေငှားရမ်းပေးရမည်။

(ခ) ပြစ်မှုတစ်ခုခုဖြင့် စွပ်စွဲခြင်း၊ ထိန်းသိမ်းခြင်း၊ ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း သို့မဟုတ် အကျဉ်းချမှတ်ခြင်းခံရသည့် ကလေးသူငယ်သည်လည်းကောင်း၊ ပြစ်မှုကျူးလွန်ခြင်းခံရခြင်းကြောင့် နစ်နာသူကလေးသူငယ်သည်လည်းကောင်း၊ ထူးခြားသည့် အကြောင်းအရာတစ်ခုခုကြောင့် အကူအညီတောင်းခံလိုသည့် ပြစ်မှုနှင့်ဆိုင်သော သက်သေများသည်လည်းကောင်း ဥပဒေဆိုင်ရာ အထောက်အကူရရှိနိုင်ရန် မိမိတို့၏ ကလေးသူငယ်မှုခင်းနှင့် သက်ဆိုင်သည့်ဒေသရှိ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ အကူအညီ တောင်းခံနိုင်သည်။

(ဂ) ကလေးသူငယ်တရားရုံးက ဤဥပဒေအရ ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ဥပဒေနှင့်အညီ အယူခံဝင်ရောက်ခွင့် သို့မဟုတ် ပြင်ဆင်မှုတင်သွင်းခွင့် ရှိစေရမည်။

(ဃ) ကလေးသူငယ်မှုခင်းနှင့်စပ်လျဉ်း၍ ကလေးသူငယ်တရားရုံးကဖြစ်စေ၊ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုကို စီရင်သောတရားရုံးကဖြစ်စေ ချမှတ်သော စီရင်ချက်နှင့် အမိန့်မိတ္တူကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးရုံး သို့မဟုတ် ပြည်ထောင်စုနယ်မြေ လူမှုဝန်ထမ်းဦးစီးမှူးရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင်လူမှုဝန်ထမ်းဦးစီးမှူးရုံးသို့ ပေးပို့ရမည်။ အကယ်၍ ပြည်ထောင်စုတရား လွှတ်တော်ချုပ်က ချမှတ်ခြင်းဖြစ်ပါက ထိုသို့ ချမှတ်သော စီရင်ချက်နှင့် အမိန့်မိတ္တူကို ဝန်ကြီးဌာနသို့ ပေးပို့ရမည်။

## အခန်း (၂၃)
## ကလေးသူငယ် ကြီးကြပ်သူ၏ လုပ်ငန်းတာဝန်များ

၉၂။ ကလေးသူငယ်ကြီးကြပ်သူ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကလေးသူငယ်တရားရုံးက ကလေးသူငယ်နှင့်စပ်လျဉ်း၍ တာဝန်ပေးအပ်သောအခါတွင် လိုအပ်သော စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး အစီရင်ခံစာ တင်သွင်းခြင်း၊

(ခ) မိမိ၏ စောင့်ကြည့်ကြီးကြပ်မှု ခံယူရန် ကလေးသူငယ်တရားရုံးက အမိန့်ချမှတ်ခြင်းခံရသော ကလေးသူငယ်ကို သတ်မှတ်ထားသောနည်းလမ်းဖြင့် စောင့်ကြည့်ကြီးကြပ်ခြင်း၊

(ဂ) ကလေးသူငယ်ကို အန္တရာယ်တစ်စုံတစ်ရာ ကျရောက်နိုင်ဖွယ်ရာရှိကြောင်း သို့မဟုတ် ကလေးသူငယ်မှာ အန္တရာယ်ကျရောက်လျက်ရှိကြောင်း တွေ့ရှိရပါက သက်ဆိုင်ရာ လူမှုဝန်ထမ်းအရာရှိနှင့် ရဲတပ်ဖွဲ့သို့ အကြောင်းကြားခြင်း၊

(ဃ) သင်တန်းကျောင်း၊ ပရဟိတဂေဟာ၊ ယာယီစောင့်ရှောက်ရေးဂေဟာ၊ အုပ်ထိန်းသူ သို့မဟုတ် ပြုစုစောင့်ရှောက်သူထံမှ ထွက်ပြေးသည့် ကလေးသူငယ်ကိုတွေ့လျှင် ထိုကလေးသူငယ်ကို ထွက်ပြေးခဲ့သည့် သင်တန်းကျောင်း၊ ပရဟိတဂေဟာ၊ ယာယီစောင့်ရှောက်ရေးဂေဟာ၊ အုပ်ထိန်းသူ သို့မဟုတ် ပြုစုစောင့်ရှောက်သူထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း၊

(င) ပုဒ်မခွဲ (ဃ) အရ ထွက်ပြေးသည့် ကလေးသူငယ်မှာ နှိပ်စက်ညှဉ်းပန်းခြင်း၊ ရိုက်နှက်ဆုံးမခြင်း သို့မဟုတ် ဂုဏ်သိက္ခာကျဆင်းစေသော ပုံစံတစ်မျိုးမျိုးဖြင့် ပြစ်ဒဏ်ပေးခြင်းကြောင့် ထွက်ပြေးခြင်း ဖြစ်ပါက ကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေးသူငယ်အဖြစ်သတ်မှတ်၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကာကွယ်စောင့်ရှောက်ခြင်း၊

(စ) ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှု ဝန်ထမ်းဦးစီးမှူးရုံး၊ ပြည်ထောင်စုနယ်မြေ လူမှုဝန်ထမ်းဦးစီးမှူးရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လူမှုဝန်ထမ်းဦးစီးမှူးရုံး၊ ခရိုင်လူမှုဝန်ထမ်းဦးစီးမှူးရုံး သို့မဟုတ် မြို့နယ်လူမှုဝန်ထမ်းဦးစီးမှူးရုံး၏ ကြီးကြပ်မှုဖြင့် မိဘ သို့မဟုတ် အုပ်ထိန်းသူ၊ ရပ်ရွာ လူကြီးများ၊ လူမှုရေးအဖွဲ့အစည်းများမှပုဂ္ဂိုလ်များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်းနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း၊

(ဆ) လူမှုဝန်ထမ်းဦးစီးဌာနက သတ်မှတ်ပေးသော ကလေးသူငယ်နှင့်သက်ဆိုင်သည့် အခြားလုပ်ငန်း တာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၂၄)
## အကျဉ်းထောင်များတွင် ကလေးသူငယ်များကို ထိန်းသိမ်းခြင်းနှင့် စောင့်ရှောက်ခြင်း

၉၃။ အကျဉ်းထောင် တာဝန်ခံအရာရှိသည် ထောင်ဒဏ်ချမှတ်ခံရသော ကလေးသူငယ်နှင့်ပတ်သက်၍-

(က) ကလေးသူငယ် အသက် ၁၈ နှစ် ပြည့်သည်အထိ လူကြီးအကျဉ်းသားများနှင့် အတူတကွ မထားရှိရ။

(ခ) လူကြီးအကျဉ်းသားများ ဖြတ်သန်းသွားလာခြင်း မပြုနိုင်သည့် သီးခြားအဆောင် သို့မဟုတ် အခန်းတွင် ထားရှိရမည်။

(ဂ) မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုး၊ သူငယ်ချင်း မိတ်ဆွေများနှင့်လည်းကောင်း၊ ရှေ့နေ၊ ဥပဒေအကြံပေးနှင့်လည်းကောင်း လွတ်လပ်စွာ တွေ့ဆုံခွင့်ပြုရမည်။ ယင်းတို့နှင့် ကလေးသူငယ်အကြား စာရေးသားဆက်သွယ်မှုနှင့် အခြားဆက်သွယ်ပြောဆိုမှုများကို လျှို့ဝှက်ထားရှိရမည်။

(ဃ) တည်ဆဲ ဥပဒေတစ်ရပ်ရပ်အရ တားမြစ်ပစ္စည်းများမှအပ ကလေးသူငယ်ထံ ပေးပို့သည့် အစားအသောက်နှင့် သတ်မှတ်ထားသော ပစ္စည်းများပေးပို့ခြင်းကို လက်ခံခွင့်ပြုရမည်။

(င) အလုပ်ကြမ်း ခိုင်းစေခြင်း သို့မဟုတ် အကျဉ်းဦးစီးဌာန၏ ကွပ်ကဲမှုအောက်ရှိ သတ်မှတ်ထားသော စခန်းသို့ ပို့လွှတ်ခြင်း မပြုရ။

(စ) ကလေးသူငယ်အား ကျန်းမာရေးစစ်ဆေးခြင်းကို မဖြစ်မနေပုံမှန်ပြုလုပ်ပေးပြီး လိုအပ်ပါက ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးရန် စီစဉ်ဆောင်ရွက်ပေးရမည်။

(ဆ) ကလေးသူငယ်၏ အကျင့်စာရိတ္တကို ပြုပြင်ပြောင်းလဲပြီး လူ့အဖွဲ့အစည်းတွင် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးကို အထောက်အကူပြုမည့် သင်တန်းပို့ချခြင်း၊ ပညာသင်ကြားပေးခြင်းနှင့် အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်ကြားပေးခြင်းတို့ပြုရမည်။

(ဇ) တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်အညီ ထောင်ဒဏ်မှ လျှော့ရက်ခံစားခွင့်ပေးရမည်။

၉၄။ အကျဉ်းထောင် တာဝန်ခံအရာရှိသည် -

(က) ကိုယ်ဝန်ဆောင် အမျိုးသမီးအကျဉ်းသားအား ကျန်းမာရေးစောင့်ရှောက်မှုပေးရေး၊ အကျဉ်းထောင်ပြင်ပဆေးရုံတစ်ခုခုတွင်သာ မီးဖွားနိုင်ရေး၊ မိခင်နှင့်ကလေး ပြုစုစောင့်ရှောက်ရေးတို့အတွက် အတတ်နိုင်ဆုံး စီစဉ်ဆောင်ရွက်ပေးရမည်။ အကယ်၍ အကျဉ်းထောင်အတွင်း မွေးဖွားရသည်ဆိုပါက အကျဉ်းထောင်အတွင်း မွေးဖွားကြောင်းကို ကလေး၏မွေးစာရင်းတွင် ဖော်ပြခြင်း မပြုရ။

(ခ) မိခင်အကျဉ်းသား၏ ကလေးသူငယ်ကို အကျဉ်းထောင်ပြင်ပတွင် အုပ်ထိန်းမည့်သူ သို့မဟုတ် ပြုစုစောင့်ရှောက်မည့်သူ မရှိလျှင်ဖြစ်စေ၊ အကျဉ်းထောင်တွင် ကလေးမွေးဖွားလျှင်ဖြစ်စေ မိခင်က ဆန္ဒရှိလျှင် ကလေးသူငယ် အသက် ၄ နှစ်ပြည့်သည်အထိ အကျဉ်းထောင်တွင် မိခင်နှင့်အတူ နေထိုင်ခွင့်ပြုရမည်။ အကယ်၍ ထိုကလေးသူငယ်ကို မိခင်က ဆန္ဒရှိပါက အသက် ၆ နှစ်ပြည့်သည်အထိ အကျဉ်းထောင်တွင် မိခင်နှင့်အတူ ဆက်လက်နေထိုင်ခွင့်ပြုနိုင်သည်။

(ဂ) အကျဉ်းထောင်တွင် မိခင်အကျဉ်းသားနှင့် အတူနေထိုင်သော ကလေးသူငယ်အတွက် အစားအသောက်နှင့် စားဝတ်နေရေး၊ ကျန်းမာရေးပြုစုစောင့်ရှောက်မှုတို့ ဖြည့်ဆည်းပေးရန် တာဝန်ယူရမည်။ ထို့အပြင် ရှေးဦးအရွယ်ကလေးသူငယ်များအတွက် နေ့ကလေးထိန်းဌာနနှင့် မူလတန်းကြိုကျောင်းများကို ဖွင့်လှစ်သင်ကြားနိုင်ရေးနှင့် အားကစားနှင့် ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ရမည်။

(ဃ) မိခင်အကျဉ်းသားသည် အကျဉ်းထောင်တွင် ကွယ်လွန်သည့်အခါ အတူနေ ကလေးသူငယ်တစ်ဦးဦး ကျန်ရစ်ခဲ့လျှင်သော်လည်းကောင်း၊ မိခင်အကျဉ်းသားနှင့် အတူနေထိုင်သော ကလေးသူငယ်သည် အသက် ၆ နှစ် ပြည့်လျှင်သော်လည်းကောင်း၊ ကလေးသူငယ်ကို ပြုစုစောင့်ရှောက်ရန်နှင့် အုပ်ထိန်းရန်အတွက် အစီအစဉ်များပြုလုပ်ရန်အလို့ငှာ လူမှုဝန်ထမ်းဦးစီးဌာနသို့ ဆောလျင်စွာ အကြောင်းကြားရမည်။

(င) ပညာတစ်ပိုင်းတစ်စနှင့် ကျောင်းနေကလေးသူငယ်များ အကျဉ်းထောင်အတွင်း အတန်းပညာဆက်လက်သင်ကြားနိုင်ရေးနှင့် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးရေးအတွက်လည်းကောင်း၊ အားကစားနှင့် ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်နိုင်ရေးအတွက်လည်းကောင်း သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းစီစဉ် ဆောင်ရွက်ရမည်။

၉၅။ လူမှုဝန်ထမ်းဦးစီးဌာနသည် ပုဒ်မ ၉၄၊ ပုဒ်မခွဲ (ဃ) တွင် ဖော်ပြထားသော ကလေးသူငယ်အား အုပ်ထိန်း၍ ပြုစုစောင့်ရှောက်ပေးမည့် ဆွေမျိုးသားချင်းများထံ အပ်နှံရမည်။ အကယ်၍ ဆွေမျိုးသားချင်း မရှိလျှင် ဤဥပဒေနှင့်အညီ သင့်လျော်သော ပြုစုစောင့်ရှောက်သူထံသို့ဖြစ်စေ၊ အခြားနည်းဖြင့် ပြုစုစောင့်ရှောက်ခြင်း လုပ်ငန်းစဉ်ဖြင့်ဖြစ်စေ အပ်နှံစေနိုင်သည်။

## အခန်း (၂၅)

## ပြစ်မှုကျူးလွန်ခြင်းခံရသော ကလေးသူငယ်များနှင့် ကလေးသူငယ်သက်သေများအား အကူအညီနှင့် အကာအကွယ်ပေးခြင်း

၉၆။ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးရာတွင်ဖြစ်စေ၊ ကလေးသူငယ်တရားရုံးရှေ့မှောက်တွင်ဖြစ်စေ၊ တရားရုံးတစ်ခုခုတွင်ဖြစ်စေ ပြစ်မှုကျူးလွန်ခြင်းခံရသော ကလေးသူငယ်များ၊ သက်သေအဖြစ် ထွက်ဆိုသော ကလေးသူငယ်များနှင့်ပတ်သက်၍ -

(က) ထိုကလေးသူငယ်များသည် ဤဥပဒေပါ အခွင့်အရေးများအပြင် အောက်ပါအခွင့်အရေးများကို ခံစားခွင့်ရှိသည် -

(၁) တစ်ဦးချင်းလွတ်လပ်လုံခြုံမှုကို ကာကွယ်စောင့်ရှောက်မှုရရှိခွင့်၊

(၂) ကလေးသူငယ်နှင့် သင့်လျော်သော ပတ်ဝန်းကျင်တွင် တွေ့ဆုံမေးမြန်းပြီး သက်သေအဖြစ် ထွက်ဆိုခွင့်၊

(၃) မည်သည့်မှုခင်းကိုမဆို နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ ကြားနာစစ်ဆေးပေးမှု ခံယူရရှိခွင့်၊

(၄) အလေးဂရုပြုမှုဖြင့် ဆက်ဆံမှုရရှိခွင့်၊ အသက်အရွယ်နှင့် သင့်လျော်သော ရိုးရှင်းသည့်စကားအသုံးအနှုန်းဖြင့် မေးခွန်းများ မေးမြန်းဖြေကြားခွင့်၊

(၅) ကိုယ်တိုင် ထွက်ဆိုနိုင်ခြင်းမရှိသော မသန်စွမ်းကလေးသူငယ်အတွက် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူက နှုတ်ဖြင့်ဖြစ်စေ၊ လက်သင်္ကေတပြဘာသာစကားဖြင့်ဖြစ်စေ၊ အခြားနားလည်လွယ်သည့် အမူအရာဖြင့်ဖြစ်စေ ကိုယ်စားပါဝင်ဆောင်ရွက်နိုင်ခွင့်။

(ခ) ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့နှင့် အခြားအကူအညီများ ရရှိရေးအတွက် သတင်းအချက်အလက်များကို မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုး၊ မိတ်ဆွေ သို့မဟုတ် ကူညီစောင့်ရှောက်သူထံ ကူညီဖြည့်ဆည်းပေးပိုင်ခွင့် ရရှိစေရမည်။

(ဂ) ကလေးသူငယ်များအား စစ်ဆေးရာတွင် -

(၁) ကျမ်းသစ္စာကျိန်ဆိုခြင်း မပြုစေဘဲ မှန်ကန်စွာ ထွက်ဆိုပါမည်ဟု ကတိသစ္စာ ပြုစေပြီးစစ်မေးရမည်။

(၂) ရှုပ်ထွေးသော မေးခွန်း၊ တစ်ဆက်တည်း မေးခွန်းနှင့် မလိုအပ်ဘဲ ထပ်ဆင့်မေးခွန်းများ မေးမြန်းခြင်း မပြုရ။

(၃) သက်သေခံအက်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ မိမိသက်သေအား အဓိကစစ်မေးခြင်းနှင့် အခြားတစ်ဖက်မှ ပြန်လှန်စစ်မေးပြီးနောက် ပြန်လည်စစ်မေးခြင်းပြုရာတွင်လည်းကောင်း၊ အခြားတစ်ဖက်မှ အမှုသည်၊ မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုး၊ ကူညီသူ သို့မဟုတ် ရှေ့နေက ပြန်လှန်စစ်မေးခြင်းပြုရာတွင်လည်းကောင်း နိမိတ်ပြမေးခွန်းကို မေးမြန်းခြင်း မပြုရ။

(ဃ) မည်သူမျှ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသောကလေးသူငယ် သို့မဟုတ် မှုခင်းတွင်သက်သေအဖြစ်ပါဝင်နေသော ကလေးသူငယ်သည် မည်သူမည်ဝါဖြစ်ကြောင်းနှင့် မှုခင်းသတင်းအချက်အလက်များ ရယူခြင်း၊ ထည့်သွင်းခြင်းနှင့် ကြော်ငြာခြင်း၊ ကလေးသူငယ်ကို ဓာတ်ပုံရိုက်ခြင်း၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့် စာအုပ်စာတမ်းများတွင် ထည့်သွင်းခြင်း၊ ဖြန့်ချိခြင်း၊ အသုံးပြုခြင်းမပြုရ သို့မဟုတ် ရေဒီယို၊ ရုပ်မြင်သံကြားနှင့် လူမှုဆက်သွယ်ရေးနည်းလမ်းများတွင် ထုတ်လွှင့်ခြင်း မပြုရ။

(င) ပြစ်မှုကျူးလွန်ခြင်းခံရသော ကလေးသူငယ်များ၊ သက်သေအဖြစ် ထွက်ဆိုသော ကလေးသူငယ်များနှင့် ဆက်နွှယ်ပတ်သက်သူများသည် ကလေးသူငယ်မှုခင်းကိစ္စကို ထုတ်ဖော်ခြင်းမပြုဘဲ လျှို့ဝှက်ထားရှိရမည်။

၉၇။ ဝန်ကြီးဌာနသည် ပြစ်မှုကျူးလွန်ခြင်းခံရသောကလေးသူငယ်၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုများကို ပြန်လည်ကုစားပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်း အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

## အခန်း (၂၆)
## အယူခံခြင်း

၉၈။ (က) မွေးစားခြင်းမှတ်ပုံတင်လူမှုဝန်ထမ်းအရာရှိက ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က) အရ ကလေးသူငယ်အား မွေးစားခြင်းကို မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း လူမှုဝန်ထမ်းဦးစီးဌာနသို့ အယူခံနိုင်သည်။

(ခ) လူမှုဝန်ထမ်းဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ အယူခံမှုကို စိစစ်ပြီး သက်ဆိုင်ရာ မွေးစားခြင်း မှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည် ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

၉၉။ (က) လူမှုဝန်ထမ်းဦးစီးဌာနက ချမှတ်သော အောက်ပါ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံဝင်နိုင်သည် -

(၁) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ခ) အရ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးရန် ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်၊

(၂) ပုဒ်မ ၁၇ အရ ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်၊

(၃) ပုဒ်မ ၃၁ အရ မွေးစားမိဘက မွေးစားခြင်းဆိုင်ရာ တာဝန်ကို လိုက်နာရန် ပျက်ကွက်မှု သို့မဟုတ် စည်းကမ်းချက် သို့မဟုတ် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်မှုအတွက် ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်၊

(၄) ပုဒ်မ ၉၈၊ ပုဒ်မခွဲ (ခ) အရ ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်။

(ခ) ဝန်ကြီးဌာနသည် ပုဒ်မခွဲ (က) အရ အယူခံမှုကို စိစစ်ပြီး လူမှုဝန်ထမ်းဦးစီးဌာနက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။

(ဂ) ဝန်ကြီးဌာန၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း (၂၇)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၁၀၀။ (က) မည်သူမဆို ကလေးသူငယ်အား အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်လမှ အများဆုံး ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် တစ်သိန်းမှ အများဆုံး ကျပ် သုံးသိန်းအထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(၁) အရက်၊ ဘီယာ ဝယ်ခိုင်းခြင်း၊ ရောင်းချခြင်း၊ သောက်ရန် တိုက်တွန်းခြင်း သို့မဟုတ် သောက်ရန် ခွင့်ပြုခြင်း၊

(၂) မိဘဆွေမျိုးမပါဘဲ ကပွဲ (dayclub၊ nightclub)၊ ကာရာအိုကေ သို့မဟုတ် အနှိပ်ခန်းတွင် ဝင်ရောက်ခွင့်ပြုခြင်း၊

(၃) စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊

(၄) ရိုက်နှက် ပြစ်ဒဏ်ပေးခြင်း၊

(၅) ရုပ်ပိုင်းဆိုင်ရာ နှိပ်ကွပ်အနိုင်ကျင့်ခြင်း။

(ခ) မည်သူမဆို အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး နှစ်လမှ အများဆုံး ကိုးလအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် နှစ်သိန်းမှ အများဆုံး ကျပ် လေးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်-

(၁) ကလေးသူငယ်အား လောင်းကစားရန် သွေးဆောင်ခြင်း၊ တိုက်တွန်းခြင်း သို့မဟုတ် အားပေး ကူညီခြင်း၊

(၂) ကလေးသူငယ်ထံမှ ပစ္စည်းတစ်စုံတစ်ရာကို အပေါင်ခံခြင်း၊ ကလေးသူငယ်က ပစ္စည်းပေါင်နှံသည်ကို အားပေးကူညီခြင်း၊

(၃) ကောင်းသော အသက်မွေးဝမ်းကျောင်းအဖြစ်ဖြင့် စျေးရောင်းသူ ကလေးသူငယ်ထံမှ ပစ္စည်းကို ဝယ်ယူခြင်းမှတစ်ပါး ကလေးသူငယ် ရောင်းချသည့် ပစ္စည်းတစ်ခုခုကို ဝယ်ယူခြင်း။

(ဂ) မည်သူမဆို အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးလမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် သုံးသိန်းမှ အများဆုံး ကျပ် ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည် -

(၁) ကလေးသူငယ်အား သင်တန်းကျောင်း၊ ပရဟိတဂေဟာ၊ ယာယီစောင့်ရှောက်ရေးဂေဟာ၊ မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် ပြုစုစောင့်ရှောက်သူထံမှ ထွက်ပြေးလွတ်မြောက်ရန် သွေးဆောင်ခြင်း၊ အကူအညီပေးခြင်း၊ ထွက်ပြေးလွတ်မြောက်လာသည့် ကလေးသူငယ်ဖြစ်သည်ကို သိလျက်နှင့် လက်ခံခြင်း၊ ဝှက်ထားခြင်း သို့မဟုတ် မူလနေရာသို့ ပြန်မသွားရန် တားဆီးပိတ်ပင်ခြင်း၊

(၂) ကလေးသူငယ်၏ လိင်ပိုင်းဆိုင်ရာနှင့်စပ်လျဉ်းသည့် ခန္ဓာကိုယ် အစိတ်အပိုင်းအား ထိတွေ့ပွတ်သပ်ကိုင်တွယ်ခြင်း။

၁၀၁။ (က) မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး လေးလ မှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် လေးသိန်းမှ အများဆုံး ကျပ် ခြောက်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည် -

(၁) တည်ထောင်ခွင့်ပြုမိန့်မရှိဘဲ ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေးဂေဟာ တစ်ခုခုကို တည်ထောင်ဖွင့်လှစ်ခြင်း၊

(၂) ပုဒ်မ ၉၆၊ ပုဒ်မခွဲ (ဃ) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ခြင်း။

(ခ) မည်သူမဆို ကလေးသူငယ်အား အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ငါးလမှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ငါးသိန်းမှ အများဆုံး ကျပ် တစ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည် -

(၁) အရက်၊ ဘီယာ အရောင်းအဝယ်ပြုလုပ်သောလုပ်ငန်းတွင် အလုပ်လုပ်ကိုင်ရန် ခန့်အပ်ခြင်း၊ ခိုင်းစေခြင်း သို့မဟုတ် ခွင့်ပြုခြင်း၊

(၂) လိင်ပိုင်းဆိုင်ရာလုပ်ငန်းနှင့်ဆက်စပ်သည့် ကပွဲ (dayclub၊ nightclub)၊ ကာရာအိုကေ၊ အနှိပ်ခန်းစသည့် နေရာတစ်ခုခုတွင် အလုပ်လုပ်ရန် ခိုင်းစေခြင်း၊ အလုပ်လုပ်သည်ကို ခွင့်ပြုခြင်း။

၁၀၂။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ခြောက်သိန်းမှ အများဆုံး ကျပ် ၁၂ သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည် -

(က) မိမိအုပ်ထိန်းမှုအောက်ရှိ ကလေးသူငယ်တောင်းရမ်းနေသည်ကို တားမြစ်ရန် ပျက်ကွက်ခြင်း၊

(ခ) ကလေးသူငယ်အား တောင်းရမ်းစေခြင်း၊

(ဂ) မိမိတောင်းရမ်းရာတွင် ကလေးသူငယ်ကို အသုံးပြုခြင်း။

၁၀၃။ (က) မည်သူမဆို ကလေးသူငယ်အား အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ရှစ်လမှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ် ရှစ်သိန်းမှ အများဆုံး ကျပ် ၁၆ သိန်းအထိ ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(၁) မသန်စွမ်းကလေးသူငယ်အား နိုင်ထက်စီးနင်း အကြမ်းဖက်ခြင်း၊ အလွဲသုံးခြင်း၊ ခေါင်းပုံဖြတ်ခြင်း သို့မဟုတ် ခွဲခြားဆက်ဆံခြင်း၊

(၂) ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ဂုဏ်သိက္ခာဆိုင်ရာ ထိခိုက်မှုဖြစ်စေသော အလုပ်လုပ်ရန် ခိုင်းစေခြင်း၊

(၃) ဘေးအန္တရာယ်ရှိသော အလုပ်ကိုဖြစ်စေ၊ ကျန်းမာရေး ထိခိုက်စေသော အလုပ်ကိုဖြစ်စေ ခိုင်းစေခြင်း သို့မဟုတ် လုပ်ကိုင်ရန် ခွင့်ပြုခြင်း၊

(၄) အဓမ္မအလုပ်ခိုင်းစေခြင်း သို့မဟုတ် အဓမ္မ ဝန်ဆောင်မှုပေးစေခြင်း၊

(၅) နှိပ်စက်ညှဉ်းပန်းမှု၊ ရက်စက်ကြမ်းကြုတ်မှု၊ လူမဆန်သော သို့မဟုတ် ဂုဏ်သိက္ခာ ကျဆင်းစေသော နှိမ့်ချပြုမူဆက်ဆံမှုတို့ ပြုကျင့်ခြင်း။

(ခ) မည်သူမဆို ကလေးသူငယ်အား လက်နက်ကိုင်ပဋိပက္ခအတွင်း အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး ခြောက်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ် ကိုးသိန်းမှ အများဆုံး ကျပ် ၁၈ သိန်းအထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်-

(၁) ရိက္ခာ၊ လက်နက် သို့မဟုတ် ပစ္စည်းများ သယ်ယူခိုင်းခြင်း စသည့် ပံ့ပိုးရေးလုပ်ငန်းများတွင် အသုံးပြုခြင်း၊ လမ်းပြခိုင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် အသုံးပြုခြင်း၊

(၂) စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း။

၁၀၄။ မည်သူမဆို -

(က) ပုဒ်မ ၆၃၊ ပုဒ်မခွဲ (က) အား စနစ်တကျ စိစစ်ရန် ပျက်ကွက်မှုကြောင့် ကျူးလွန်ခြင်းဖြစ်ပါက နှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ချမှတ်နိုင်သည်။ တမင်ရည်ရွယ်၍ ကျူးလွန်ခြင်းဖြစ်ပါက ငါးနှစ်အထိ ထောင်ဒဏ် ချမှတ်နိုင်သည်။

(ခ) ပုဒ်မ ၆၄၊ ပုဒ်မခွဲ (က) ပါ ပြစ်မှုကို ကျူးလွန်ပါက ငါးနှစ်အထိ ထောင်ဒဏ် ချမှတ်နိုင်သည်။

(ဂ) ပုဒ်မ ၆၃၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၆၄၊ ပုဒ်မခွဲ (ခ) ပါ ပြစ်မှုတို့ကို ကျူးလွန်ပါက တစ်ဆယ်နှစ်အထိ ထောင်ဒဏ်ချမှတ်နိုင်သည်။

၁၀၅။ (က) မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး ခုနစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ် တစ်ဆယ်သိန်းမှ အများဆုံး ကျပ် သိန်း ၂၀ အထိ ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(၁) မိမိ၏ အုပ်ထိန်းမှုအောက်ရှိ ကလေးသူငယ်အား ပြည့်တန်ဆာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူနှင့် အတူနေစေရန် ခွင့်ပြုခြင်း၊

(၂) မိမိ၏အုပ်ထိန်းမှုအောက်ရှိ ကလေးသူငယ်သည် ပြည့်တန်ဆာအဖြစ် အသက်မွေးဝမ်းကျောင်းပြုနေသည်ကို သိလျက်နှင့် တမင်လျစ်လျူရှုခြင်း၊

(၃) ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ၊ ကိုယ်ကာယအလှပြင်ခန်း သို့မဟုတ် စားသောက်ဆိုင်တွင် ကလေးသူငယ်အား ပြည့်တန်ဆာကိစ္စအလို့ငှာ ပေါင်းသင်းဆက်ဆံရန် ခိုင်းစေခြင်း သို့မဟုတ် ခွင့်ပြုခြင်း၊

(၄) ကလေးသူငယ် ညစ်ညမ်းပုံ ပြုလုပ်ဖြန့်ဖြူးခြင်း သို့မဟုတ် ယင်းကိစ္စအလို့ငှာ ကမ်းလှမ်းခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း၊ ပြည်ပမှ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်း၊

(၅) အတင်းအကျပ် လက်ထပ်ခြင်း သို့မဟုတ် လက်ထပ်စေခြင်း။

(ခ) မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး နှစ်နှစ်မှ အများဆုံး တစ်ဆယ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ် ၁၂ သိန်းမှ အများဆုံး ကျပ် ၁၅ သိန်းအထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်-

(၁) ကလေးသူငယ်ကို ပြည့်တန်ဆာ ပြုလုပ်ခိုင်းစေခြင်း၊

(၂) ကလေးသူငယ်အား ပြည့်တန်ဆာအဖြစ် ခိုင်းစေ၍ ရာဖွေရရှိသည့် အကျိုးစီးပွားကို မှီခို၍ အသက်မွေးခြင်း၊

(၃) လိင်ပိုင်းဆိုင်ရာ အလွဲသုံးခြင်း သို့မဟုတ် ခေါင်းပုံဖြတ်ခြင်းပြုရန် ကလေးသူငယ်ကို အသုံးပြုခြင်း၊ ငွေ သို့မဟုတ် ပစ္စည်းကိုပေး၍ ခေါ်ယူခြင်း၊ ဖြားယောင်းသွေးဆောင်ခြင်း သို့မဟုတ် ကမ်းလှမ်းခြင်း။

၁၀၆။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်ဆယ်နှစ်မှ အများဆုံး နှစ် ၂၀ အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ် သိန်း ၅၀ မှ အများဆုံး ကျပ် သိန်း ၁၀၀ အထိ ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(က) ကလေးသူငယ်ကို ရောင်းချခြင်း၊

(ခ) ကလေးသူငယ်၏ ကိုယ်ခန္ဓာအစိတ်အပိုင်းအား ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင် ထုတ်ယူဖယ်ရှားခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် သိလျက်နှင့် အစားထိုးပေးခြင်း။

၁၀၇။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ရမည်။

၁၀၈။ ဤဥပဒေတွင် ပြစ်ဒဏ်သီးခြားသတ်မှတ်ထားခြင်းမရှိသော ခေါင်းပုံဖြတ်ခြင်း အပါအဝင် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ် သို့မဟုတ် တားမြစ်ချက်တစ်ရပ်ရပ်အတွက် သက်ဆိုင်ရာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူအပြစ်ပေးခြင်းခံရမည်။

၁၀၉။ သက်ဆိုင်ရာ တရားရုံးသည် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်သည့်အခါ ပြဋ္ဌာန်းထားသော ပြစ်ဒဏ်ကို ချမှတ်ရမည့်အပြင် တရားမျှတမှုအလို့ငှာ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူက ပြစ်မှုကျူးလွန်ခြင်းခံရပြီး ထိခိုက်နစ်နာသော ကလေးသူငယ်အား သင့်လျော်သည့် လျော်ကြေးပေးလျော်စေရန် အမိန့်ချမှတ်နိုင်သည်။

## အခန်း (၂၈)
## ရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲသုံးစွဲခြင်း

၁၁၀။ အမျိုးသားကော်မတီသည် -

(က) ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားအတွက် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေကို အောက်ပါ ရငွေများဖြင့် ထူထောင်နိုင်သည် -

(၁) ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်မှ ထည့်ဝင်သည့် မတည်ငွေနှင့် နှစ်စဉ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေဖြင့် ထောက်ပံ့ငွေ၊

(၂) ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများ၊

(၃) စုဆောင်းငွေမှ ရရှိသည့် အတိုးငွေများ။

(ခ) သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် ရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းပြီး ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း ပြုစေရမည်။

(ဂ) ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စာရင်းပြုစုခြင်း၊ စစ်ဆေးခြင်းတို့နှင့်စပ်လျဉ်း၍ လိုအပ်သော ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲ၍ ယင်းစည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင့်သုံးဆောင်ရွက်ရမည်။ ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးသူ၏ စစ်ဆေးခြင်းကို ခံယူရမည်။

## အခန်း (၂၉)

## ကူးပြောင်းကာလ ယာယီ ပြဋ္ဌာန်းချက်များ

၁၁၁။ ဤဥပဒေ ပြဋ္ဌာန်းသည့်နေ့မတိုင်မီ ကလေးသူငယ်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ ဥပဒေအမှတ် ၉/၉၃) အရ ကလေးသူငယ်ကိုဖြစ်စေ၊ လူငယ်ကိုဖြစ်စေ အရေးယူခဲ့သော သို့မဟုတ် စစ်ဆေးစီရင်ခဲ့သော ပြစ်မှုနှင့်စပ်လျဉ်း၍-

(က) အသက် ၁၀ နှစ် မပြည့်သေးသော ကလေးသူငယ်အား ချမှတ်သည့် ပြစ်ဒဏ်များ သို့မဟုတ် ဆုံးဖြတ်ချက်များသည် ပျက်ပြယ်စေရမည်။

(ခ) သင်တန်းကျောင်း၊ ပရဟိတဂေဟာ၊ ယာယီစောင့်ရှောက်ရေးဂေဟာတွင်ဖြစ်စေ၊ အကျဉ်းထောင် တွင်ဖြစ်စေ ထိန်းသိမ်းခြင်းခံနေရသော အသက် ၁၀ နှစ် အောက်ရှိသော ကလေးသူငယ်များကို မိဘ၊ အုပ်ထိန်းသူ၊ ပြုစုစောင့်ရှောက်သူ သို့မဟုတ် လူမှုဝန်ထမ်းအရာရှိ၏ ပြုစုစောင့်ရှောက်မှုသို့ ဆောလျင်နိုင်သမျှ ဆောလျင်စွာ လွှဲပြောင်းပေးရမည်။

၁၁၂။ ဤဥပဒေ ပြဋ္ဌာန်းသည့်နေ့မတိုင်မီ ကလေးသူငယ်က ကျူးလွန်ခဲ့သည့် ပြစ်မှုများနှင့်စပ်လျဉ်း၍-

(က) ပြစ်မှုကြောင်းအရ အရေးယူခြင်းမှ ကင်းလွတ်ခွင့်ပြုခဲ့သည့် ကလေးသူငယ်ဥပဒေ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၉/၉၃) ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က) နှင့် (ခ) ကို ဤဥပဒေပုဒ်မ ၇၈၊ ပုဒ်မခွဲ (က) နှင့် (ခ) ဖြင့် အစားထိုးပြီးဖြစ်သကဲ့သို့ မှတ်ယူ၍ ဆက်လက် စစ်ဆေးစီရင်ရမည်။

(ခ) အသက် ၁၀ နှစ် မပြည့်သေးသော ကလေးသူငယ်က ကျူးလွန်ခဲ့သည့် မပြီးပြတ်သေးသော ပြစ်မှုများကို မည်သည့်အဆင့်တွင် ရှိစေကာမူ ပိတ်သိမ်းရမည်။

(ဂ) အသက် ၁၆ နှစ် ပြည့်ပြီး အသက် ၁၈ နှစ် မပြည့်သေးသော လူငယ်က ကျူးလွန်ခဲ့သည့် မပြီးပြတ်သေးသောပြစ်မှုများကို ဤဥပဒေအရ ကလေးသူငယ်က ကျူးလွန်ခဲ့သည်ဟုမှတ်ယူပြီး ကလေးသူငယ်တရားရုံးများက ဆက်လက်စစ်ဆေးစီရင်ရမည်။

## အခန်း (၃၀)

## အထွေထွေ

၁၁၃။ (က) ကလေးသူငယ်၏ အသက်နှင့်စပ်လျဉ်းသည့် အထောက်အထားကို အောက်ပါအစီအစဉ် အတိုင်း ဦးစားပေး စိစစ်ရမည် -

(၁) မွေးစာရင်း၊

(၂) ကျောင်းဝင်မှတ်ပုံတင်စာရင်း ကောက်နုတ်ချက် မိတ္တူမှန်၊

(၃) နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် ပြည်တွင်းတွင် အမြဲတမ်းနေထိုင်သော နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်၊

(၄) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသော သက်ဆိုင်ရာ ဆရာဝန်၏ ဆေးထောက်ခံချက်၊

(၅) အိမ်ထောင်စုစာရင်း၊

(၆) ပုဒ်မခွဲငယ် (၁) မှ (၅) အထိ သတ်မှတ်ထားသော အထောက်အထားများ မရရှိပါက အခြားခိုင်လုံသော အထောက်အထား စာတမ်းအမှတ်အသားတစ်ခုခု။

(ခ) ကလေးသူငယ်၏ အသက်နှင့်စပ်လျဉ်း၍ မွေးဖွားသည့် ခုနှစ်နှင့် လအတွက်သာ ဖော်ပြနိုင်လျှင် မွေးရက်ကို ယင်းလ ၁၆ ရက်နေ့ဟုလည်းကောင်း၊ မွေးဖွားသည့်ခုနှစ်သာ ဖော်ပြနိုင်လျှင် မွေးလနှင့် နေ့ရက်ကို ထိုနှစ်၏ ဇူလိုင်လ ၁ ရက်နေ့ဟုလည်းကောင်း သတ်မှတ်နိုင်သည်။

၁၁၄။ မည်သူမဆို ကလေးသူငယ်ကို မုဒိမ်းမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ရာဇသတ်ကြီးအရ အရေးယူအပြစ်ပေးရမည်။

၁၁၅။ ဤဥပဒေတွင် ကလေးသူငယ်မှုခင်းများကို စုံစမ်းစစ်ဆေးခြင်း၊ ကလေးသူငယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခြင်း၊ စစ်ဆေးစီရင်ခြင်းနှင့်စပ်လျဉ်း၍ သီးခြားပြဋ္ဌာန်းချက် မပါရှိလျှင် ရာဇဝတ်ကျင့်ထုံး ဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

၁၁၆။ ကလေးသူငယ်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၉/၉၃) အရ-

(က) လူမှုဝန်ထမ်းဦးစီးဌာနက တည်ထောင်ထားသော သင်တန်းကျောင်းနှင့် ယာယီစောင့်ရှောက်ရေး ဂေဟာတို့သည် ဤဥပဒေအရ တည်ထောင်သော သင်တန်းကျောင်း၊ ပရဟိတဂေဟာနှင့် ယာယီ စောင့်ရှောက်ရေးဂေဟာများ ဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) စေတနာ့ဝန်ထမ်း ပုဂ္ဂိုလ်နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက လူမှုဝန်ထမ်းဦးစီးဌာနတွင် မှတ်ပုံတင်၍ တည်ထောင်ထားသည့် ပရဟိတဂေဟာများသည် မှတ်ပုံတင်သက်တမ်း တည်ရှိနေသည့်ကာလအတွင်း ဤဥပဒေအရ တည်ထောင်ခွင့်ပြုမိန့်ဖြင့် တည်ထောင်သည့် ပရဟိတ ဂေဟာများဖြစ်သည်ဟု မှတ်ယူရမည်။ ထိုမှတ်ပုံတင် သက်တမ်းကုန်ဆုံးသည့်အခါ ဤဥပဒေနှင့် အညီ တည်ထောင်ခွင့်ပြုမိန့်လျှောက်ထားရယူရမည်။

၁၁၇။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်။

၁၁၈။ ကလေးသူငယ်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၉/၉၃) အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၁၁၉။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူအား ဤဥပဒေဖြင့်သာ အရေးယူဆောင်ရွက်ရမည်။

၁၂၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) အမျိုးသားကော်မတီ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) သက်ဆိုင်ရာ ဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၂၁။ ကလေးသူငယ်ဥပဒေ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၉/၉၃) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၅/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်)

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသော **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေ (မူကြမ်း)

**(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်　။)**

၁၃၈၁ ခုနှစ်၊　　လ　ရက်

(၂၀၁၉ ခုနှစ်၊　　လ　ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။　ဤဥပဒေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။　ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **အစိုးရအဖွဲ့**ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **ဝန်ကြီး**ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဥက္ကဋ္ဌ**ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကို ဆိုသည်။

(င) **လွှတ်တော်**ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကို ဆိုသည်။

(စ) **လွှတ်တော်ကိုယ်စားလှယ်**ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ကို ဆိုသည်။

(ဆ) **ကော်မတီ သို့မဟုတ် အဖွဲ့**ဆိုသည်မှာ နှစ်စဉ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ကိစ္စရပ်များကို စိစစ်ရန် လွှတ်တော်က ဖွဲ့စည်းထားသော ကော်မတီ သို့မဟုတ် အဖွဲ့ကို ဆိုသည်။

## အခန်း (၂)

## နှစ်စဉ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်ကို တင်သွင်းခြင်းနှင့် စိစစ်အကြံပြုခြင်း

၃။ အစိုးရအဖွဲ့သည် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် နိုင်ငံတော်၏ မူဝါဒ၊ ဗျူဟာလုပ်ငန်းစဉ်များနှင့် အညီ ဘဏ္ဍာရေးကော်မရှင်က ချမှတ်ထားသော မူဘောင်အတွင်းမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနက ရေးဆွဲပြုစုပေးသော နှစ်စဉ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်ကို လွှတ်တော်သို့ နှစ်စဉ် **မတ်လ ၇ ရက်နေ့ နောက်ဆုံးထား၍** တင်သွင်းရမည်။

၄။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ သို့မဟုတ် အဖွဲ့များက ပုဒ်မ ၃ ပါ နှစ်စဉ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်များကို စိစစ်ပြီးပါက ငွေကြေးဆိုင်ရာ သုံးသပ်ချက်နှင့် ဥပဒေဆိုင်ရာ သုံးသပ်ချက်တို့ကို လွှတ်တော်သို့ တင်ပြစေရမည်။

၅။ လွှတ်တော်သည် ပုဒ်မ ၄ ပါ ကော်မတီ သို့မဟုတ် အဖွဲ့များ၏ တင်ပြချက်များ၊ လွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးပြီး အဆုံးအဖြတ် ရယူထားသော လျာထားချက်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံသို့ ပြန်လည်ပေးပို့ရမည်။

### လျာထားချက်တင်သွင်းစဉ် ပူးတွဲပါရှိရမည့်အချက်များ

၆။ အစိုးရအဖွဲ့သည် လွှတ်တော်သို့ နှစ်စဉ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ လျာထားချက် တင်သွင်းရာတွင် ဘဏ္ဍာရေးနှစ်အတွက် အရအသုံး ခန့်မှန်းခြေငွေစာရင်းလျာထားချက်နှင့် အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အကျဉ်းချုပ်ဇယားများအပြင် အောက်ပါစာရွက်စာတမ်းများ ပူးတွဲ တင်ပြရမည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်၊

(ခ) အစိုးရအဖွဲ့မှ တာဝန်ပေးအပ်သူ၏ ရှင်းလင်းတင်ပြချက်တွင် အောက်ပါအချက်များ ပါဝင်ရမည်-

(၁) နှစ်လတ်ဘဏ္ဍာရေး လျာထားချက်၊

(၂) မက်ခရိုစီးပွားရေးအခြေအနေဖော်ပြချက်၊

(၃) နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်းသည့် ပြည့်စုံသော ရှင်းလင်းဖော်ပြချက်များ၊

(၄) အစိုးရအဖွဲ့မှ တာဝန်ပေးအပ်သူ၏ ယခင်နှစ် ရှင်းလင်းတင်ပြချက်အပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊

(၅) ဝန်ကြီးဌာနအလိုက် ယခင်နှစ် ရည်မှန်းလျာထားချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေ၊

(၆) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ကြွေးမြီအရပ်ရပ်အခြေအနေတင်ပြချက်။

(ဂ) ပြည်သူများ လွယ်ကူရှင်းလင်းစွာ သိရှိစေနိုင်သည့် ဘတ်ဂျက်ဆိုင်ရာ အနှစ်ချုပ် ဖော်ပြချက်၊

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အစိုးရအဖွဲ့မှ ခွင့်ပြုထားသော မည်သည့် စီမံကိန်းကို မဆို စီမံကိန်းအမျိုးအစားများ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် အခွန်ရငွေစာရင်းများ။

### နှစ်လတ်ဘဏ္ဍာရေးလျာထားချက်

၇။ အစိုးရအဖွဲ့သည် နှစ်လတ်ဘဏ္ဍာရေးလျာထားချက်တင်ပြရာတွင် ယမန်နှစ်ဘဏ္ဍာရေးနှစ်၏ ရှေ့ပြေးအမှန်စာရင်း၊ လက်ရှိဘဏ္ဍာရေးနှစ်၏ ပြုပြင်ပြီးခန့်မှန်းခြေစာရင်း၊ တင်ပြသည့် ဘဏ္ဍာရေးနှစ်၏

ခန့်မှန်းခြေစာရင်း၊ ရှေ့လာမည့် ဘဏ္ဍာရေးနှစ် နှစ်နှစ်အတွက် မျှော်မှန်းချက်စာရင်းများကို လက်ရှိဘဏ္ဍာရေးနှစ်၏ ဈေးကွက်ဈေးနှုန်းများဖြင့် အောက်ပါအချက်များပါဝင်စေလျက် ဖော်ပြရမည် -

(က) ရငွေ၊

(ခ) သုံးငွေ၊

(ဂ) ဘတ်ဂျက်လိုငွေ၊

(ဃ) လိုငွေကိုဖြည့်ဆည်းခြင်း၊

(င) ကြွေးမြီလျာထားချက်။

၈။ အစိုးရအဖွဲ့သည် နှစ်လတ်ဘဏ္ဍာရေးလျာထားချက်ကို ရေးဆွဲရာတွင် ရှေ့လာမည့် ဘဏ္ဍာရေးနှစ်နှစ်နှစ်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများအတွက် လျာထားသည့် ထောက်ပံ့ငွေနှင့် ချေးငွေများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများမှ ကြိုတင်သိရှိနိုင်ရန် ထည့်သွင်းလျာထားဖော်ပြရမည်။

၉။ အစိုးရအဖွဲ့သည် နှစ်လတ်ဘဏ္ဍာရေးလျာထားချက်ကို ရှင်းလင်းတင်ပြရာတွင် ဝင်ငွေခန့်မှန်းချက်၊ အခြေခံလျာထားအသုံးစာရင်း၊ ရရှိသည့် ဘဏ္ဍာရေးအခြေအနေ၊ လုပ်ငန်းအစီအစဉ်သစ်များအတွက် လိုအပ်သော အသုံးစရိတ်တို့ကို ဖော်ပြရမည်။

**မက်ခရို စီးပွားရေးအခြေအနေဖော်ပြချက်**

၁၀။ အစိုးရအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ မက်ခရိုစီးပွားရေးအခြေအနေဖော်ပြချက်နှင့် စပ်လျဉ်း၍ တင်ပြရာတွင် အောက်ပါအချက်များကို ထည့်သွင်းဖော်ပြရမည် -

(က) စီးပွားရေးအခြေအနေနှင့်စပ်လျဉ်း၍ ခြုံငုံသုံးသပ်ခြင်း၊

(ခ) ဂျီဒီပီ (GDP) တိုးတက်မှုနှုန်း၊

(ဂ) အစိုးရအဖွဲ့၏ ဘဏ္ဍာရေးဆိုင်ရာအခြေအနေ၊

(ဃ) မက်ခရိုစီးပွားရေးအခြေအနေအလားလာများ။

## အခန်း (၃)

## နှစ်စဉ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို တင်သွင်းခြင်းနှင့် စိစစ်အတည်ပြုခြင်း

၁၁။ အစိုးရအဖွဲ့သည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှရရှိသည့် ထောက်ပံ့ငွေအပါအဝင် ရေးဆွဲထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအား နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ပြီးသည့် ရက်မှ ခုနစ်ရက်အတွင်း လွှတ်တော်သို့ တင်သွင်းရမည်။

၁၂။ လွှတ်တော် ဥက္ကဋ္ဌသည် ကော်မတီ သို့မဟုတ် အဖွဲ့များက ပုဒ်မ ၁၁ ပါ နှစ်စဉ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို စိစစ်ပြီးပါက ငွေကြေးဆိုင်ရာ သုံးသပ်ချက်နှင့် ဥပဒေဆိုင်ရာ သုံးသပ်ချက်တို့ကို လွှတ်တော်သို့ တင်ပြစေရမည်။

၁၃။ လွှတ်တော်သည် ပုဒ်မ ၁၂ ပါ ကော်မတီ သို့မဟုတ် အဖွဲ့များ၏ တင်ပြချက်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်။

**ဥပဒေကြမ်းနှင့်အတူ ပူးတွဲပါရှိရမည့်အချက်များ**

၁၄။ ပြည်ပချေးငွေနှင့် ထောက်ပံ့ငွေများကို ဝန်ကြီးဌာနအလိုက် ဖော်ပြရမည်။

၁၅။ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက ပြည်တွင်းနှင့်ပြည်ပမှ ငွေချေးယူခြင်းအတွက် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေပါအတိုင်း ဆောင်ရွက်ရမည့် အပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း တင်ပြရာတွင် ထည့်သွင်းဖော်ပြရမည်။

၁၆။ အစိုးရအဖွဲ့သည် လွှတ်တော်သို့ နှစ်စဉ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေကြမ်းကို တင်သွင်းရာတွင် အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည် -

(က) အရအသုံးခန့်မှန်းခြေငွေစာရင်း၊

(ခ) ဘဏ္ဍာရေးနှစ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်းသည့် ပြည့်စုံသော ရှင်းလင်းဖော်ပြချက်။

## အခန်း (၄)

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး လျာထားချက်နှင့် ဥပဒေကြမ်းကို တင်သွင်းခြင်း

၁၇။ အစိုးရအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး လျာထားချက်ကို တင်သွင်းရန်ရှိပါက လွှတ်တော်သို့ နှစ်စဉ် **ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ဆုံးထား၍** တင်သွင်းရမည်။

၁၈။ အစိုးရအဖွဲ့သည် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှရရှိသည့် ထောက်ပံ့ငွေအပါအဝင် နှစ်စဉ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေအား နိုင်ငံတော်သမ္မတက လက်မှတ်ထိုးထုတ်ပြန်ပြီးသည့်ရက်မှ ရုံးပိတ်ရက်မပါ သုံးရက်အတွင်း လွှတ်တော်သို့ တင်သွင်းရမည်။

**လျာထားချက်နှင့် ဥပဒေကြမ်းကို စိစစ်အကြံပြုခြင်းနှင့် အတည်ပြုခြင်း**

၁၉။ လွှတ်တော်ဥက္ကဋ္ဌသည် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးကိစ္စရပ်များကို စိစစ်ရန် ဖွဲ့စည်းထားသော ကော်မတီ သို့မဟုတ် အဖွဲ့များက ပုဒ်မ ၁၇ နှင့် ပုဒ်မ ၁၈ တို့ပါ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး လျာထားချက်နှင့် ဥပဒေကြမ်းတို့ကို စိစစ်ပြီးပါက ငွေကြေးဆိုင်ရာ သုံးသပ်ချက်နှင့် ဥပဒေဆိုင်ရာ သုံးသပ်ချက် တို့ကို လွှတ်တော်သို့ တင်ပြစေရမည်။

၂၀။ လွှတ်တော်သည် ပုဒ်မ ၁၉ ပါ ကော်မတီ သို့မဟုတ် အဖွဲ့များ၏ တင်ပြချက်များ၊ လွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေး၍ သဘောတူ အတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၅)

## အစီရင်ခံစာ တင်သွင်းခြင်း

၂၁။ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်၏ ဘဏ္ဍာရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ နှစ်ဝက်အစီရင်ခံစာကို နှစ်စဉ် **မေလ နောက်ဆုံးပတ်ထက် နောက်မကျစေဘဲ** အစိုးရအဖွဲ့၏ ကိုယ်စား သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် အစိုးရအဖွဲ့မှ တာဝန်ပေးအပ်သူဝန်ကြီးက လွှတ်တော်သို့ တင်ပြရမည်။

၂၂။ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ နှစ်ပတ်လည် အစီရင်ခံစာကို အစိုးရအဖွဲ့၏ကိုယ်စား သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် အစိုးရအဖွဲ့မှ တာဝန်ပေးအပ်သူ ဝန်ကြီးက လွှတ်တော်သို့ တင်ပြရမည်။

## အခန်း (၆)

## အထွေထွေ

၂၃။ ဤဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်)

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ အဖွဲ့ဝင် ပြောင်းလဲတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၉) နှင့် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၉) တို့ဖြင့် ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီမှ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး သန့်ဇော် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် **အစား** ဒုတိယဗိုလ်မှူးကြီး သန်းဦးလွင် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အား အဖွဲ့ဝင်အဖြစ် ပြောင်းလဲတာဝန်ပေးအပ်လိုက်သည်။

(ပုံ) တီခွန်မြတ်
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

### မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းဥပဒေ** (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃။) ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းဥပဒေ

## (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃။)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဆက်သွယ်ရေး (Telecommunications)** ဆိုသည်မှာ သတင်းအချက်အလက်တစ်ရပ်ရပ်ကို ဝါယာကြိုး၊ ဖိုင်ဘာကြိုး သို့မဟုတ် အခြားသောလျှပ်ကူးကြိုးတစ်ခုခုကို အသုံးပြု၍သော်လည်းကောင်း၊ ရေဒီယိုလှိုင်း၊ အလင်းတန်း၊ အခြားသောလျှပ်စစ်သံလိုက်ဓာတ် ထုတ်လွှတ်သည့် နည်းလမ်းတစ်ရပ်ရပ်ကို အသုံးပြု၍သော်လည်းကောင်း မူရင်းအတိုင်းဖြစ်စေ၊ ပြုပြင်၍ဖြစ်စေ ထုတ်လွှင့်ခြင်း သို့မဟုတ် ဖမ်းယူခြင်းကို ဆိုသည်။

(ဂ) **ကော်ပိုရေးရှင်း**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းကို ဆိုသည်။

(ဃ) **ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်း၊ ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းနှင့် အသုံးချဝန်ဆောင်မှုလုပ်ငန်းများအနက် လုပ်ငန်းတစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်းကို ဆိုသည်။

(င) **ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ ကွန်ရက်အထောက်အကူပြုပစ္စည်းတစ်ခုခုကို လက်ဝယ်ထားရှိပြီး ယင်းကွန်ရက်အထောက်အကူပြုပစ္စည်းကို ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိထားသူအား ငှားရမ်းခြင်း သို့မဟုတ် အဆိုပါကွန်ရက် အထောက်အကူပြုပစ္စည်းအပေါ်တွင် မိမိကိုယ်တိုင်ဝန်ဆောင်မှုပေးသည့်လုပ်ငန်းကို ဆိုသည်။

(စ) **ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ သတင်းအချက်အလက်ကို အပြန်အလှန်ပေးပို့ရေးအတွက် ဆက်သွယ်ရေးနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် အသုံးပြုသူဘက်ရှိ ကွန်ရက်နယ်နိမိတ်သက်သက်ကိုသာ ဆောင်ရွက်ပေးသည့် လုပ်ငန်းမပါဝင်။

(ဆ) **အသုံးချဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ ကွန်ရက်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ကွန်ရက်များကို အသုံးပြု၍ ဝန်ဆောင်မှုပေးသော လုပ်ငန်းတစ်ရပ်ရပ်ကို ဆိုသည်။ ယင်းစကားရပ်တွင် အသုံးပြုသူဘက်ရှိ ကွန်ရက်နယ်နိမိတ်သက်သက်ကိုသာ ဆောင်ရွက်ပေးသည့်လုပ်ငန်းမပါဝင်။

(ဇ) **ဆက်သွယ်ရေးပစ္စည်း**ဆိုသည်မှာ ဆက်သွယ်ရေးဥပဒေအရ ဝန်ကြီးဌာနက သီးခြားသတ်မှတ်သော ဆက်သွယ်ရေးပစ္စည်းကို ဆိုသည်။

(ဈ) **ကွန်ရက်အထောက်အကူပြုပစ္စည်း**ဆိုသည်မှာ ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုသည့် ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံ၏ ပစ္စည်းတစ်ခုခုကိုသော်လည်းကောင်း၊ ယင်းပစ္စည်းများ ပေါင်းစပ်ထားရှိမှုကိုသော်လည်းကောင်း ဆိုသည်။

(ည) **လုပ်ငန်းလိုင်စင်**ဆိုသည်မှာ ဆက်သွယ်ရေးဥပဒေအရ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်အတွက် ထုတ်ပေးသော လိုင်စင်ကို ဆိုသည်။

(ဍ) **ဆက်သွယ်ရေးအခြေစိုက်စခန်းများ**ဆိုသည်မှာ ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းအတွက် အသုံးပြုသည့် အခြေစိုက်ဆက်သွယ်ရေးလုပ်ငန်းဌာနများ၊ တယ်လီဖုန်းအိတ်ချိန်းများ၊ ဆက်သွယ်ရေး ဝန်ဆောင်မှုပေးသောဌာနများနှင့် ဆက်သွယ်ရေးစခန်းများကို ဆိုသည်။

(ဎ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဍ) **ဒါရိုက်တာအဖွဲ့ (Board of Directors)** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ကော်ပိုရေးရှင်း၏ ဒါရိုက်တာအဖွဲ့ကို ဆိုသည်။

(ပ) **ဒါရိုက်တာအဖွဲ့ဝင်**ဆိုသည်မှာ ယင်းစကားရပ်နှင့်စပ်လျဉ်း၍ ဤဥပဒေတွင် သီးခြားဖော်ပြထားခြင်း မရှိပါက ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များကို ဆိုသည်။

(ဏ) **မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**ဆိုသည်မှာ ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းခဲ့သော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို ဆိုသည်။

(တ) **အမှုဆောင်အရာရှိချုပ်**ဆိုသည်မှာ ကော်ပိုရေးရှင်း၏ အကြီးအမှူးကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအထောက်အကူပြုစေရေးအတွက် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လုပ်ကိုင်နိုင်သော ကော်ပိုရေးရှင်း အဖြစ် ဖွဲ့စည်းဆောင်ရွက်နိုင်ရန်၊

(ခ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် ကော်ပိုရေးရှင်းနှင့်ဒါရိုက်တာအဖွဲ့တို့အား လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များအပ်နှင်းရန်၊

(ဂ) ကော်ပိုရေးရှင်း၏ လုပ်ငန်းနှင့်ငွေကြေးသုံးစွဲမှုစနစ်ကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လွတ်လပ်စွာဆောင်ရွက်နိုင်ရန်၊

(ဃ) ကော်ပိုရေးရှင်း၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း အပြင် ယင်းလုပ်ငန်းနှင့်ဆက်စပ်သည့် အခြားစီးပွားရေးလုပ်ငန်းများတွင်လည်း တည်ဆဲဥပဒေနှင့် အညီ ရင်းနှီးမြှုပ်နှံ၍ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန်၊

(င) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန်၊

(စ) ကော်ပိုရေးရှင်းက နောင်တွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုပါဝင်သည့် အများနှင့်သက်ဆိုင်သော အဖွဲ့ အစည်းကိုလည်းကောင်း၊ အများနှင့်မသက်ဆိုင်သော အဖွဲ့အစည်းကိုလည်းကောင်း တည်ထောင် လုပ်ကိုင်နိုင်ရန်၊

(ဆ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်လည်းကောင်း၊ နှစ်နိုင်ငံသဘောတူညီချက်အရ စာချုပ်ဝင်နိုင်ငံ များနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်နိုင်ရန်။

## အခန်း (၃)
## မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဖွဲ့စည်းခြင်း

၅။ (က) မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းကို ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုထားသည့် ဖွဲ့စည်းပုံအတိုင်း ကနဦးတည်ထောင်ထားရှိရမည်။

(ခ) ကော်ပိုရေးရှင်းသည် ဤဥပဒေအရသတ်မှတ်သည့် လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ကော်ပိုရေးရှင်းဖွဲ့စည်းပုံနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်။

၆။ ကော်ပိုရေးရှင်းသည် -

(က) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီဆောင်ရွက်ရန် လုပ်ပိုင်ခွင့်များကို ဤဥပဒေအရ အပ်နှင်းခြင်း ခံရသော အဖွဲ့အစည်းဖြစ်သည်။

(ခ) နိုင်ငံတော်က မတည်ထုတ်ပေးထားသော ရင်းနှီးငွေများကိုလည်းကောင်း၊ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းက ပိုင်ဆိုင်သောငွေကြေးများနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ ရရန်ပိုင်ခွင့်နှင့်ပေးရန်တာဝန်များကိုလည်းကောင်း ဆက်ခံရမည်။

(ဂ) မိမိပိုင်ဆိုင်သည့် သို့မဟုတ် ဆက်ခံရရှိသည့်ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့ မပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်မှ လွှဲအပ်ပေးသော သို့မဟုတ် လုပ်ကိုင်ခွင့် ရရှိသော မြေ၊ အဆောက်အအုံ၊ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်း နိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း ရယူခွင့်၊ လက်ဝယ်ထား ပိုင်ခွင့်နှင့် အသုံးပြုပိုင်ခွင့်ရှိသည်။

(ဃ) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဆောင်ရွက်လျက်ရှိနေသော ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း များကို ဆက်ခံရမည်။

(င) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ဖက်စပ်ဖြစ်စေ၊ အကျိုးတူဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့် ဖြစ်စေ ပူးပေါင်းဆောင်ရွက်သည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် အခြားလုပ်ငန်း များကို ဆက်ခံရမည်။

(စ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ရရှိထားသော လုပ်ငန်းလိုင်စင်၊ အသုံးပြုခွင့်နှင့် ခွင့်ပြုချက်များကို ဆက်ခံရမည်။

(ဆ) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပဋိညာဉ်စာချုပ် သို့မဟုတ် သဘောတူစာချုပ် ချုပ်ဆို၍ဖြစ်စေ၊ ကုန်ဝယ်အမှာစာ (Purchase Order) ဖြင့်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း များနှင့် အခြားလုပ်ငန်းများကို ဆက်ခံရမည်။

(ဇ) ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆို ပိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့် ရှိသည်။

၇။ ဝန်ကြီးဌာနသည် ပုဒ်မ ၆ ပါ လုပ်ငန်းစဉ်များအား ဆောင်ရွက်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပိုင်ဆိုင်မှုအရပ်ရပ်နှင့်ပတ်သက်ပြီး တန်ဖိုးဖြတ်မှုများ၊ ကိန်းဂဏန်းနှင့် စာရင်းအင်းအချက်အလက် မှတ်တမ်းတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် လုပ်ငန်းစစ်ဆေးရေးအဖွဲ့တစ်ရပ်ကို ကာလသတ်မှတ်၍ ဖွဲ့စည်းဆောင်ရွက်ရမည်။

၈။ ကော်ပိုရေးရှင်းသည် လိုအပ်ပါက လက်ရှိဖွဲ့စည်းပုံကို ဝန်ကြီးဌာန၏အတည်ပြုချက်ဖြင့် ပြင်ဆင် ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)
## ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းခြင်း

၉။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) ဤဥပဒေပါ ရည်ရွယ်ချက်များနှင့် ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လမ်းညွှန်မှုပြုနိုင်ရန်နှင့် စီမံခန့်ခွဲမှုပြုနိုင်ရန် ဥက္ကဋ္ဌအပါအဝင်အဖွဲ့ဝင်ဦးရေ အနည်းဆုံး ခုနစ်ဦးမှ အများဆုံး ၁၁ ဦးအထိ ပါဝင်သော ဒါရိုက်တာအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ဝန်ကြီးဌာနက တာဝန်ပေးအပ်ခြင်းခံရသူ | ဥက္ကဋ္ဌ |
| (၂) | အမှုဆောင်အရာရှိချုပ် | အဖွဲ့ဝင် |
| (၃) | ဘဏ္ဍာရေးလုပ်ငန်းကျွမ်းကျင်သူတစ်ဦး | အဖွဲ့ဝင် |
| (၄) | စီမံခန့်ခွဲရေးလုပ်ငန်းကျွမ်းကျင်သူတစ်ဦး | အဖွဲ့ဝင် |

(၅) စီးပွားရေးလုပ်ငန်းကျွမ်းကျင်သူတစ်ဦး အဖွဲ့ဝင်

(၆) ဥပဒေဆိုင်ရာကျွမ်းကျင်သူတစ်ဦး အဖွဲ့ဝင်

(၇) ဆက်သွယ်ရေးဆိုင်ရာဘာသာရပ်ကျွမ်းကျင်သူများ အဖွဲ့ဝင်များ

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် ဒါရိုက်တာအဖွဲ့ကို လိုအပ်ပါက သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၀။ ဒါရိုက်တာအဖွဲ့သည် ဒါရိုက်တာအဖွဲ့ဝင်များထဲမှ တစ်ဦးကို အတွင်းရေးမှူးအဖြစ် ဆန္ဒမဲဖြင့်ရွေးချယ်တာဝန်ပေးအပ်ရမည်။

၁၁။ (က) ဝန်ကြီးဌာနသည် ပုဒ်မ ၉ အရ ဒါရိုက်တာအဖွဲ့ကို ပထမအကြိမ်ဖွဲ့စည်းရာတွင် အမှုဆောင်အရာရှိချုပ်အဖြစ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဦးဆောင်ညွှန်ကြားရေးမှူးကိုဖြစ်စေ၊ ဆက်သွယ်ရေးနည်းပညာ၊ စီးပွားရေးနှင့် စီမံခန့်ခွဲမှုကျွမ်းကျင်သူကိုဖြစ်စေ တာဝန်ပေးအပ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ တာဝန်ပေးအပ်သည့် အမှုဆောင်အရာရှိချုပ်သည် အကြောင်းတစ်စုံတစ်ရာကြောင့် ယင်း၏ရာထူးနေရာလစ်လပ်သည့်အခါ ဝန်ကြီးဌာနသည် ဒါရိုက်တာအဖွဲ့က ထောက်ခံတင်ပြသည့် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံသော ပုဂ္ဂိုလ်တစ်ဦးကို အမှုဆောင်အရာရှိချုပ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ခန့်အပ်တာဝန်ပေးရမည်-

(၁) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍ လုပ်ငန်းအတွေ့အကြုံရှိပြီး အသက် ၃၅ နှစ် ပြည့်ပြီးသူဖြစ်ခြင်း၊

(၂) စီမံခန့်ခွဲရေးကိစ္စများတွင် တာဝန်ရှိသူအဖြစ် ဆောင်ရွက်ခဲ့ဖူးခြင်း၊

(၃) ကော်ပိုရေးရှင်း၏ အကျိုးစီးပွားကို ထိခိုက်ဖွယ်ရာရှိသည့် လုပ်ငန်းတစ်ခုခုတွင် ဆောင်ရွက်သူမဟုတ်ခြင်း၊

(၄) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းတစ်ခုခုကဖြစ်စေ ရာထူးတာဝန်မှ ထုတ်ပယ်ခြင်း သို့မဟုတ် ရပ်စဲခြင်းခံရသူမဟုတ်ခြင်း။

၁၂။ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ခန့်ထားခြင်းခံရသောပုဂ္ဂိုလ်သည် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းတာဝန်ဆောင်ရွက်ခြင်းကို ထိခိုက်ဖွယ်ရာရှိသည့် ငွေရေးကြေးရေးအကျိုးခံစားခွင့် သို့မဟုတ် အခြားအကျိုးသက်ဆိုင်ခွင့်များနှင့် ကင်းရှင်းသူဖြစ်ရမည်။

၁၃။ (က) ဒါရိုက်တာအဖွဲ့ဝင်သည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍ ဒါရိုက်တာအဖွဲ့က ပြုလုပ်သည့် သို့မဟုတ် ပြုလုပ်ရန်ကြံရွယ်သည့် ပဋိညာဉ်တွင်သော်လည်းကောင်း၊ ဆက်သွယ်ရေးဝန်ဆောင်မှု သို့မဟုတ် ဆက်သွယ်ရေးပစ္စည်းရောင်းမှု၊ ဝယ်မှု၊ ငှားရမ်းမှုတစ်ခုခုတွင်သော်လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တစ်နည်းနည်းဖြင့် အကျိုးသက်ဆိုင်နေပါက မိမိမည်သို့အကျိုးသက်ဆိုင်ကြောင်းကို ယင်းကိစ္စအတွက် အစည်းအဝေးမကျင်းပမီဖြစ်စေ၊ ကျင်းပသည့်အခါဖြစ်စေ ဒါရိုက်တာအဖွဲ့သို့ ထုတ်ဖော်ပြောဆိုရမည်။

(ခ) ပုဒ်မခွဲ (က) အရ အစည်းအဝေးမကျင်းပမီ ထုတ်ဖော်ကြေညာသည့်အခါ အဆိုပါ ဒါရိုက်တာအဖွဲ့ဝင်အား အစည်းအဝေးတွင် တက်ရောက်ဆွေးနွေးခွင့် မရှိစေရ။ အကယ်၍ အစည်းအဝေးကျင်းပသည့်အခါ ထုတ်ဖော်ကြေညာခြင်းဖြစ်လျှင် ထိုအစည်းအဝေး၌ အဆိုပါဒါရိုက်တာအဖွဲ့ဝင်အား အစည်းအဝေးတွင် ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ခြင်းပြုရာတွင် ပါဝင်ခွင့်မရှိစေရ။

(ဂ) ဒါရိုက်တာအဖွဲ့သည် ပုဒ်မခွဲ (က) ပါ ကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦးက ငွေရေးကြေးရေး အကျိုးသက်ဆိုင်ခွင့် သို့မဟုတ် အခြားအကျိုးသက်ဆိုင်ခွင့် ရှိ မရှိ အဆုံးအဖြတ်ပြုနိုင်သည်။

၁၄။ (က) ဒါရိုက်တာအဖွဲ့ဝင်များ၏ ရာထူးသက်တမ်းနှင့်စပ်လျဉ်း၍ -

(၁) ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ သက်တမ်းသည် စတင်ခန့်အပ်သည့်နေ့မှ ငါးနှစ်ဖြစ်ပြီး အမှုဆောင်အရာရှိချုပ်မှအပ ကျန်ဒါရိုက်တာအဖွဲ့ဝင်များ၏ သက်တမ်းသည် စတင်ခန့်အပ်သည့်နေ့မှ လေးနှစ်ဖြစ်သည်။

(၂) အမှုဆောင်အရာရှိချုပ်မှအပ အကြောင်းတစ်စုံတစ်ရာကြောင့် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦး ရာထူးနေရာလစ်လပ်သဖြင့် အစားထိုးခန့်အပ်တာဝန်ပေးသည့်အခါ အဆိုပါပုဂ္ဂိုလ်တစ်ဦးဦး၏ ရာထူးသက်တမ်းသည် မူလရာထူး၏ သက်တမ်းကုန်ဆုံးသည်အထိ ဖြစ်စေရမည်။

(ခ) ဒါရိုက်တာအဖွဲ့ဝင်များသည် သာမန်အားဖြင့် ရာထူးသက်တမ်းတစ်ဆက်တည်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်း မရှိစေရ။ သို့ရာတွင် ကော်ပိုရေးရှင်း၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစွမ်းဆောင်ရည် အပေါ်မူတည်၍ ဝန်ကြီးဌာနက ဆက်လက်တာဝန်ပေးအပ်နိုင်သည်။

(ဂ) ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦးသည် ရာထူးသက်တမ်းကုန်ဆုံးသော်လည်း ထိုရာထူးနေရာအတွက် ပုဒ်မ ၉ နှင့် ၁၀ တို့အရ အသစ်ရွေးချယ်ခန့်ထားပြီး လုပ်ငန်းတာဝန်လွှဲပြောင်းပေးပြီးသည့်အချိန်အထိ လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်ရမည်။

၁၅။ ဝန်ကြီးဌာနသည် ဒါရိုက်တာအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်တို့ကို သတ်မှတ်ပေးရမည်။

၁၆။ ဝန်ကြီးဌာနသည် အောက်ပါအကြောင်း တစ်ရပ်ရပ်ပေါ်ပေါက်သော ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦးအား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရာထူးတာဝန်မှ ရပ်စဲနိုင်သည် -

(က) ဝန်ကြီးဌာနကရရှိသည့် သတင်းအချက်အလက်အရ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦး၏ ရာထူးတာဝန်နှင့်ထိုက်တန်မှု မရှိကြောင်း တွေ့ရှိခြင်း၊

(ခ) ကော်ပိုရေးရှင်း၏ အကျိုးစီးပွားထိခိုက်စေသော အခြားလုပ်ငန်းတစ်ခုခုကို လက်ခံဆောင်ရွက်ကြောင်း ခိုင်လုံသောအထောက်အထားတွေ့ရှိခြင်း၊

(ဂ) ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းမပြုမီ ကော်ပိုရေးရှင်း၏ ငွေရေးကြေးရေး သို့မဟုတ် အခြားအကျိုးသက်ဆိုင်ခွင့် တစ်စုံတစ်ရာကို ထိခိုက်စေသည့်လုပ်ဆောင်မှုတစ်ခုခု ပြုလုပ်ခဲ့ကြောင်းပေါ်ပေါက်ခြင်း၊

(ဃ) ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ဒါရိုက်တာအဖွဲ့အစည်းအဝေးသို့တက်ရောက်ရန် တစ်ဆက်တည်း သုံးကြိမ် ပျက်ကွက်ခြင်း၊

(င) အကြောင်းတစ်စုံတစ်ရာကြောင့် ရာထူးတာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိခြင်း။

၁၇။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လျှင် ဒါရိုက်တာအဖွဲ့ဝင် ရာထူးတာဝန်မှ ရပ်စဲသည် -

(က) နုတ်ထွက်ခြင်း၊

(ခ) ကွယ်လွန်ခြင်း။

၁၈။ ဝန်ကြီးဌာနသည် ပုဒ်မ ၁၆ နှင့် ၁၇ တို့ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦးရာထူးနေရာ လစ်လပ်သည့်အခါ ထိုရာထူးနေရာအတွက် ပုဒ်မ ၉ နှင့် ၁၀ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လစ်လပ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဖြည့်စွက်ခန့်ထားရမည်။

၁၉။ ဒါရိုက်တာအဖွဲ့၏ ဆောင်ရွက်ချက်များသည် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦး လစ်လပ်၍သော်လည်းကောင်း၊ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦးခန့်ထားရာတွင် ချို့ယွင်းချက်တစ်ခုခုရှိ၍သော်လည်းကောင်း ပျက်ပြယ်ခြင်း မရှိစေရ။

၂၀။ ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးများကျင်းပခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၅)
## ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၁။ ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူပြုနိုင်ရန် ကော်ပိုရေးရှင်းက ဆောင်ရွက်သည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လုပ်ကိုင်နိုင်ရန် မူဝါဒများ ချမှတ်ခြင်း၊

(ခ) ကော်ပိုရေးရှင်း၏ ငွေကြေးသုံးစွဲမှု၊ ပေးချေမှုစနစ်နှင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ စီမံခန့်ခွဲမှုစနစ်တို့ကို သွက်လက်မြန်ဆန်စွာ ဆောင်ရွက်လုပ်ကိုင်နိုင်စေရန် လမ်းညွှန်ခြင်း၊

(ဂ) နိုင်ငံတော်ပိုင်ဘဏ္ဍာငွေများနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို အလေအလွင့်၊ အဆုံးအရှုံး၊ အပျက်အစီးနှင့် အပျောက်အရှမရှိအောင်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို စိစစ်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဃ) ပြည်တွင်းပြည်ပ၌ ကော်ပိုရေးရှင်း၏ ဆက်သွယ်ရေးဝန်ဆောင်မှုရုံးခွဲများ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊

(င) ကော်ပိုရေးရှင်းက ဆောင်ရွက်သည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍ လိုအပ်ပါက အကြံပေးပုဂ္ဂိုလ်များကို ခန့်အပ်ခြင်းနှင့် ၎င်းတို့အတွက် ချီးမြှင့်ငွေနှင့်စရိတ်တို့ သတ်မှတ်ပေးခြင်း၊

(စ) ကော်ပိုရေးရှင်းက ဆောင်ရွက်နေသည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ခုလုံး၏ အောင်မြင်မှုနှင့် ဆုံးရှုံးမှုတို့ကို တာဝန်ခံ၍ဆောင်ရွက်ခြင်း၊

(ဆ) ကော်ပိုရေးရှင်း၏ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအဝဝကို ဝန်ကြီးဌာနသို့တာဝန်ခံ၍ ဆောင်ရွက်ခြင်း၊

(ဇ) နိုင်ငံတော်က လွှဲအပ်ပေးသည့်ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ရယူခွင့်၊ လက်ဝယ်ထားပိုင်ခွင့်နှင့် အသုံးပြုပိုင်ခွင့်ရှိခြင်း၊

(ဈ) ဘဏ္ဍာရေးနှင့်ငွေရေးကြေးရေးကိစ္စများကို ကော်ပိုရေးရှင်း၏ ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ဆောင်ရွက်မှု ရှိ မရှိ စိစစ်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ည) ဝန်ကြီးဌာနက အခါအားလျော်စွာပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၂၂။ ဒါရိုက်တာအဖွဲ့သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အောက်ပါတို့ကို လုပ်ပိုင်ခွင့်ရှိသည် -

(က) ကော်ပိုရေးရှင်း၏ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများကို ပြည်တွင်းပြည်ပရှိ ဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ ဥပဒေနှင့်အညီ ငွေချေးယူခြင်း၊ ပြန်လည်ပေးဆပ်ခြင်း၊ ငွေထုတ်ချေးခြင်း၊ ပြန်လည်ရယူခြင်းနှင့် အထောက်အပံ့များ ရယူခြင်း၊

(ခ) နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ကာကွယ်ရေးနှင့် အရေးပေါ်ကိစ္စရပ်များတွင် ငွေကြေးအကျိုးအမြတ်မယူဘဲ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရသည့် အတွက် သင့်လျော်သည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ရရှိရန် ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တည်ဆဲဥပဒေများနှင့်အညီ လျှောက်ထားခြင်း၊

(ဂ) ကော်ပိုရေးရှင်း၏ စီးပွားရေးလုပ်ဆောင်မှု ပိုမိုအားကောင်းလာစေရေးအတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများနှင့် သီးခြားသဘောတူစာချုပ် ချုပ်ဆို၍ ဖက်စပ်ကုမ္ပဏီ (Joint-venture Company) တည်ထောင်လုပ်ကိုင်ခြင်း၊ ပြည်တွင်းပြည်ပမှ ကုမ္ပဏီများ၊ အဖွဲ့အစည်းများအား လွှဲပြောင်းရယူခြင်း၊

(ဃ) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ ကော်ပိုရေးရှင်း၏ မတည်ရင်းနှီးငွေများဖြင့် တည်ထောင်သော လက်အောက်ခံကုမ္ပဏီများကို အများနှင့်မသက်ဆိုင်သောကုမ္ပဏီ (Private Company) အဖြစ် လည်းကောင်း၊ အများပြည်သူတို့၏ အစုရှယ်ယာများ ဖိတ်ခေါ်ထည့်ဝင်စေပြီး အများနှင့်သက်ဆိုင်သော ကုမ္ပဏီ (Public Company) အဖြစ်လည်းကောင်း တည်ထောင်လုပ်ကိုင်ဆောင်ရွက်ခြင်း၊

(င) ကော်ပိုရေးရှင်း၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းအပြင် ယင်းလုပ်ငန်းနှင့်ဆက်စပ်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းများနှင့် ထုတ်လုပ်မှုလုပ်ငန်းများကို တည်ဆဲဥပဒေနှင့်အညီ တိုးချဲ့လုပ်ကိုင်ရေးအတွက် လက်အောက်ခံ ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်လုပ်ကိုင်ခြင်း၊

(စ) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပြည်တွင်းပြည်ပကုမ္ပဏီ၊ အဖွဲ့အစည်းတို့ဖက်စပ်ဖြစ်စေ၊ အကျိုးတူဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့် ပူးပေါင်း၍ဖြစ်စေ သဘောတူစာချုပ် ချုပ်ဆို၍ လုပ်ကိုင်ခဲ့သည့်လုပ်ငန်းတစ်ရပ်ရပ်ကို ကော်ပိုရေးရှင်းက ဆက်လက်၍ လုပ်ကိုင်ဆောင်ရွက်ရန်ရှိပါက နှစ်ဖက်သဘောတူညီချက်ဖြင့် မူလချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်နှင့်အညီ ဆက်လက်လုပ်ကိုင်ဆောင်ရွက်ခြင်း သို့မဟုတ် မူလချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်ကိုပြင်ဆင်၍ လုပ်ကိုင်ဆောင်ရွက်ခြင်း သို့မဟုတ် လုပ်ငန်းရပ်ဆိုင်းရန်နှင့် ရပ်စဲရန်ရှိပါက စာချုပ်ရပ်ဆိုင်းခြင်းနှင့် ရပ်စဲခြင်း၊

(ဆ) ကော်ပိုရေးရှင်း၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် ဆက်သွယ်ရေး ဝန်ဆောင်မှုနှင့် ဆက်စပ်သည့်လုပ်ငန်းစီမံကိန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် ကော်ပိုရေးရှင်းနှင့် ပြည်တွင်းပြည်ပကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတို့ သဘောတူစာချုပ် ချုပ်ဆိုခြင်း၊ စာချုပ်ရပ်ဆိုင်းခြင်းနှင့် ရပ်စဲခြင်း၊

(ဇ) နည်းပညာတိုးတက်ပြောင်းလဲမှုအရ ခေတ်မမီသော သို့မဟုတ် သက်တမ်းမကုန်သေးသော ဆက်သွယ်ရေးပစ္စည်းများအား သတ်မှတ်ချက်များနှင့်အညီ အစားထိုးလဲလှယ်ခြင်း သို့မဟုတ် စာရင်းရှင်းလင်းပယ်ဖျက်ခြင်း၊

(ဈ) ကော်ပိုရေးရှင်း၏ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများအတွက် လုပ်အားခများကို သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ခြင်းနှင့် ထိုသတ်မှတ်ချက်ကို ပြင်ဆင်ခြင်း၊

(ည) ဆက်လက်ဆောင်ရွက်ရန် မလိုအပ်သော ကော်ပိုရေးရှင်း၏ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ရပ်ကို တည်ဆဲဥပဒေများနှင့်အညီ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း။

၂၃။ ဒါရိုက်တာအဖွဲ့သည် စက်ပစ္စည်းဝယ်ယူခြင်း၊ လုပ်ငန်းအပ်နှံခြင်းတို့နှင့်စပ်လျဉ်းသည့် စာချုပ်စာတမ်းများ၊ ကုန်ဝယ်အမှာစာများနှင့် ပုဒ်မ ၂၂၊ ပုဒ်မခွဲ (စ) တွင် အကျုံးမဝင်သော စာချုပ်စာတမ်းများနှင့် ပတ်သက်၍ ကော်ပိုရေးရှင်းက ဆက်လက်၍ လုပ်ကိုင်ဆောင်ရွက်ရန်ရှိပါက နှစ်ဖက်သဘောတူညီချက်ဖြင့် ဆက်လက်လုပ်ကိုင်ဆောင်ရွက်ခြင်း သို့မဟုတ် ပြင်ဆင်၍လုပ်ကိုင်ဆောင်ရွက်ခြင်း သို့မဟုတ် လုပ်ငန်းရပ်ဆိုင်းရန်နှင့် ရပ်စဲရန်ရှိပါက လုပ်ငန်းရပ်ဆိုင်းခြင်းနှင့် ရပ်စဲခြင်းပြုနိုင်သည်။

## အခန်း (၆)
## ကော်ပိုရေးရှင်း၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၄။ ကော်ပိုရေးရှင်း၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အမှုဆောင်အရာရှိချုပ်၏ ကြီးကြပ်စီမံခန့်ခွဲမှုဖြင့် လုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) ဝင်ငွေနှင့်အကျိုးအမြတ် တိုးပွားစေရေးအတွက် နိုင်ငံတကာမှ ကျင့်သုံးလျက်ရှိသည့် ခေတ်မီကောင်းမွန်သော ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို လေ့လာ၍ ကျင့်သုံးဆောင်ရွက်ခြင်း၊

(ဂ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းအဖွဲ့များကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်၍ ဆောင်ရွက်စေခြင်း၊

(ဃ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အပြန်အလှန်ထိန်းကျောင်းမှုနှင့် လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်လာစေရန် ဝန်ထမ်းများအား ၆ လ တစ်ကြိမ် အရည်အသွေးနှင့် လုပ်ဆောင်ချက်ရလဒ်အညွှန်းကိန်းဖြင့် (Key Performance Indicator) စစ်ဆေးခြင်း၊

(င) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် သုတေသနဌာနဖွင့်လှစ်၍ စူးစမ်းရှာဖွေမှုများနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုဆိုင်ရာအသိပညာ၊ အတတ်ပညာနှင့်နည်းပညာများ ကျွမ်းကျင်တတ်မြောက်ရေးအတွက် လိုအပ်သော သင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ လေ့ကျင့်ခြင်းနှင့် ပြည်ပသို့ ပညာတော်သင်များစေလွှတ်ခြင်း၊

(ဆ) ဆက်သွယ်ရေးဝန်ဆောင်မှုများကို အများပြည်သူက လွယ်ကူအဆင်ပြေချောမွေ့စွာရယူအသုံးပြု နိုင်ရေးအတွက် စျေးကွက်စီးပွားရေးစနစ်နှင့်အညီ စီစဉ်ဆောင်ရွက်ခြင်း၊

(ဇ) နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေရေးအတွက် ယင်းလုပ်ငန်းများ၏ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုအပ်ချက်ကို ညှိနှိုင်း၍ ဖြည့်ဆည်းပေးခြင်း၊

(ဈ) ဆက်သွယ်ရေးအခြေစိုက်စခန်းများကို လုပ်ငန်းလိုအပ်ချက်နှင့်အညီ ဖွင့်လှစ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ပြောင်းလဲခြင်း၊ ပြောင်းရွှေ့ခြင်းနှင့် မလိုအပ်ပါက ပိတ်သိမ်းထားခြင်း၊

(ည) ဆက်သွယ်ရေးလမ်းကြောင်းများကို လုပ်ငန်းလိုအပ်ချက်နှင့်အညီ တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ လျှော့ချခြင်း၊ ပြောင်းရွှေ့ခြင်းနှင့် မလိုအပ်ပါက ပိတ်သိမ်းထားခြင်း၊

(ဋ) ဆက်သွယ်ရေးအခြေစိုက်စခန်းများက တာဝန်ခံ၍လုပ်ဆောင်နိုင်သော အခြားဝန်ထမ်းအဖွဲ့အစည်း များ၏ လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဌ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းစီမံချက်များကို ဒါရိုက်တာအဖွဲ့မှတစ်ဆင့် ဝန်ကြီးဌာနသို့ နှစ်စဉ်တင်ပြခြင်း၊

(ဍ) ကွန်ရက်အထောက်အကူပြုပစ္စည်းနှင့် ဆက်သွယ်ရေးပစ္စည်းများ ထုတ်လုပ်ခြင်း၊ ဖြန့်ချိခြင်း၊ ရောင်းချခြင်းတို့ကို ဆောင်ရွက်ခြင်း၊

(ဎ) ကော်ပိုရေးရှင်းက ဆောင်ရွက်လျက်ရှိသည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် အခြား လုပ်ငန်းများကို စစ်ဆေးခြင်း၊ ကြည့်ရှုခြင်း၊ ယင်းလုပ်ငန်းတစ်ရပ်ရပ်နှင့် သက်ဆိုင်သူများကို ဆင့်ဆို၍စစ်မေးခြင်း၊ လိုအပ်သည့် အထောက်အထားများကို တင်ပြစေခြင်း၊ လိုအပ်ပါက ထိုသို့ ဆောင်ရွက်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးခြင်း၊

(ဏ) ဒါရိုက်တာအဖွဲ့၏သဘောတူညီချက်ဖြင့် နိုင်ငံတော်အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အရေးပေါ်ကိစ္စရပ်များတွင် ငွေကြေးအကျိုးအမြတ်မယူဘဲ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း များကို ဆောင်ရွက်ပေးခြင်း၊

(တ) ဆက်သွယ်ရေးဝန်ဆောင်မှုနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်းကောင်း၊ ယင်းအဖွဲ့အစည်းဝင်နိုင်ငံများနှင့်လည်းကောင်း၊ နှစ်နိုင်ငံ သဘောတူညီထားသည့် စာချုပ်ဝင်နိုင်ငံများနှင့်လည်းကောင်း ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ခြင်း။

၂၅။ ကော်ပိုရေးရှင်း၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများအတွက် ဝန်ဆောင်ခများ၊ ကွန်ရက်ချိတ်ဆက်ခများ၊ အခြားအခကြေးငွေနှုန်းထားများကို ဆက်သွယ်ရေးဥပဒေနှင့်အညီ သတ်မှတ်နိုင်ရန်အတွက် အဆိုပြုခြင်း၊

(ခ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများအတွက် ပြည်တွင်းပြည်ပမှ ဝန်ထမ်းများ၊ အကြံပေးများ၊ ကျွမ်းကျင်သောပညာရှင်များကို သတ်မှတ်ချက်များနှင့်အညီ ခန့်အပ်ခြင်း၊ ငှားရမ်းခြင်း၊ လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေများ ပေးအပ်ခြင်း၊

(ဂ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ အောင်မြင်စေရန် စီးပွားရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ် များကို လွတ်လပ်စွာဆုံးဖြတ်ချက်ချမှတ်၍ ဆောင်ရွက်ခြင်း၊

(ယ) ဝန်ထမ်းများအတွက် အလုပ်ချိန်များ၊ ခွင့်ရက်ခံစားခွင့်များ၊ အလုပ်ခွင်စည်းမျဉ်းနှင့်စည်းကမ်းများကို အလုပ်သမားဆိုင်ရာ ဥပဒေများနှင့်အညီ သတ်မှတ်ဆောင်ရွက်ခွင့်ရှိခြင်း၊

(ဌ) သက်တမ်းအရ ပယ်ဖျက်ရမည့် ကော်ပိုရေးရှင်းပိုင်ပစ္စည်းများကို သတ်မှတ်ချက်များနှင့်အညီ စာရင်းရှင်းလင်းပယ်ဖျက်ခြင်း၊

(စ) ကော်ပိုရေးရှင်း ပိုင်ဆိုင်သော သို့မဟုတ် ခွင့်ပြုချက်ရရှိထားသော အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်များ (Intellectual Property Rights) အား ကော်ပိုရေးရှင်း၏ ခွင့်ပြုချက်မရှိဘဲ အသုံးပြုသူကို တရားစွဲဆိုခြင်း။

(ဆ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်တွင်းပြည်ပကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း။

## **အခန်း (၇)**
## **ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ခြင်း**

၂၆။ ကော်ပိုရေးရှင်းသည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုပါက ဆက်သွယ်ရေးဥပဒေနှင့်အညီ လုပ်ငန်းလိုင်စင်ရယူ၍ ဆောင်ရွက်ရမည်။

၂၇။ ကော်ပိုရေးရှင်းသည် သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်သည် -

(က) လက်အောက်ခံကုမ္ပဏီ သီးခြားတည်ထောင်၍ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့်ဆက်စပ်သည့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်း၊

(ခ) မိမိပိုင်ပစ္စည်းများနှင့် လုပ်ကိုင်ခွင့်ရရှိသောပစ္စည်းများကို ဒါရိုက်တာအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုနှင့်ဆက်စပ်သည့် အခြားစီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်း။

၂၈။ ကော်ပိုရေးရှင်းသည် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်အလို့ငှာ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများနှင့် သဘောတူစာချုပ် ချုပ်ဆို၍ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကို တည်ဆောက်-လုပ်ကိုင်-လွှဲပြောင်း (Build Operate Transfer - BOT) စနစ် စသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်သည့် စနစ်တစ်မျိုးမျိုးဖြင့် လုပ်ကိုင်ရန် စီမံချက်ရေးဆွဲ၍ ဝန်ကြီးဌာန၏ အတည်ပြုချက်ရယူပြီး ဆောင်ရွက်နိုင်သည်။

## **အခန်း (၈)**
## **ဝန်ထမ်းရေးရာကိစ္စများ**

၂၉။ (က) ကော်ပိုရေးရှင်းသည် မိမိဝန်ထမ်းများ၏အရည်အချင်း၊ ဆောင်ရွက်ရမည့်လုပ်ငန်းအမျိုးအစား၊ ဝန်ထမ်းတစ်ဦးချင်း တာဝန်ခွဲဝေပုံနှင့် တာဝန်ခံမှုတို့ကို ဖွဲ့စည်းပုံအရ လိုအပ်သလိုသတ်မှတ်ထားရှိရမည်။

(ခ) ကော်ပိုရေးရှင်း၏ ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်း မဖြစ်စေရ။

၃၀။ ဝန်ကြီးဌာနသည် -

(က) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများက ဤဥပဒေအရ ဖွဲ့စည်းသော ကော်ပိုရေးရှင်းသို့ ၎င်းတို့ဆန္ဒအရ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည့်အခါ ယင်းဝန်ထမ်းများ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ရာထူးတာဝန်နှင့်ရပိုင်ခွင့်အောက် လျော့နည်းခြင်းမရှိစေရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ခ) ကော်ပိုရေးရှင်းသို့ ပြောင်းရွှေ့ထမ်းဆောင်ရန် ဆန္ဒမပြုသော ဝန်ထမ်းများကို မိမိ၏ ဝန်ကြီးဌာနလက်အောက်ရှိ သင့်လျော်သည့်ဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခြားပြည်ထောင်စုဝန်ကြီးဌာနလက်အောက်ရှိ သင့်လျော်သည့်ဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ ပြောင်းရွှေ့နေရာချထားပေးနိုင်သည်။

(ဂ) ကော်ပိုရေးရှင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် ဆန္ဒမပြုသည့်အပြင် ပုဒ်မခွဲ (ခ) အရ သင့်လျော်သည့်ဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် ဆန္ဒမပြုလျှင် သော်လည်းကောင်း၊ အခြားဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ ပြောင်းရွှေ့နေရာချထားခြင်း မပြုနိုင်လျှင် သော်လည်းကောင်း ထိုဝန်ထမ်းများအား တည်ဆဲဥပဒေနှင့်အညီ လျော်ကြေးပင်စင်ခံစားခွင့်ပြုရမည်။

၃၁။ ဝန်ကြီးဌာနသည် -

(က) အောက်ပါကိစ္စရပ်များအတွက် ကော်ပိုရေးရှင်း၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံစေရန်စီစဉ်ဆောင်ရွက်ပေးရမည် -

(၁) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများ၏ ပင်စင်ခံစားခွင့်များ၊

(၂) ဤဥပဒေအရဖွဲ့စည်းသည့် ကော်ပိုရေးရှင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သောဝန်ထမ်းများအတွက် လုပ်သက်ဆုငွေ၊ ချီးမြှင့်ငွေ၊ အငြိမ်းစားလစာနှင့် အငြိမ်းစားယူမှု ဆိုင်ရာကိစ္စများ၊

(၃) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပြည်ပချေးငွေ ပြန်လည်ပေးဆပ်ရန်တာဝန်များ။

(ခ) ကော်ပိုရေးရှင်းအတွက် လုပ်ငန်းလည်ပတ်ရန် လိုအပ်သော ကနဦးမတည်ရင်းနှီးငွေကို ကော်ပိုရေးရှင်းက အဆိုပြုတင်ပြစေပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ စိစစ်၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တောင်းခံရမည်။

၃၂။ အမှုဆောင်အရာရှိချုပ်သည် ဒါရိုက်တာအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ -

(က) ကော်ပိုရေးရှင်း၏ ဝန်ထမ်းများအားခန့်အပ်ရာတွင် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ် ချုပ်ဆိုခြင်းကို တည်ဆဲအလုပ်သမားဆိုင်ရာ ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ဝန်ထမ်းဖွဲ့စည်းပုံအရ ခန့်အပ်တာဝန်ပေးခြင်း၊ အရည်အချင်းသတ်မှတ်ခြင်း၊ ဝန်ထမ်းများ၏ လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေများ၊ ဝန်ထမ်းစည်းကမ်းများ၊ ရာထူးတိုးမြှင့်ပေးခြင်း၊ ပြောင်းရွှေ့ခြင်း၊ အနားယူခွင့်ပေးခြင်း၊ နုတ်ထွက်ခွင့်ပြုခြင်း၊ အရေးယူအပြစ်ပေးခြင်းနှင့် ရာထူးမှဖယ်ရှားခြင်းစသည့် ဝန်ထမ်းရေးရာကိစ္စများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၃၃။ ကော်ပိုရေးရှင်းသည် -

(က) ကော်ပိုရေးရှင်း ဝန်ထမ်းများ၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများ ဥပဒေနှင့်အညီရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးရမည်။

(ခ) ကော်ပိုရေးရှင်းဝန်ထမ်းများအား ခေတ်မီဆန်းသစ်သော ဆက်သွယ်ရေးဝန်ဆောင်မှုနည်းပညာများ တတ်မြောက်စေရေးအတွက် ပြည်တွင်းပြည်ပ၌ ကျင်းပသော အခမ်းအနားများ၊ ဆွေးနွေးပွဲများနှင့် သင်တန်းများ တက်ရောက်လေ့လာဆည်းပူးစေရန် စီစဉ်ဆောင်ရွက်ပေးရမည်။

(ဂ) ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေနှင့်အညီ ကော်ပိုရေးရှင်းဝန်ထမ်းများကို မှတ်ပုံတင်၍ ထည့်ဝင်ကြေးငွေပေးသွင်းပြီး အာမခံထားရှိရေး၊ အလုပ်တွင်ထိခိုက်မှုအာမခံ အကျိုးခံစားခွင့် ရရှိရေးနှင့် အခြားလူမှုဖူလုံရေး အကျိုးခံစားခွင့်တို့အတွက် လူမှုဖူလုံရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) ကော်ပိုရေးရှင်း၏ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းဌာနအသီးသီးရှိ တာဝန်ခံဝန်ထမ်းများက ၎င်းတို့တာဝန်ယူဆောင်ရွက်သည့် လုပ်ငန်း၏အောင်မြင်မှုနှင့် ဆုံးရှုံးမှုတို့ကို တာဝန်ခံစေရန် စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုရမည်။

## အခန်း (၉)
## ဆုကြေးငွေချီးမြှင့်ခြင်း

၃၄။ အမှုဆောင်အရာရှိချုပ်သည် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်အပေါ်တွင်လည်းကောင်း၊ ကော်ပိုရေးရှင်း၏ လုပ်ငန်းအောင်မြင်မှုအပေါ်တွင်လည်းကောင်း သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ တွက်ချက်ထားသော ဆုကြေးကို ဒါရိုက်တာအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆုကြေးရန်ပုံငွေမှ ခံစားခွင့်ပြုနိုင်သည်။

## အခန်း (၁၀)
## ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် စာရင်းများ

၃၅။ ကော်ပိုရေးရှင်းသည် အောက်ပါရငွေများဖြင့် မိမိ၏ဘဏ္ဍာရန်ပုံငွေကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထူထောင်ထားရှိရမည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်က ကနဦးမတည်ထုတ်ပေးထားသော ရင်းနှီးငွေများ၊

(ခ) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းပိုင် ပြည်တွင်းပြည်ပရှိငွေကြေးများ၊ ရန်ပုံငွေများ၊ နိုင်ငံခြားသုံးငွေများ၊ သက်ဆိုင်ရာလုပ်ငန်းများသို့ ကြိုတင်ထုတ်ပေးငွေများ၊ ကြွေးမြီများ၊ ငွေကြေးဆိုင်ရာ အခြားအခွင့်အရေးများ၊ အဆိုပါပိုင်ဆိုင်မှုများမှ ဆင့်ပွားဖြစ်လာသည့် အတိုးရငွေနှင့် အကျိုးအမြတ်များ၊ ရင်းနှီးမြှုပ်နှံမှုများ၊ ရှယ်ယာများ၊ ချေးငွေစာချုပ်များ၊ ချေးငွေပေးထားသည့် ဒီဗင်ချာများ၊ အာမခံလုပ်ငန်းနှင့်သက်ဆိုင်သည့်ငွေများ၊

(ဂ) စုဆောင်းငွေမှ အတိုးရငွေများ၊

(ဃ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့်ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းတစ်ခုခုတွင် ရင်းနှီးမြှုပ်နှံ၍ လုပ်ကိုင်ရာမှရရှိသော အကျိုးအမြတ်များ။

၃၆။ ကော်ပိုရေးရှင်းသည် -

(က) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လွှဲပြောင်းရယူမည့် နိုင်ငံတော်၏ ပုံသေပိုင်ပစ္စည်းများအား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်အရ စာရင်းရှိတန်ဖိုး (Book Value) ဖြင့် ခန့်မှန်းတန်ဖိုးတွက်ချက်၍ နိုင်ငံတော်၏ရင်းနှီးမြှုပ်နှံမှုတန်ဖိုးအဖြစ် နိုင်ငံတော်က မတည်ထုတ်ပေးထားသော ရင်းနှီးငွေများတွင် ထည့်သွင်းဖော်ပြထားရမည်။

(ခ) မိမိပိုင်မတည်ငွေရင်းများဖြင့် အများနှင့်မသက်ဆိုင်သောကုမ္ပဏီကိုဖြစ်စေ၊ အများနှင့်သက်ဆိုင်သောကုမ္ပဏီကိုဖြစ်စေ၊ ဖက်စပ်ကုမ္ပဏီကိုဖြစ်စေ တည်ထောင်သည့်အခါ မိမိထည့်ဝင်သည့် မတည်ငွေရင်းများကို ကာလပေါက်ဈေးတန်ဖိုး (Market Value) ဖြင့် တန်ဖိုးသင့်၍ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထည့်ဝင်ရမည်။

(ဂ) နှစ်စဉ်ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းစီမံချက်နှင့် အရအသုံးခန့်မှန်းခြေငွေစာရင်းတို့ကို ရေးဆွဲပြီး ဒါရိုက်တာအဖွဲ့၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနသို့ပေးပို့၍ စီမံချက်နှင့်အညီ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်။

(ဃ) ဘဏ္ဍာရေးနှစ်အလိုက် စုစုပေါင်းရငွေသုံးငွေများအား ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေနှင့်အညီ သီးခြားထည့်သွင်း၍ ဖော်ပြရမည်။

(င) ရငွေသုံးငွေများကို ပြည်တွင်းပြည်ပဘဏ်များတွင် ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုသည့် ကော်ပိုရေးရှင်း၏ ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ဘဏ်စာရင်းများကို ဖွင့်လှစ်ထားရှိရမည်။

(စ) မိမိရရှိသော နိုင်ငံခြားသုံးငွေကို ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုသည့် ကော်ပိုရေးရှင်း၏ ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ထုတ်ယူသုံးစွဲခွင့်ရှိသည်။

(ဆ) မိမိလက်အောက်ရှိ လုပ်ငန်းအုပ်စုအလိုက်လည်းကောင်း၊ လုပ်ငန်းတစ်ခုချင်းအလိုက်လည်းကောင်း ရငွေသုံးငွေအခြေအနေများပေါ်လွင်စေရန် သီးခြားငွေစာရင်းများ ဖွင့်လှစ်ထားရှိရမည်။

(ဇ) တည်ဆဲအခွန်အကောက်ဥပဒေအရ မိမိ၏ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းအတွက် ကင်းလွတ်ခွင့် သို့မဟုတ် လျှော့ပေါ့ခွင့်မပြုသော ကျသင့်သည့် အခွန်အခများကို ပေးသွင်းရမည်။

၃၇။ ကော်ပိုရေးရှင်းသည် အခွန်အကောက်များနှင့် နိုင်ငံတော်သို့ အမြတ်ငွေခွဲဝေပေးသွင်းပြီးနောက် အောက်ပါရန်ပုံငွေများကို မိမိအသားတင်ပိုလျှံငွေထဲမှဖြစ်စေ၊ ဝန်ထမ်း၏ စုဆောင်းငွေမှဖြစ်စေ လျာထား သတ်မှတ်၍ သီးခြားစီထူထောင်ထားရှိနိုင်သည် -

(က) လုပ်သက်ဆုကြေးရန်ပုံငွေ၊

(ခ) ဖွံ့ဖြိုးမှုရန်ပုံငွေ၊

(ဂ) တန်ဖိုးယုတ်လျော့မှုရန်ပုံငွေ၊

(ဃ) အိုနာစာရန်ပုံငွေ၊

(င) သက်သာချောင်ချိရေးရန်ပုံငွေ၊

(စ) ဆုကြေးရန်ပုံငွေ၊

(ဆ) အခြားလိုအပ်သောရန်ပုံငွေ။

၃၈။ ကော်ပိုရေးရှင်းသည် -

(က) ဝန်ကြီးဌာနက သတ်မှတ်ထားသည့်အတိုင်း သာမန်အသုံးစရိတ်အောက်တွင် ပုဒ်မ ၃၇၊ ပုဒ်မခွဲ (ဂ) အရ ထူထောင်သည့် တန်ဖိုးယုတ်လျော့မှုရန်ပုံငွေကို နှစ်စဉ် သီးခြားလျာထားသတ်မှတ် ထားရှိရမည်။

(ခ) ဝန်ထမ်းများ၏စုဆောင်းငွေများနှင့် မိမိ၏အသားတင်ပိုလျှံငွေထဲမှ အချိုးကျထည့်ဝင်ငွေဖြင့် ဝန်ထမ်းများအလုပ်မှ အနားယူသည့်အခါ အထောက်အပံ့ပေးနိုင်ရန် ပုဒ်မ ၃၇၊ ပုဒ်မခွဲ (ဃ) အရ ထူထောင်သည့် အိုနာစာရန်ပုံငွေဖြင့် စီမံဆောင်ရွက်နိုင်သည်။

၃၉။ ကော်ပိုရေးရှင်းသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ပြည်တွင်းပြည်ပဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ ငွေချေးယူ ဆောင်ရွက်နိုင်သည်။

၄၀။ ကော်ပိုရေးရှင်းသည် အောက်ပါစာရင်းများကို ဒါရိုက်တာအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြရမည် -

(က) ဝန်ထမ်းအင်အားစာရင်း၊

(ခ) ငွေသားအခြေအနေ၊

(ဂ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းစာရင်း၊

(ဃ) ပိုင်ဆိုင်သည့်ပစ္စည်းစာရင်းနှင့်တန်ဖိုးစာရင်း၊

(င) အရှုံးအမြတ်စာရင်း၊

(စ) လက်ကျန်ရှင်းတမ်း။

၄၁။ ကော်ပိုရေးရှင်းသည် -

(က) ဌာနတွင်း ဘဏ္ဍာရေးကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်း၍ ဝင်ငွေ ထွက်ငွေနှင့်စပ်လျဉ်းပြီး စစ်ဆေး ကြီးကြပ်စေရမည်။

(ခ) ဌာနတွင်းစာရင်းစစ်အဖွဲ့ဖွဲ့စည်း၍ ကော်ပိုရေးရှင်း၏ ဘဏ္ဍာရေး အရအသုံးစာရင်းများကို ပုံမှန် စစ်ဆေးမှုများ ပြုလုပ်စေရမည်။ ထို့ပြင် ဌာနတွင်းစာရင်းစစ်အဖွဲ့၏ စာရင်းစစ်ဆေးမှုအစီရင် ခံစာကို ပြင်ပမှစာရင်းစစ်ဆေးမှုမပြုလုပ်မီ ဌာနတွင်း ဘဏ္ဍာရေးကြီးကြပ်ရေးအဖွဲ့က စိစစ်ပြီး ဒါရိုက်တာအဖွဲ့သို့ တင်ပြစေရမည်။

(ဂ) မိမိ၏နှစ်ချုပ်စာရင်းစစ် အစီရင်ခံစာကို ဒါရိုက်တာအဖွဲ့မှတစ်ဆင့် ဝန်ကြီးဌာနသို့ နှစ်စဉ် တင်ပြရမည်။

၄၂။ ကော်ပိုရေးရှင်းသည် -

(က) မိမိ၏ဘဏ္ဍာငွေအရအသုံးစာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက အတည်ပြုသည့် မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားသော စာရင်းစစ်အဖွဲ့တစ်ခုခု၏ စစ်ဆေးမှုကို ခံယူရမည်။

(ခ) ပုဒ်မခွဲ (က) အရ တာဝန်ပေးအပ်ထားသည့် စာရင်းစစ်အဖွဲ့၏ စာရင်းစစ်ဆေးမှုအစီရင်ခံစာကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသို့ တင်ပြရမည်။

၄၃။ ကော်ပိုရေးရှင်းသည် မိမိလုပ်ငန်းမှရရှိလာသော အသားတင်အမြတ်ငွေအနက်မှ ပြည်ထောင်စုအစိုးရအဖွဲ့က နှစ်စဉ်သတ်မှတ်ပေးသည့် အမြတ်ဝေစုကိုလည်းကောင်း၊ တည်ဆဲဥပဒေအရ ကျသင့်သည့်အခွန်အခများကိုလည်းကောင်း နိုင်ငံတော်သို့ ပေးသွင်းရမည်။

## အခန်း (၁၁)
## အထွေထွေ

၄၄။ အမှုဆောင်အရာရှိချုပ်သည် ဤဥပဒေအရ ကော်ပိုရေးရှင်းကဆောင်ရွက်သည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းကိုလည်းကောင်း၊ ယင်းလုပ်ငန်းနှင့်ဆက်စပ်သည့် အခြားစီးပွားရေးလုပ်ငန်းအဝဝကိုလည်းကောင်း ဒါရိုက်တာအဖွဲ့သို့ တာဝန်ခံ၍ ဆောင်ရွက်ရမည်။

၄၅။ ဒါရိုက်တာအဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေနှင့်စရိတ်တို့ကို ကော်ပိုရေးရှင်း၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၄၆။ ဒါရိုက်တာအဖွဲ့ဝင်များနှင့် ကော်ပိုရေးရှင်း၏ဝန်ထမ်းများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပေးအပ်သောတာဝန်ကို ဆောင်ရွက်နေသည့်အချိန်တွင် ရာဇသတ်ကြီးပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်း ဖြစ်သည်ဟု မှတ်ယူရမည်။

၄၇။ ကော်ပိုရေးရှင်းကဖြစ်စေ၊ ကော်ပိုရေးရှင်းနှင့် ပူးပေါင်းဖွဲ့စည်းသည့်ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ ရရန်ပိုင်ခွင့်နှင့် တရားဝင်ဆောင်ရွက်ပိုင်ခွင့်တို့အတွက် တရားမကြောင်းဖြင့်စွဲဆိုသော အမှုများသည် ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား၊ အပိုဒ် ၁၄၉ နှင့် သက်ဆိုင်စေရမည်။

၄၈။ ကော်ပိုရေးရှင်းပိုင် ငွေကြေးနှင့်ပစ္စည်းများသည် နိုင်ငံတော်ပိုင်ပစ္စည်းဖြစ်သည်ဟု မှတ်ယူရမည်။

၄၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဒါရိုက်တာအဖွဲ့နှင့် ကော်ပိုရေးရှင်းတို့သည် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

**အမိန့်ကြော်ငြာစာအမှတ် (၁၁၆/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၈ ရက်)

**လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေး အကြံပေးအဖွဲ့ခေါင်းဆောင်၏ အဆင့်သတ်မှတ်ခြင်း**

၁။　ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၂၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၈ နှင့် ပြည်သူ့လွှတ်တော်အစည်းအဝေးဆုံးဖြတ်ချက်တို့အရ **လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေး အကြံပေးအဖွဲ့** ကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁၀၂/၂၀၁၉) ဖြင့် ဖွဲ့စည်းခဲ့ပြီး ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁၁၁/၂၀၁၉) ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

၂။　၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ ပြည်သူ့လွှတ်တော်မှ ဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့သည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများဖြစ်သည်။

၃။　လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့၏ အဖွဲ့ခေါင်းဆောင်သည် ပြည်သူ့လွှတ်တော်မှ ဖွဲ့စည်းထားသည့်ကော်မတီများ၏ ဥက္ကဋ္ဌများနှင့်တူညီသောအဆင့်ဖြစ်သည်။

(ပုံ) တီခွန်မြတ်
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**အမိန့်ကြော်ငြာစာအမှတ် (၆၉၈/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်စွဲပါ ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၂ ဖြင့် အသစ်ပြဋ္ဌာန်းလိုက်သည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေအရ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါ မြို့နယ်များတွင်ဖြစ်ပွားသော ကလေးသူငယ်မှုခင်းကိစ္စများကို စစ်ဆေးစီရင်ရန်အတွက် ကလေးသူငယ်တရားရုံး၊ မန္တလေးမြို့ကို ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (က) အရ ဖွဲ့စည်းတည်ထောင်လိုက်သည် -

(က)　အောင်မြေသာစံမြို့နယ်

(ခ)　ချမ်းအေးသာစံမြို့နယ်

(ဂ)　မဟာအောင်မြေမြို့နယ်

(ဃ)　ချမ်းမြသာစည်မြို့နယ်

(င)　ပြည်ကြီးတံခွန်မြို့နယ်

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၁၃၁/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်)

### တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းပြချက်အရ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၉ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁၅/၂၀၁၇) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကို ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

**ရခိုင်ပြည်နယ်လွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၂၂၆၆၆ | **အစား** | ကြည်း ၂၃၁၅၈ |
| ဗိုလ်မှူးကြီး ဖုန်းတင့် | | ဗိုလ်မှူးကြီး မင်းသန်း |

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၁၃၂/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၂) နေရာ၌ ဦးကျော်ဆွေဝင်း **အစား** ဦးစန်းယု ကို စတင်တာဝန် ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၁၃၃/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ပြည်ထောင်စုနယ်မြေ၊ တပ်ကုန်းမြို့နယ်

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၃) နေရာ၌ ဦးဝင်းကို **အစား** ဒေါ်တင့်တင့်ကြည် ကို စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၃၄/ ၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ပြည်ထောင်စုနယ်မြေ၊ ဇေယျာသီရိမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၅) နေရာ၌ ဦးစိုးမင်းခိုင် **အစား** ဦးနိုင်လင်း ကို စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၃၅/ ၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ပြည်ထောင်စုနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၅) နေရာ၌ ဦးသူရဝင်း **အစား** ဒေါ်မိုးသဇင်ဝင်း ကို စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၃၆/ ၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်ရွေးကောက်ပွဲ

ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၄) နေရာ၌ ဦးကျော်အေး **အစား** ဦးမေအောင် ကို စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၃၇/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၁) နေရာ၌ ဒေါ်အေးအေးလွင် **အစား** ဦးဝင်းမောင် ကို စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၃၈/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်နှစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် နှစ်ဦးနေရာ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များကို စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည် -

(၁) အဖွဲ့ဝင် (၂) နေရာတွင် ဦးဖောင်းလွမ်း **အစား** ဦးတီလူကျန်
(၂) အဖွဲ့ဝင် (၄) နေရာတွင် ဦးအောင်နော် **အစား** ဦးလောရှစ်

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၃၉/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

**ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်သုံးဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် သုံးဦးနေရာ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များကို စတင်တာဝန် ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည် -

(၁) အဖွဲ့ဝင် (၁) နေရာတွင် ဦးတင်လှ **အစား** ဦးခင်လှိုင်

(၂) အဖွဲ့ဝင် (၂) နေရာတွင် ဦးတင်အောင် **အစား** ဦးအေးထွန်း

(၃) အဖွဲ့ဝင် (၃) နေရာတွင် ဦးစိန်လွင် **အစား** ဦးဝင်းအောင်

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၄၀/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၃) နေရာ၌ ဦးကျော်ဝင်း **အစား** ဦးရွှေမန်း ကို စတင်တာဝန်ထမ်းဆောင်သည့် နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၄၁/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂ ရက်)

### ချင်းတိုင်းရင်းသားများပါတီ [Chin National Party (CNP)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ အောင်လံမြို့နယ်၊ ကျောက်အိုးတောင်အုပ်စု၊ ကျောက်အိုးတောင် ကျေးရွာတွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ချင်းတိုင်းရင်းသားများပါတီ [Chin National Party (CNP)]** ကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ချင်းတိုင်းရင်းသားများပါတီ [Chin National Party (CNP)]** ၏ မှတ်ပုံတင်အမှတ်သည် (၁၁၈) ဖြစ်ပါသည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၄၂/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌ အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနေရာ၌ ဦးကျော်ကျော် **အစား** ဦးတင့်ဆွေ ကို စတင်တာဝန် ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၄၃/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင် ပြောင်းလဲတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ရှမ်းပြည်နယ်၊ မိုင်းရယ်မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို စတင်တာဝန် ထမ်းဆောင်သည့်နေ့မှစ၍ ယှဉ်တွဲပါအတိုင်း ပြောင်းလဲတာဝန်ပေးအပ်လိုက်သည် -

(၁) ဦးစိုင်းသိန်းအောင် ဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

(၂) ဦးစိုင်းစိန်လွန်း အဖွဲ့ဝင် (၃)၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၄၄/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ရှမ်းပြည်နယ်၊ မိုင်းရယ်မြို့နယ်ရွေးကောက်ပွဲ

ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၂) နေရာ၌ ဦးကျော်မြင့် **အစား** ဦးသာငွေ ကို စတင်တာဝန် ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၁၉

၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit - CPU) ဆိုင်ရာအဖွဲ့များကို အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) **သတင်းစုံစမ်းရေးနှင့် တားဆီးကာကွယ်ရေးအဖွဲ့**

(၁) ဦးရဲရင့်လွင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ရွေးကောက်ပွဲဆိုင်ရာ — အဖွဲ့ခေါင်းဆောင်

(၂) ဦးကျော်ကျော်စိုး၊ ညွှန်ကြားရေးမှူး စီမံ၊ ထောက်ပံ့နှင့် ဘဏ္ဍာရေးဌာန — အဖွဲ့ဝင်

(၃) ဦးတင်မောင်လတ်၊ ဒုတိယညွှန်ကြားရေးမှူး ဥက္ကဋ္ဌရုံး — အဖွဲ့ဝင်

(၄) ဒေါ်ခင်စန်းရင်၊ ဒုတိယညွှန်ကြားရေးမှူး စီမံဌာနခွဲ — အဖွဲ့ဝင်

(ခ) **ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့**

(၁) ဦးလှထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ရွေးကောက်ပွဲခုံရုံးဆိုင်ရာ — အဖွဲ့ခေါင်းဆောင်

(၂) ဦးစိုင်းကျော်သူ၊ ညွှန်ကြားရေးမှူး ရွေးကောက်ပွဲခုံရုံးဌာန — အဖွဲ့ဝင်

(၃) ဦးနိုင်သူရစိုး၊ ဒုတိယညွှန်ကြားရေးမှူး အမျိုးသားလွှတ်တော်ဌာနခွဲ — အဖွဲ့ဝင်

(၄) ဦးမြတ်ထွန်းဦး၊ ဒုတိယညွှန်ကြားရေးမှူး သုတေသနနှင့် မှတ်တမ်းဌာနခွဲ — အဖွဲ့ဝင်

(ဂ) **ပညာပေးနှင့် မှတ်တမ်းတင်အစီရင်ခံရေးအဖွဲ့**

(၁) ဦးဝင်းဦးခိုင်၊ ညွှန်ကြားရေးမှူး ရွေးကောက်ပွဲဌာန — အဖွဲ့ခေါင်းဆောင်

(၂) ဦးအောင်မျိုးသန့်၊ ဒုတိယညွှန်ကြားရေးမှူး ပြည်သူ့လွှတ်တော်ဌာနခွဲ — အဖွဲ့ဝင်

(၃) ဦးနန္ဒနေလင်း၊ ဒုတိယညွှန်ကြားရေးမှူး နိုင်ငံရေးပါတီဌာနခွဲ — အဖွဲ့ဝင်

(၄) ဦးသန့်ဇင်အောင်၊ ဒုတိယညွှန်ကြားရေးမှူး ရွေးကောက်ပွဲခုံရုံးဌာနခွဲ — အဖွဲ့ဝင်

၂။ အဆိုပါအဖွဲ့များ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) **သတင်းစုံစမ်းရေးနှင့် တားဆီးကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ**

(၁) ဌာနအလိုက် အဂတိလိုက်စားမှုဖြစ်နိုင်ခြေရှိသော လုပ်ငန်းဆောင်ရွက်ချက်များ၊ လုပ်ငန်းအခြေအနေများကို လေ့လာဆန်းစစ်ခြင်းနှင့် စိစစ်ဖော်ထုတ်ရန်၊

(၂) ကော်မရှင်ရုံး၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့်သက်ဆိုင်သော တိုင်ကြားစာများကို စိစစ်ဆောင်ရွက်ရန်၊

(၃) လေ့လာတွေ့ရှိချက်များကို ဌာနဆိုင်ရာစစ်ဆေးမှုအဖွဲ့ထံသို့ ဆက်လက်ပေးပို့ရန်၊

(၄) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အပါအဝင် အခြားသောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

(ခ) **ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ**

(၁) သတင်းစုံစမ်းရေးနှင့် တားဆီးကာကွယ်ရေးအဖွဲ့မှ ပေးပို့လာသောကိစ္စရပ်များအပေါ် စိစစ်၍ စစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်ရန်၊

(၂) အဂတိလိုက်စားမှု မှန်ကန်ကြောင်း ပေါ်ပေါက်ပါက သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်ရန်၊

(၃) အဂတိလိုက်စားမှုနှင့်စပ်လျဉ်းသည့် အရေးယူဆောင်ရွက်မှု အခြေအနေများကို ပညာပေးနှင့်မှတ်တမ်းတင်အစီရင်ခံရေးအဖွဲ့ထံသို့ ပေးပို့ရန်။

(ဂ) **ပညာပေးနှင့် မှတ်တမ်းတင်အစီရင်ခံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ**

(၁) အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ သတင်းစုံစမ်းရေးနှင့် တားဆီးကာကွယ်ရေးအဖွဲ့၊ ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့တို့၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ညွှန်ကြားရေးမှူးချုပ်မှတစ်ဆင့် ကော်မရှင်ဥက္ကဋ္ဌထံသို့ အစီရင်ခံတင်ပြပြီး နိုင်ငံတော်သမ္မတရုံးသို့ ဆက်လက်ပေးပို့တင်ပြရန်၊

(၂) အဂတိလိုက်စားမှုနှင့်စပ်လျဉ်းသည့် တိုင်ကြားမှုများနှင့် ယင်းအပေါ်ကိုင်တွယ်ဆောင်ရွက်မှုအခြေအနေများကို သတင်းထုတ်ပြန်ရန်၊

(၃) ကော်မရှင်ရုံးရှိ ဝန်ထမ်းများအား အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ အသိပညာပေးမှုများ စီမံဆောင်ရွက်ရန်။

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် အဂတိလိုက်စားမှုပေါ်ပေါက်လာပါက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများနှင့်အညီ စစ်ဆေးအရေးယူဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများထံသို့ ပေါင်းစပ်ဆောင်ရွက်ခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က အခါအားလျော်စွာထုတ်ပြန်မည့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ပြီး သင်တန်းများ၊ ပညာပေးဆွေးနွေးပွဲများ ဖွင့်လှစ်ပို့ချပါက ပူးပေါင်းပါဝင်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားပညာရေးမူဝါဒကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၉**

ရန်ကုန်မြို့၊ ၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၉ ရက်)

**ပါမောက္ခချုပ်များကော်မတီ၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပါမောက္ခချုပ်များကော်မတီ၏ လုပ်ငန်းတာဝန်များကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် **ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့** တို့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) **ဗဟိုအလုပ်အမှုဆောင်အဖွဲ့**

| | | | |
|---|---|---|---|
| (၁) | ဒေါက်တာဇော်ဝေစိုး | ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ် (၁)၊ ရန်ကုန် | ဥက္ကဋ္ဌ |
| (၂) | ဒေါက်တာဆင့်စိုး | ပါမောက္ခချုပ်၊ မန္တလေး နည်းပညာတက္ကသိုလ် | ဒုတိယဥက္ကဋ္ဌ (၁) |
| (၃) | ဦးကျော်စွာစိုး | ပါမောက္ခချုပ်၊ ကွန်ပျူတာ တက္ကသိုလ်၊ မန္တလေး | ဒုတိယဥက္ကဋ္ဌ (၂) |
| (၄) | ဒေါက်တာကြည်ရှင် | ပါမောက္ခချုပ်၊ ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ် | အဖွဲ့ဝင် |
| (၅) | ဒေါက်တာသီဂီ | ပါမောက္ခချုပ်၊ နည်းပညာ တက္ကသိုလ်၊ သန်လျင် | အဖွဲ့ဝင် |
| (၆) | ဒေါက်တာစိုးဝင်း | ပါမောက္ခချုပ်၊ မုံရွာ စီးပွားရေးတက္ကသိုလ် | အဖွဲ့ဝင် |
| (၇) | ဒေါက်တာထင်ဇော်စိုး | ပါမောက္ခချုပ်၊ အခြေခံ ကျန်းမာရေးတက္ကသိုလ်၊ မကွေး | အဖွဲ့ဝင် |
| (၈) | ဒေါက်တာဖိုးကောင်း | ပါမောက္ခချုပ်၊ ရန်ကုန်တက္ကသိုလ် | အဖွဲ့ဝင် |
| (၉) | ဒေါက်တာသူရဦး | ပါမောက္ခချုပ်၊ မုံရွာတက္ကသိုလ် | အဖွဲ့ဝင် |
| (၁၀) | ဒေါက်တာခင်မောင်ဦး | ပါမောက္ခချုပ်၊ မကွေးတက္ကသိုလ် | အဖွဲ့ဝင် |
| (၁၁) | ဒေါက်တာကျော်ကျော်ခေါင် | ပါမောက္ခချုပ်၊ ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ် | အဖွဲ့ဝင် |
| (၁၂) | ဒေါက်တာမီမီသက်သွင် | ပါမောက္ခချုပ်၊ ရန်ကုန် ကွန်ပျူတာတက္ကသိုလ် | အဖွဲ့ဝင် |
| (၁၃) | ဒေါက်တာတင်မောင်ထွန်း | ပါမောက္ခချုပ်၊ ရန်ကုန် အနောက်ပိုင်းတက္ကသိုလ် | အဖွဲ့ဝင် |
| (၁၄) | ဒေါက်တာကြည်စိုး | ပါမောက္ခချုပ်၊ ရန်ကုန် အနောက်ပိုင်းနည်းပညာတက္ကသိုလ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၁၅) | ဒေါက်တာမိုးပွင့် | ပါမောက္ခချုပ်၊ မန္တလေး ကွန်ပျူတာတက္ကသိုလ် | အဖွဲ့ဝင် |
| (၁၆) | ဒေါက်တာရီရီဝင်း | ပါမောက္ခချုပ်၊ သမဝါယမတက္ကသိုလ်၊ သန်လျင် | အဖွဲ့ဝင် |
| (၁၇) | ဒေါက်တာမြတ်သန္တာ | ပါမောက္ခချုပ်၊ သူနာပြု တက္ကသိုလ်၊ ရန်ကုန် | အဖွဲ့ဝင် |
| (၁၈) | ဦးအောင်နိုင်မြင့် | ပါမောက္ခချုပ်၊ အမျိုးသား ယဉ်ကျေးမှုအနုပညာ တက္ကသိုလ် (ရန်ကုန်) | အဖွဲ့ဝင် |
| (၁၉) | ဒေါက်တာမာမာဝင်း | ပါမောက္ခချုပ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ ရေဆင်း | အဖွဲ့ဝင် |
| (၂၀) | ဒေါက်တာစောပြုံးနိုင် | ပါမောက္ခချုပ်၊ စစ်ကိုင်း ပညာရေးတက္ကသိုလ်၊ | အဖွဲ့ဝင် |
| (၂၁) | ဒေါ်နွယ်နီ | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန၊ | အတွင်းရေးမှူး |

(ခ) **အလုပ်အမှုဆောင်အဖွဲ့**

| | | | |
|---|---|---|---|
| (၁) | ဒေါက်တာဇော်ဝေစိုး | ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ် (၁)၊ ရန်ကုန် | ဥက္ကဋ္ဌ |
| (၂) | ဒေါက်တာဆင့်စိုး | ပါမောက္ခချုပ်၊ မန္တလေးနည်းပညာတက္ကသိုလ် | ဒုတိယဥက္ကဋ္ဌ (၁) |
| (၃) | ဦးကျော်စွာစိုး | ပါမောက္ခချုပ်၊ ကွန်ပျူတာ တက္ကသိုလ်၊ မန္တလေး | ဒုတိယဥက္ကဋ္ဌ (၂) |
| (၄) | ဒေါက်တာဖိုးကောင်း | ပါမောက္ခချုပ်၊ ရန်ကုန်တက္ကသိုလ် | အဖွဲ့ဝင် |
| (၅) | ဒေါက်တာဝင်းနိုင် | ပါမောက္ခချုပ်၊ ဒဂုံတက္ကသိုလ် | အဖွဲ့ဝင် |
| (၆) | ဒေါက်တာခင်မောင်ဦး | ပါမောက္ခချုပ်၊ မကွေးတက္ကသိုလ် | အဖွဲ့ဝင် |
| (၇) | ဒေါက်တာစီစီလှဘူး | ပါမောက္ခချုပ်၊ ပုသိမ်တက္ကသိုလ် | အဖွဲ့ဝင် |
| (၈) | ဒေါက်တာသူရဦး | ပါမောက္ခချုပ်၊ မုံရွာတက္ကသိုလ် | အဖွဲ့ဝင် |
| (၉) | ဒေါက်တာမောင်မောင်နိုင် | ပါမောက္ခချုပ်၊ ရတနာပုံတက္ကသိုလ် | အဖွဲ့ဝင် |
| (၁၀) | ဒေါက်တာကျော်ကျော်ခေါင် | ပါမောက္ခချုပ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် | အဖွဲ့ဝင် |
| (၁၁) | ဒေါက်တာတင်မောင်ထွန်း | ပါမောက္ခချုပ်၊ ရန်ကုန် အနောက်ပိုင်းတက္ကသိုလ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၁၂) | ဒေါက်တာမြင့်သိန်း | ပါမောက္ခချုပ်၊ ရန်ကုန်နည်းပညာတက္ကသိုလ် | အဖွဲ့ဝင် |
| (၁၃) | ဒေါက်တာကြည်စိုး | ပါမောက္ခချုပ်၊ ရန်ကုန် အနောက်ပိုင်းနည်းပညာတက္ကသိုလ် | အဖွဲ့ဝင် |
| (၁၄) | ဒေါက်တာသိဂီ | ပါမောက္ခချုပ်၊ နည်းပညာ တက္ကသိုလ်၊ သန်လျင် | အဖွဲ့ဝင် |
| (၁၅) | ဒေါက်တာစန်းစန်းရီ | ပါမောက္ခချုပ်၊ နည်းပညာ တက္ကသိုလ်၊ တောင်ကြီး | အဖွဲ့ဝင် |
| (၁၆) | ဒေါက်တာခင်ထိုက်ထိုက်လွင် | ပါမောက္ခချုပ် (တာဝန်) နည်းပညာတက္ကသိုလ်၊ ကျောက်ဆည် | အဖွဲ့ဝင် |
| (၁၇) | ဒေါက်တာမီမီသက်သွင် | ပါမောက္ခချုပ်၊ ရန်ကုန် ကွန်ပျူတာတက္ကသိုလ် | အဖွဲ့ဝင် |
| (၁၈) | ဒေါက်တာမိုးပွင့် | ပါမောက္ခချုပ်၊ မန္တလေး ကွန်ပျူတာတက္ကသိုလ် | အဖွဲ့ဝင် |
| (၁၉) | ဒေါက်တာစောစန္ဒာအေး | ပါမောက္ခချုပ်၊ သတင်းအချက်အလက် နည်းပညာတက္ကသိုလ် | အဖွဲ့ဝင် |
| (၂၀) | ဒေါက်တာသင်းသုနိုင် | ပါမောက္ခချုပ် (တာဝန်) ကွန်ပျူတာတက္ကသိုလ်၊ တောင်ကြီး | အဖွဲ့ဝင် |
| (၂၁) | ဒေါက်တာစိုးလင်းအောင် | ဒုတိယပါမောက္ခချုပ်၊ ကွန်ပျူတာတက္ကသိုလ်၊ မကွေး | အဖွဲ့ဝင် |
| (၂၂) | ဒေါက်တာဆန်းဆန်းဝင်း | ပါမောက္ခချုပ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (မန္တလေး) | အဖွဲ့ဝင် |
| (၂၃) | ဒေါက်တာသိဂီလှိုင် | ပါမောက္ခချုပ်၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ရန်ကုန်) | အဖွဲ့ဝင် |
| (၂၄) | ဒေါက်တာမြတ်သန္တာ | ပါမောက္ခချုပ်၊ သူနာပြု တက္ကသိုလ်၊ ရန်ကုန် | အဖွဲ့ဝင် |
| (၂၅) | ဒေါက်တာထင်ဇော်စိုး | ပါမောက္ခချုပ်၊ အခြေခံ ကျန်းမာရေးတက္ကသိုလ်၊ မကွေး | အဖွဲ့ဝင် |
| (၂၆) | ဒေါက်တာလှလှဝင်း | ပါမောက္ခချုပ်၊ ပြည်သူ့ ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန် | အဖွဲ့ဝင် |
| (၂၇) | ဒေါက်တာသိန်းဇော်လင်း | ပါမောက္ခချုပ်၊ တိုင်းရင်းဆေး တက္ကသိုလ်၊ မန္တလေး | အဖွဲ့ဝင် |
| (၂၈) | ဒေါက်တာစိုးဝင်း | ပါမောက္ခချုပ်၊ မွေးမြူရေးနှင့်ကုသရေး တက္ကသိုလ် | အဖွဲ့ဝင် |
| (၂၉) | ဒေါက်တာစောပြုံးနိုင် | ပါမောက္ခချုပ်၊ စစ်ကိုင်း ပညာရေးတက္ကသိုလ် | အဖွဲ့ဝင် |
| (၃၀) | ဒေါက်တာကြည်ရှင် | ပါမောက္ခချုပ်၊ ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၃၁) | ဦးအောင်နိုင်မြင့် | ပါမောက္ခချုပ်၊ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) | အဖွဲ့ဝင် |
| (၃၂) | ဒေါက်တာရီရီဝင်း | ပါမောက္ခချုပ်၊ သမဝါယမတက္ကသိုလ်၊ သန်လျင် | အဖွဲ့ဝင် |
| (၃၃) | ဒေါက်တာမြတ်လွင် | ပါမောက္ခချုပ်၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် | အဖွဲ့ဝင် |
| (၃၄) | ဒေါက်တာကြည်သွင် | ပါမောက္ခချုပ်၊ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသ ပညာတက္ကသိုလ် | အဖွဲ့ဝင် |
| (၃၅) | ဒေါက်တာနန်းဆိုင်ဟွမ်း | ပါမောက္ခချုပ်၊ စိုက်ပျိုးရေး တက္ကသိုလ်၊ ရေဆင်း | အဖွဲ့ဝင် |
| (၃၆) | ဒေါက်တာမာမာဝင်း | ပါမောက္ခချုပ်၊ မွေးမြူရေး ဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်း | အဖွဲ့ဝင် |
| (၃၇) | ပါမောက္ခချုပ် | သစ်တောနှင့် ပတ်ဝန်းကျင် ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း | အဖွဲ့ဝင် |
| (၃၈) | ဒေါ်စန်းစန်းမြင့် | ကျောင်းအုပ်ကြီး၊ တောင်ငူ ပညာရေးကောလိပ် | အဖွဲ့ဝင် |
| (၃၉) | ဒေါ်ချိုချိုစန်း | ကျောင်းအုပ်ကြီး၊ မော်လမြိုင်ပညာရေးကောလိပ် | အဖွဲ့ဝင် |
| (၄၀) | ဦးအောင်မြတ်စိုး | ကျောင်းအုပ်ကြီး၊ ရန်ကင်းပညာရေးကောလိပ် | အဖွဲ့ဝင် |
| (၄၁) | ဒေါ်သန်းသန်းနိုင် | ကျောင်းအုပ်ကြီး၊ ပုသိမ်ပညာရေးကောလိပ် | အဖွဲ့ဝင် |
| (၄၂) | ဒေါ်နီနီသန်း | ကျောင်းအုပ်ကြီး၊ ထားဝယ် ပညာရေးကောလိပ် | အဖွဲ့ဝင် |
| (၄၃) | ဒေါ်နီလာမြင့် | ကျောင်းအုပ်ကြီး၊ ယွန်းပညာကောလိပ် | အဖွဲ့ဝင် |
| (၄၄) | ဒေါ်နွယ်နီ | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန၊ | အတွင်းရေးမှူး |

၂။ အဖွဲ့များ၏ လုပ်ငန်းတာဝန်များမှာ ပါမောက္ခချုပ်များကော်မတီဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၈ တွင်ပါရှိသည့်အတိုင်းဖြစ်သည်။

၃။ ပါမောက္ခချုပ်များကော်မတီ၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းသည့် အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၈ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးလိုက်သည်။

ဒေါက်တာမျိုးကြွယ်၊
ဥက္ကဋ္ဌ၊
အမျိုးသားပညာရေးမူဝါဒကော်မရှင်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၁၀/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၆ ရက်)

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၄၆/၂၀၁၈) နှင့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၉) တို့ဖြင့် အစမ်းခန့်ထားခဲ့သော မီးသတ်ဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူးချုပ် (၂) ဦးတို့အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၃၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၄ (က) တို့အရ အလုပ်တာဝန်စတင်ထမ်းဆောင်ခဲ့သည့် ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှစ၍ လက်ရှိရာထူးအဆင့် (ဒုတိယညွှန်ကြားရေးမှူးချုပ်) တွင် အတည်ပြုခန့်ထားလိုက်သည် -

(က) (မ ၀၀၂၅) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူ ၁-၈-၂၀၁၈

(ခ) (မ ၀၁၀၇) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်သူရ ၁၇-၁-၂၀၁၉

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၁၁/၂၀၁၉)

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀၆၂/၂၀၁၈) နှင့် ၂၀၁၉ ခုနှစ်၊ မတ်လ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂၅/၂၀၁၉) တို့ဖြင့် အစမ်းခန့်ထားခဲ့သော မီးသတ်ဦးစီးဌာနမှ အောက်ဖော်ပြပါ ညွှန်ကြားရေးမှူး (၂) ဦးတို့အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၃၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၄ (က) တို့အရ အလုပ်တာဝန်စတင်ထမ်းဆောင်ခဲ့သည့် ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှစ၍ လက်ရှိရာထူးအဆင့် (ညွှန်ကြားရေးမှူး) တွင် အတည်ပြုခန့်ထားလိုက်သည် -

(က) (မ ၀၄၇၉) ညွှန်ကြားရေးမှူး ဦးမြကြိုင် ၁-၉-၂၀၁၈
ကယားပြည်နယ်မီးသတ်ဦးစီးမှူးရုံး

(ခ) (မ ၀၄၇၆) ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း ၂၃-၃-၂၀၁၉
ကချင်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၁၄/၂၀၁၉)

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၁၅/၂၀၁၉) ဖြင့် အစမ်းခန့်ထားခဲ့သော မီးသတ်ဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (၂) ဦးတို့အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၃၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၄ (က) တို့အရ အလုပ်တာဝန်စတင်ထမ်းဆောင်ခဲ့သည့် ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှစ၍ လက်ရှိရာထူးအဆင့် (ဦးစီးအရာရှိ) တွင် အတည်ပြုခန့်ထားလိုက်သည် -

(က) (မ ၀၇၉၇) ဦးစီးအရာရှိ ဦးချမ်းငြိမ်းသူ ၅-၃-၂၀၁၉
မိုးကောင်းမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(ခ) (မ ၀၇၉၈) ဦးစီးအရာရှိ ဦးအောင်မျိုးဦး ၂၄-၃-၂၀၁၉
နောင်ချိုမြို့နယ်မီးသတ်ဦးစီးမှူးရုံး

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၂၂/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၈ ရက်)

မီးသတ်ဦးစီးဌာန၊ ရခိုင်ပြည်နယ်မီးသတ်ဦးစီးမှူးရုံးမှ (မ ၀၄၁၂) ညွှန်ကြားရေးမှူး ဦးသော်ဒါ အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့မှ ဒီဇင်ဘာလ ၂၅ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၂၈/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်)

### ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မြောက်ဦးမြို့နယ်၊ တိန်ညိုရဲကင်းစခန်းအား နယ်မြေရဲစခန်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခြင်း

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၄ ရက် (ကြာသပတေး) နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၁၉) မှ သဘောတူခွင့်ပြုချက်အရ ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မြောက်ဦးမြို့နယ်၊ တိန်ညိုရဲကင်းစခန်းအား အရာရှိ ၈ ဦး၊ အခြားအဆင့် ၃၇ ဦး၊ စုစုပေါင်း ၄၅ ဦးဖြင့် နယ်မြေရဲစခန်းအဖြစ် အဆင့်တိုးမြှင့် ဖွဲ့စည်းခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၂၉/၂၀၁၉)

### ရခိုင်ပြည်နယ်၊ မောင်တောခရိုင်၊ မောင်တောမြို့နယ်၊ မင်္ဂလာကြီး (ခ) သရက်အုပ်ရဲကင်းစခန်းအား မြောက်ဦးခရိုင်၊ မြေပုံမြို့နယ်၊ ရေခေါင်းချိန်ရဲကင်းစခန်းအဖြစ် ခုနှိမ်ပြောင်းရွှေ့ဖွင့်လှစ်ခွင့်ပြုခြင်း

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၄ ရက် (ကြာသပတေး) နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၁၉) မှ သဘောတူခွင့်ပြုချက်အရ ရခိုင်ပြည်နယ်၊ မောင်တောခရိုင်၊ မောင်တောမြို့နယ်၊ မင်္ဂလာကြီး (ခ) သရက်အုပ်ရဲကင်းစခန်းမှ ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မြေပုံမြို့နယ်၊ ရေခေါင်းချိန်ရဲကင်းစခန်းအဖြစ် အရာရှိ ၁ ဦး၊ အခြားအဆင့် ၁၇ ဦး၊ စုစုပေါင်း ၁၈ ဦးဖြင့် ခုနှိမ်ပြောင်းရွှေ့ဖွင့်လှစ်ခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၃၂/၂၀၁၉)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ယာယီရဲမှူးကြီး (၅) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးကြီး) တွင် အတည်ပြုခန့်ထားလိုက်သည် -

(က) ရဲ ၂၁၁၈ ယာယီရဲမှူးကြီး မင်းဟန် — ၃-၈-၂၀၁၉
ညွှန်ကြားရေးမှူး၊ မှုခင်းဌာန
ရဲဦးစီးဌာနကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

(ခ) ရဲ ၁၈၁၈ ယာယီရဲမှူးကြီး တင်ဦး — ၆-၈-၂၀၁၉
ဌာနမှူး၊ စီမံ/အုပ်ချုပ်ဌာန
မှုခင်းရဲတပ်ဖွဲ့

(ဂ) ရဲ ၃၇၄၉ ယာယီရဲမှူးကြီး ဇော်သီဟ ၇-၈-၂၀၁၉
ဌာနမှူး၊ နိုင်ငံတကာဆက်ဆံရေးဌာန
နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

(ဃ) ရဲ ၂၀၇၄ ယာယီရဲမှူးကြီး ခင်မောင်လတ် ၈-၈-၂၀၁၉
ဒုတိယတပ်ဖွဲ့မှူး
မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့

(င) ရဲ ၁၇၈၉ ယာယီရဲမှူးကြီး ရဲခိုင် ၇-၈-၂၀၁၉
ကွပ်ကဲမှုအဖွဲ့ခွဲမှူး
အမှတ် (၄) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲ

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၃၅/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်းသို့ တွဲဖက်တာဝန်ချထားသော အမှတ် (၂) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှ တပ်ဖွဲ့မှူး ရဲ ၁၉၆၄ ယာယီရဲမှူးချုပ် ရဲမြင့် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့မှ ဒီဇင်ဘာလ ၂၂ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာ (၂၂၇/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

၁။ ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ လားရှိုးမြို့၊ အမှတ် (၁၂) ရပ်ကွက်၊ အကွက်အမှတ်/အမည်-၄၃/ ရှမ်းဈေးတန်းရပ်၊ ဦးပိုင်အမှတ်-၂/က ရှိ **မြေဧရိယာ ၉. ၂၅၉ ဧက** အား **လားရှိုးခရိုင် အားကစားကွင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၂၂၈/၂၀၁၉)

ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ လွိုင်ကော်မြို့၊ နမ့်ဘော်ဝမ် (က) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၂၆၀/ရွာတန်းရှည်အရှေ့)၊ ဦးပိုင်အမှတ် (၆၈) ရှိ **မြကလပ်တောင်ကျောင်း (ဓမ္မဂုဏ်ရည် စာသင်တိုက်)** အခွန်လွတ်သာသနာမြေဧရိယာ **၄၃. ၇၂ ဧက** အနက်မှ **၀. ၁၆၁ ဧက** ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ **သိမ်ဒါယကာ ဦးဝေဖြိုး+ သိမ်ဒါယိကာမ ဒေါ်အေးစန္ဒာဝင်း** တို့အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၂၂၉/၂၀၁၉)

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ဟိုပုံးမြို့နယ်၊ ကုန်းကျိုင်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၅၀-ဃ၊ ကုန်းကျိုင်းအရှေ့တောင်)၊ မြေကွက်အမှတ် (၁၅၇) ရှိ **နောင်ယာဆိုင်းဘုန်းတော်ကြီးကျောင်း** အခွန်လွတ်သာသနာမြေဧရိယာ **၄. ၁၅ ဧက** အနက်မှ **မြေကွက်အမှတ် (၁၅၇/၁) ရှိ မြေဧရိယာ ၀. ၀၈၃ ဧက** ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ **သိမ်ဒါယိကာမ ဒေါ်ရီရီမေ နိုင်ငံသားစိစစ်ရေး ကတ်အမှတ် [၈/ပခက (နိုင်) ၁၀၈၃၇၇]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၂၃၀/၂၀၁၉)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မုဒုံမြို့နယ်၊ ကျုံဖိုက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်- ၈၄၈/၁၂၂/ ကန်ကလေးကွင်း၊ မြေကွက်အမှတ် (၃၉) ရှိ **ကန်ကလေးကျောင်းသစ်ဘုန်းတော်ကြီးကျောင်း** မူလသာသနာမြေဧရိယာ ၀. ၆၀ ဧကအနက်မှ **၀. ၀၃ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ-၃၄ နှင့်အညီ **သိမ်ဒါယကာ ဦးတင်မောင်ညွန့် [၉/မခန (နိုင်) ၁၄၈၀၀၃]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၂၃၁/၂၀၁၉)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ် (၂) ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် - ၂၊ မြေကွက်အမှတ် (၉၉) ရှိ **ခေမာသီဝံစာသင်တိုက်** အခွန်လွတ်သာသနာမြေဧရိယာ ၀. ၁၈၃ ဧကအနက်မှ **၀. ၀၂၁ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ-၃၄ နှင့်အညီ **သိမ်ဒါယကာ ဦးသိန်းထွန်း [၁၂/ပဇတ (နိုင်) ၀၁၄၅၅၈]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၂၃၃/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကောလင်းမြို့၊ ကျော်ဇေယျာရပ်ကွက်၊ အကွက်အမှတ်/အမည်-၂၀၀၁/ကရာကုန်း၊ ဦးပိုင်အမှတ် (၃၅၀-ပ)၊ မြေကွက်အမှတ် (၂၁)၊ မြေဧရိယာ (၀. ၂၇၃) ဧကအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ **ကောလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၂၃၄/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်)

၁။ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ ဖက်တောကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်-၁၃၇/ဆင်တိုးကျော့မြောက်ကွင်း၊ ဦးပိုင်အမှတ် - ၆၈/၄၊ မြေကွက်အမှတ် (၁၁၂/၃၈၂) မြေဧရိယာ **၀. ၆၂ ဧက** အား မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း **ပျော်ဘွယ်ပိုက်လိုင်း ပြုပြင်ထိန်းသိမ်းရေးစခန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၂၃၅/၂၀၁၉)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ အကွက်အမှတ်/အမည်-၁/အောင်မင်္ဂလာ W၊ မြေကွက်အမှတ် (၁၈၁)၊ မြေဧရိယာ **၀. ၁၁၇ ဧက** အား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ **ခင်ဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြန်ကြားရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြန်ကြားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၂၃၆/၂၀၁၉)

၁။ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ပြည်ညောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-ကြေးတိုင်ပြင်၊ ဦးပိုင်အမှတ် (၇၈/၂)၊ မြေဧရိယာ **၂. ၅၇ ဧက** အား မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ **သဘာဝဓာတ်ငွေ့ဖိအားမြှင့်စက်စခန်း (ပြည်ညောင်)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၂၃၇/၂၀၁၉)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အနောက်ပိုင်းခရိုင်၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆-ဂျီ၊ မြေကွက်အမှတ် (၇၆ ဘီ/၂ ၇၆ ဒီ/၂) တို့ရှိ **မြေဧရိယာ ၀. ၂၄၈ ဧက** အား **လူမှုဝန်ထမ်းဦးစီးဌာန၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာန (ရန်ကုန်)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၂၃၈/၂၀၁၉)

၁။ ရှမ်းပြည်နယ်၊ လင်းခေးခရိုင်၊ လင်းခေးမြို့နယ်၊ ပုန်းထွန်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၀-ပုန်းထွန်ရွာမ)၊ ဦးပိုင်အမှတ် (၁၁၄)၊ **မြေဧရိယာ ၀. ၆၈၈ ဧက** အား နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ **လင်းခေးခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **နယ်စပ်ရေးရာဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာနက အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၂၃၉/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၈ ရက်)

ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ (၂၅၂/၂၀၁၆) ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ သီတာမြိုင်ရပ်ကွက်၊ ကွင်းအမှတ်/အမည်-၆၁၂/ဂွေးပင်ကွင်း၊ ဦးပိုင်အမှတ် (၅) ရှိ **မြေဧရိယာ ၁၃၇. ၁၈ ဧက** ကို ကဏန်းပျော့

မွေးမြူရေးလုပ်ငန်းမြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ကျပ် (၁၆,၄၆၁,၆၀၀) နှုန်းဖြင့် **ဦးအောင်နိုင် [၁၀/ရမန (နိုင်) ၀၀၀၀၂၁]၊ မန်နေးဂျင်းဒါရိုက်တာ၊ အောင်မိုးခိုင်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများနည်းဥပဒေ ၉ (ဂ) အရ နှစ် (၃၀) စက်မှု/စီးပွား မြေငှားဂရန် ထုတ်ပေးခွင့်ပြုခဲ့ခြင်းအစား **ဦးအောင်နိုင် [၁၀/ရမန (နိုင်) ၀၀၀၀၂၁] နှင့် ဦးအောင်ဖြိုး [၁၂/လမတ (ဧည့်) ၀၀၀၈၇၅]၊ အောင်မိုးခိုင်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်** သို့ **နှစ် (၃၀) စက်မှု/စီးပွား မြေငှားဂရန်အမည်** ပြင်ဆင်ဖြည့်စွက်ထုတ်ပေးခွင့်ပြုလိုက်သည်။

မင်းသူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၂၂၉/၂၀၁၉

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အဆင့်ရှိ ရုံးအုပ် ဒေါ်ရီရီမြင့် အား ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၉) ၏ သဘောတူညီချက်အရ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရှိ ဦးစီးအရာရှိ (စီမံ) ရာထူးနေရာသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၂၃၀/၂၀၁၉

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) အဆင့်ရှိ ဌာနခွဲစာရေး (၃) ဦးတို့အား ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၉) ၏ သဘောတူညီချက်အရ စိုက်ပျိုးရေးဦးစီးဌာနရှိ အောက်ဖော်ပြပါ လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရှိ ဌာနခွဲမှူး (စီမံ) ရာထူးနေရာများသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး | တာဝန်ချထားမည့်ဒေသ |
|---|---|---|---|
| (က) | ဒေါ်လှလှယဉ်<br>ဌာနခွဲစာရေး | ဌာနခွဲမှူး (စီမံ) | ကျောက်တော်၊ စိုက်ပျိုးရေးသိပ္ပံ |
| (ခ) | ဒေါ်သန်းသန်းဆင့်<br>ဌာနခွဲစာရေး | ဌာနခွဲမှူး (စီမံ) | မြစ်ကြီးနား၊ စိုက်ပျိုးရေးသိပ္ပံ |
| (ဂ) | ဒေါ်ခင်စန်းလှိုင်<br>ဌာနခွဲစာရေး | ဌာနခွဲမှူး (စီမံ) | မြောင်းမြ၊ စိုက်ပျိုးရေးသိပ္ပံ |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၂၃၃/၂၀၁၉

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) အဆင့်ရှိ နည်းပြ (စိုက်ပျိုးရေး/မွေးမြူရေး)/လက်ထောက်ဉယျာဉ်အုပ် (၃၂) ဦးတို့အား ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၉) ၏ သဘောတူညီချက်အရ စိုက်ပျိုးရေးဦးစီးဌာနရှိ အောက်ဖော်ပြပါ လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရှိ လက်ထောက်ကထိက (စိုက်ပျိုးရေး/မွေးမြူရေး)/ဉယျာဉ်အုပ် ရာထူးနေရာများသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး | တာဝန်ချထားမည့်ဒေသ |
|---|---|---|---|
| (၁) | ဦးချစ်မြ<br>နည်းပြ (စိုက်/မွေး)/<br>လ/ထ ဉယျာဉ်အုပ် | လက်ထောက်ကထိက<br>(စိုက်ပျိုးရေး/မွေးမြူရေး)/ဉယျာဉ်အုပ် | ကျောက်တော်စိုက်သိပ္ပံ |
| (၂) | ဒေါ်ညွန့်ညွန့်ဝေ<br>နည်းပြ (စိုက်/မွေး)/<br>လ/ထ ဉယျာဉ်အုပ် | လက်ထောက်ကထိက<br>(စိုက်ပျိုးရေး/မွေးမြူရေး)/ဉယျာဉ်အုပ် | ထားဝယ်စိုက်သိပ္ပံ |
| (၃) | ဒေါ်အေးအေးနိုင်<br>နည်းပြ (စိုက်/မွေး)/<br>လ/ထ ဉယျာဉ်အုပ် | လက်ထောက်ကထိက<br>(စိုက်ပျိုးရေး/မွေးမြူရေး)/ဉယျာဉ်အုပ် | ဖွဲ့ကပင်စိုက်သိပ္ပံ |
| (၄) | ဒေါ်သက်မျိုးရွှေ<br>နည်းပြ (စိုက်/မွေး)/<br>လ/ထ ဉယျာဉ်အုပ် | လက်ထောက်ကထိက<br>(စိုက်ပျိုးရေး/မွေးမြူရေး)/ဉယျာဉ်အုပ် | ပွင့်ဖြူစိုက်သိပ္ပံ |
| (၅) | ဒေါ်ဝင်းမေအောင်<br>နည်းပြ (စိုက်/မွေး)/<br>လ/ထ ဉယျာဉ်အုပ် | လက်ထောက်ကထိက<br>(စိုက်ပျိုးရေး/မွေးမြူရေး)/ဉယျာဉ်အုပ် | ဒီးမော့ဆိုစိုက်သိပ္ပံ |
| (၆) | ဒေါ်မေသူလတ်<br>နည်းပြ (စိုက်/မွေး)/<br>လ/ထ ဉယျာဉ်အုပ် | လက်ထောက်ကထိက<br>(စိုက်ပျိုးရေး/မွေးမြူရေး)/ဉယျာဉ်အုပ် | လုံပီးစိုက်သိပ္ပံ |
| (၇) | ဒေါ်ခိုင်ဆွေဦး<br>နည်းပြ (စိုက်/မွေး)/<br>လ/ထ ဉယျာဉ်အုပ် | လက်ထောက်ကထိက<br>(စိုက်ပျိုးရေး/မွေးမြူရေး)/ဉယျာဉ်အုပ် | ဒီးမော့ဆိုစိုက်သိပ္ပံ |
| (၈) | ဒေါ်စိုးယုနွယ်<br>နည်းပြ (စိုက်/မွေး)/<br>လ/ထ ဉယျာဉ်အုပ် | လက်ထောက်ကထိက<br>(စိုက်ပျိုးရေး/မွေးမြူရေး)/ဉယျာဉ်အုပ် | ဟဲဟိုးစိုက်သိပ္ပံ |
| (၉) | ဒေါ်စောမင်းမင်းသန်း<br>နည်းပြ (စိုက်/မွေး)/<br>လ/ထ ဉယျာဉ်အုပ် | လက်ထောက်ကထိက<br>(စိုက်ပျိုးရေး/မွေးမြူရေး)/ဉယျာဉ်အုပ် | သထုံစိုက်သိပ္ပံ |

| စဉ် | အမည်၊ လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး | တာဝန်ချထားမည့်ဒေသ |
|---|---|---|---|
| (၁၀) | ဦးအောင်နိုင်စိုး နည်းပြ (စိုက်/မွေး)/ လ/ထ ဥယျာဉ်အုပ် | လက်ထောက်ကထိက (စိုက်ပျိုးရေး/မွေးမြူရေး)/ဥယျာဉ်အုပ် | ဒီးမော့ဆိုစိုက်သိပ္ပံ |
| (၁၁) | ဦးအောင်သန့် နည်းပြ (စိုက်/မွေး)/ လ/ထ ဥယျာဉ်အုပ် | လက်ထောက်ကထိက (စိုက်ပျိုးရေး/မွေးမြူရေး)/ဥယျာဉ်အုပ် | ဒီးမော့ဆိုစိုက်သိပ္ပံ |
| (၁၂) | ဒေါ်သီတာလှိုင် နည်းပြ (စိုက်/မွေး)/ လ/ထ ဥယျာဉ်အုပ် | လက်ထောက်ကထိက (စိုက်ပျိုးရေး/မွေးမြူရေး)/ဥယျာဉ်အုပ် | မြစ်ကြီးနားစိုက်သိပ္ပံ |
| (၁၃) | ဒေါ်နီလာဝင်း နည်းပြ (စိုက်/မွေး)/ လ/ထ ဥယျာဉ်အုပ် | လက်ထောက်ကထိက (စိုက်ပျိုးရေး/မွေးမြူရေး)/ဥယျာဉ်အုပ် | ဟဲဟိုးစိုက်သိပ္ပံ |
| (၁၄) | ဦးနေလင်းအောင် နည်းပြ (စိုက်/မွေး)/ လ/ထ ဥယျာဉ်အုပ် | လက်ထောက်ကထိက (စိုက်ပျိုးရေး/မွေးမြူရေး)/ဥယျာဉ်အုပ် | ရွှေဘိုစိုက်သိပ္ပံ |
| (၁၅) | ဦးကိုကိုဇေ နည်းပြ (စိုက်/မွေး)/ လ/ထ ဥယျာဉ်အုပ် | လက်ထောက်ကထိက (စိုက်ပျိုးရေး/မွေးမြူရေး)/ဥယျာဉ်အုပ် | လုံပီးစိုက်သိပ္ပံ |
| (၁၆) | ဒေါ်ခင်မျိုးသူ နည်းပြ (စိုက်/မွေး)/ လ/ထ ဥယျာဉ်အုပ် | လက်ထောက်ကထိက (စိုက်ပျိုးရေး/မွေးမြူရေး)/ဥယျာဉ်အုပ် | ထားဝယ်စိုက်သိပ္ပံ |
| (၁၇) | ဒေါ်ထိုက်ထိုက်လွင် နည်းပြ (စိုက်/မွေး)/ လ/ထ ဥယျာဉ်အုပ် | လက်ထောက်ကထိက (စိုက်ပျိုးရေး/မွေးမြူရေး)/ဥယျာဉ်အုပ် | ဒီးမော့ဆိုစိုက်သိပ္ပံ |
| (၁၈) | ဒေါ်မြတ်ပိုးဆင့် နည်းပြ (စိုက်/မွေး)/ လ/ထ ဥယျာဉ်အုပ် | လက်ထောက်ကထိက (စိုက်ပျိုးရေး/မွေးမြူရေး)/ဥယျာဉ်အုပ် | ထားဝယ်စိုက်သိပ္ပံ |
| (၁၉) | ဦးမျိုးမင်းအောင် နည်းပြ (စိုက်/မွေး)/ လ/ထ ဥယျာဉ်အုပ် | လက်ထောက်ကထိက (စိုက်ပျိုးရေး/မွေးမြူရေး)/ဥယျာဉ်အုပ် | မြစ်ကြီးနားစိုက်သိပ္ပံ |
| (၂၀) | ဒေါ်သက်မာကျော် နည်းပြ (စိုက်/မွေး)/ လ/ထ ဥယျာဉ်အုပ် | လက်ထောက်ကထိက (စိုက်ပျိုးရေး/မွေးမြူရေး)/ဥယျာဉ်အုပ် | ဟဲဟိုးစိုက်သိပ္ပံ |
| (၂၁) | ဒေါ်သူဇာဝင်း နည်းပြ (စိုက်/မွေး)/ လ/ထ ဥယျာဉ်အုပ် | လက်ထောက်ကထိက (စိုက်ပျိုးရေး/မွေးမြူရေး)/ဥယျာဉ်အုပ် | ရွှေဘိုစိုက်သိပ္ပံ |

| စဉ် | အမည်၊<br>လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး | တာဝန်ချထားမည့်ဒေသ |
|---|---|---|---|
| (၂၂) | ဦးချမ်းအေး<br>နည်းပြ (စိုက်/မွေး)/<br>လ/ထ ဥယျာဉ်အုပ် | လက်ထောက်ကထိက<br>(စိုက်ပျိုးရေး/မွေးမြူရေး)/ဥယျာဉ်အုပ် | ထားဝယ်စိုက်သိပ္ပံ |
| (၂၃) | ဒေါ်ယဉ်မိုးထွန်း<br>နည်းပြ (စိုက်/မွေး)/<br>လ/ထ ဥယျာဉ်အုပ် | လက်ထောက်ကထိက<br>(စိုက်ပျိုးရေး/မွေးမြူရေး)/ဥယျာဉ်အုပ် | ထားဝယ်စိုက်သိပ္ပံ |
| (၂၄) | ဒေါ်ဖြိုးသီရိဝေ<br>နည်းပြ (စိုက်/မွေး)/<br>လ/ထ ဥယျာဉ်အုပ် | လက်ထောက်ကထိက<br>(စိုက်ပျိုးရေး/မွေးမြူရေး)/ဥယျာဉ်အုပ် | သထုံစိုက်သိပ္ပံ |
| (၂၅) | ဒေါ်နှင်းအေးလှိုင်<br>နည်းပြ (စိုက်/မွေး)/<br>လ/ထ ဥယျာဉ်အုပ် | လက်ထောက်ကထိက<br>(စိုက်ပျိုးရေး/မွေးမြူရေး)/ဥယျာဉ်အုပ် | မြစ်ကြီးနားစိုက်သိပ္ပံ |
| (၂၆) | ဒေါ်ဆွေလင်းသန့်<br>နည်းပြ (စိုက်/မွေး)/<br>လ/ထ ဥယျာဉ်အုပ် | လက်ထောက်ကထိက<br>(စိုက်ပျိုးရေး/မွေးမြူရေး)/ဥယျာဉ်အုပ် | လုံပီးစိုက်သိပ္ပံ |
| (၂၇) | ဒေါ်သဲအိအိအောင်<br>နည်းပြ (စိုက်/မွေး)/<br>လ/ထဥ ယျာဉ်အုပ် | လက်ထောက်ကထိက<br>(စိုက်ပျိုးရေး/မွေးမြူရေး)/ဥယျာဉ်အုပ် | မြစ်ကြီးနားစိုက်သိပ္ပံ |
| (၂၈) | ဦးစိုးပိုင်<br>နည်းပြ (စိုက်/မွေး)/<br>လ/ထ ဥယျာဉ်အုပ် | လက်ထောက်ကထိက<br>(စိုက်ပျိုးရေး/မွေးမြူရေး)/ဥယျာဉ်အုပ် | ဒီးမော့ဆိုစိုက်သိပ္ပံ |
| (၂၉) | ဒေါ်စမ်းစမ်းထွေး<br>နည်းပြ (စိုက်/မွေး)/<br>လ/ထ ဥယျာဉ်အုပ် | လက်ထောက်ကထိက<br>(စိုက်ပျိုးရေး/မွေးမြူရေး)/ဥယျာဉ်အုပ် | မြစ်ကြီးနားစိုက်သိပ္ပံ |
| (၃၀) | ဒေါ်အိအိခိုင်<br>နည်းပြ (စိုက်/မွေး)/<br>လ/ထ ဥယျာဉ်အုပ် | လက်ထောက်ကထိက<br>(စိုက်ပျိုးရေး/မွေးမြူရေး)/ဥယျာဉ်အုပ် | လုံပီးစိုက်သိပ္ပံ |
| (၃၁) | ဦးပြည့်ဖြိုးလွင်<br>နည်းပြ (စိုက်/မွေး)/<br>လ/ထ ဥယျာဉ်အုပ် | လက်ထောက်ကထိက<br>(စိုက်ပျိုးရေး/မွေးမြူရေး)/ဥယျာဉ်အုပ် | ကျောက်တော်စိုက်သိပ္ပံ |
| (၃၂) | ဦးစောကောင်းဆက်သူ<br>နည်းပြ (စိုက်/မွေး)/<br>လ/ထ ဥယျာဉ်အုပ် | လက်ထောက်ကထိက<br>(စိုက်ပျိုးရေး/မွေးမြူရေး)/ဥယျာဉ်အုပ် | ဇွဲကပင်စိုက်သိပ္ပံ |

ဒေါက်တာအောင်သူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်)

**ကယားပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေပုဒ်မ ၃-က၊ ပုဒ်မ ၁၇ တို့အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၅/၂၀၁၈ ဖြင့် ဖွဲ့စည်းပေးခဲ့သော **ကယားပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

**ကယားပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ**

| | | |
|---|---|---|
| (၁) | ဝန်ကြီးချုပ်<br>ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး<br>ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၃) | ဦးစီးအရာရှိ (ပထမတန်း) စစ်ထောက် (လုပ်ငန်း)<br>တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၄) | ပြည်နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ပြည်နယ်ဦးစီးဌာနမှူး<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ပြည်နယ်ဦးစီးဌာနမှူး<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ပြည်နယ်ဦးစီးဌာနမှူး<br>ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ပြည်နယ်ဦးစီးဌာနမှူး<br>သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ပြည်နယ်ဦးစီးဌာနမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ပြည်နယ်မန်နေဂျာ<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | အဖွဲ့ဝင် |
| (၁၁) | ပြည်နယ်ဦးစီးဌာနမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | ပြည်နယ်ရုံးခွဲတာဝန်ခံ<br>သတ္တုတွင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၃) | ဦးစိုင်းစိုးညွန့်<br>ဒေသခံတိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်၊ ဖားဆောင်းမြို့နယ် | အဖွဲ့ဝင် |
| (၁၄) | ဦးငါးရယ်<br>ဒေသခံတိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်၊ လွိုင်ကော်မြို့နယ် | အဖွဲ့ဝင် |

(၁၅) ဦးနိုင်ဦး — အဖွဲ့ဝင်
ဒေသခံတိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်၊ မယ်စဲမြို့နယ်

(၁၆) ဦးစိုးရယ် — အဖွဲ့ဝင်
တောင်သူလယ်သမားကိုယ်စားလှယ်၊ လွိုင်ကော်မြို့နယ်

(၁၇) ဦးအန်ဂျေလို (လို့လို) — အဖွဲ့ဝင်
သင့်လျော်သည့် ပညာရှင်၊ ဒီးမော့ဆိုမြို့နယ်

(၁၈) ဦးသန့်စိန် — အဖွဲ့ဝင်
သင့်လျော်သည့် ပညာရှင်၊ ဖရူဆိုမြို့နယ်

(၁၉) ပြည်နယ်ဦးစီးဌာနမှူး — အတွင်းရေးမှူး
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

၂။ ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ဧက ၃၀၀ ထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေးလုပ်ငန်းတွင် နှစ်ရှည်ပင်၊ ဥယျာဉ်ခြံသီးနှံနှင့် စက်မှုကုန်ကြမ်း ရာသီသီးနှံတို့အတွက်လည်းကောင်း၊ ဧက ၅၀ ထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို မွေးမြူရေးလုပ်ငန်းအတွက်လည်းကောင်း တည်ဆဲဥပဒေများနှင့်အညီ ပြည်နယ်အစိုးရအဖွဲ့ထံ သဘောထားမှတ်ချက်ရယူ၍ စိစစ်ခြင်း၊ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားသော ကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ခြင်း၊ သဘောထားမှတ်ချက်ပြုခြင်း၊ လုပ်ငန်းစာတွဲများကို ဦးစီးဌာနများသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရန် ပေးပို့ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့ထံ သဘောထားမှတ်ချက် တင်ပြတောင်းခံခြင်း၊

(ဃ) စိုက်ပျိုးရေးလုပ်ငန်းအတွက် ဧက ၃၀၀ အထက် လျှောက်ထားခြင်း၊ မွေးမြူရေးလုပ်ငန်းအတွက် ဧက ၅၀ အထက် လျှောက်ထားခြင်း၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းအတွက် လျှောက်ထားခြင်း၊ အစိုးရကခွင့်ပြုသောဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများအတွက် လျှောက်ထားခြင်းများကို စိစစ်၍ ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ ဆက်လက်တင်ပြခြင်း၊

(င) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၃၀-က၊ ပုဒ်မခွဲ (ခ) ပြဋ္ဌာန်းချက်ပါ ဒေသခံတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာအရ သတ်မှတ်မြေများကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရာတွင် မပါရှိစေရေး စိစစ်သတ်မှတ်ဆောင်ရွက်ခြင်း၊

(စ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၃၀-က၊ ပုဒ်မခွဲ (ဂ) ပြဋ္ဌာန်းချက်ပါ အများပြည်သူနှင့် တိုင်းရင်းသားများဆိုင်ရာ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့အတွက် လက်ရှိအသုံးပြုထားသည့်မြေများကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရာတွင် မပါရှိစေရေး စိစစ်သတ်မှတ်ဆောင်ရွက်ခြင်း၊

(ဆ) ဗဟိုကော်မတီနှင့် ပြည်နယ်စီမံခန့်ခွဲရေးကော်မတီသို့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ကွင်းဆင်းစိစစ်ဆောင်ရွက်ရမည့် သီးခြားအဖွဲ့ဖွဲ့စည်းပေးရန် ဗဟိုကော်မတီသို့ အဆိုပြု အမည်စာရင်းတင်ပြခြင်း၊

(ဇ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိသော အခြားအခြေအနေကြောင့်သော်လည်းကောင်း ကုန်လွန်သွားသည့် အချိန်အတွက် သတ်မှတ်ထားသော ဖော်ထုတ်လုပ်ကိုင်အသုံးပြုရမည့်ကာလတိုးမြှင့်ပေးစေလိုကြောင်း ဖော်ထုတ်ခွင့်ပြုကာလမကုန်ဆုံးမီ တင်ပြလာပါက ကွင်းဆင်းစစ်ဆေး၍ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဈ) ယခင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား မူလခွင့်ပြုထားသည့် ကာလထက် ကျော်လွန်သည်အထိ ဖော်ထုတ်လုပ်ကိုင်အသုံးပြုခြင်း မရှိသေးသဖြင့် ပြန်လည်သိမ်းယူရမည့် ကိစ္စရပ်များတွင် ဗဟိုကော်မတီ၏ညွှန်ကြားချက်အတိုင်း ကွင်းဆင်းစိစစ်၍ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ ပြန်လည်တင်ပြခြင်း၊

(ည) ဗဟိုကော်မတီနှင့် ပြည်နယ်စီမံခန့်ခွဲရေးကော်မတီမှ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား လုပ်ငန်းအမှန်တကယ် ဖော်ထုတ်လုပ်ကိုင်ပြီးစီးမှုအခြေအနေကို ကွင်းဆင်းစစ်ဆေးရမည့် အထူးအဖွဲ့ဖွဲ့စည်းပေးရန် ဗဟိုကော်မတီသို့ အဆိုပြုအမည်စာရင်း တင်ပြခြင်း၊

(ဋ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ အာမခံကြေး ပေးသွင်းခြင်းနှင့် အာမခံကြေး ပြန်လည်ထုတ်ပေးခြင်းဆိုင်ရာကိစ္စရပ်များကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဌ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်အတွက် မြေခွန် စည်းကြပ်ကောက်ခံခြင်းဆိုင်ရာ ကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်း၊

(ဍ) ခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို ပြန်လည်ရယူခြင်းအတွက် လျော်ကြေးပေးရန် ကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်း၊

(ဎ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီက အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၉)

## မကွေးတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေပုဒ်မ ၃-က၊ ပုဒ်မ ၁၇ တို့အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၅/၂၀၁၈ ဖြင့် ဖွဲ့စည်းပေးခဲ့သော **မကွေးတိုင်းဒေသကြီး၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

### မကွေးတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ

| | | |
|---|---|---|
| (၁) | ဝန်ကြီးချုပ်<br>တိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး<br>တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၃) | ဦးစီးအရာရှိ (ပထမတန်း) စစ်ထောက် (လုပ်ငန်း)<br>တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၄) | တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |

(၇) တိုင်းဒေသကြီးဦးစီးဌာနမှူး ငါးလုပ်ငန်းဦးစီးဌာန — အဖွဲ့ဝင်

(၈) တိုင်းဒေသကြီးဦးစီးဌာနမှူး သစ်တောဦးစီးဌာန — အဖွဲ့ဝင်

(၉) တိုင်းဒေသကြီးဦးစီးဌာနမှူး ပြည်တွင်းအခွန်များဦးစီးဌာန — အဖွဲ့ဝင်

(၁၀) တိုင်းဒေသကြီးမန်နေဂျာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် — အဖွဲ့ဝင်

(၁၁) တိုင်းဒေသကြီးဦးစီးဌာနမှူး စီမံကိန်းရေးဆွဲရေးဦးစီးဌာန — အဖွဲ့ဝင်

(၁၂) တိုင်းဒေသကြီးရုံးခွဲတာဝန်ခံ သတ္တုတွင်းဦးစီးဌာန — အဖွဲ့ဝင်

(၁၃) ဦးတင်မြင့်၊ လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၁၄) ဦးကျော်သိန်း၊ လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန — အဖွဲ့ဝင်

(၁၅) ဦးမောင်ဇော် (ခ) ဦးဝင်းဇော်ဦး ဒေသခံတိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ် — အဖွဲ့ဝင်

(၁၆) ဦးတင်မောင် ဒေသခံတိုင်းရင်းသားကိုယ်စားလှယ် — အဖွဲ့ဝင်

(၁၇) ဦးဘိုလင်း (ခ) ဦးဘိုထောင် တောင်သူလယ်သမားကိုယ်စားလှယ် — အဖွဲ့ဝင်

(၁၈) ဦးခင်မောင်ဌေး တောင်သူလယ်သမားကိုယ်စားလှယ် — အဖွဲ့ဝင်

(၁၉) တိုင်းဒေသကြီးဦးစီးဌာနမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန — အတွင်းရေးမှူး

၂။ တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ဧက ၃၀၀ ထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေးလုပ်ငန်းတွင် နှစ်ရှည်ပင်၊ ဥယျာဉ်ခြံသီးနှံနှင့် စက်မှုကုန်ကြမ်း ရာသီသီးနှံတို့အတွက်လည်းကောင်း၊ ဧက ၅၀ ထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို မွေးမြူရေးလုပ်ငန်းအတွက်လည်းကောင်း တည်ဆဲဥပဒေများနှင့်အညီ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ သဘောထားမှတ်ချက်ရယူ၍ စိစစ်ခြင်း၊ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားသော ကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ခြင်း၊ သဘောထားမှတ်ချက်ပြုခြင်း၊ လုပ်ငန်းစာတွဲများကို ဦးစီးဌာနများသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရန် ပေးပို့ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ သဘောထားမှတ်ချက် တင်ပြတောင်းခံခြင်း၊

(ဃ) စိုက်ပျိုးရေးလုပ်ငန်းအတွက် ဧက ၃၀၀ အထက် လျှောက်ထားခြင်း၊ မွေးမြူရေးလုပ်ငန်းအတွက် ဧက ၅၀ အထက် လျှောက်ထားခြင်း၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းအတွက် လျှောက်ထားခြင်း၊ အစိုးရကခွင့်ပြုသောဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများအတွက် လျှောက်ထားခြင်းများကို စိစစ်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ ဆက်လက်တင်ပြခြင်း၊

( င ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၃၀-က၊ ပုဒ်မခွဲ (ခ) ပြဋ္ဌာန်းချက်ပါ ဒေသခံတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာအရ သတ်မှတ်မြေများကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရာတွင် မပါရှိစေရေး စိစစ်သတ်မှတ်ဆောင်ရွက်ခြင်း၊

( စ ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၃၀-က၊ ပုဒ်မခွဲ (ဂ) ပြဋ္ဌာန်းချက်ပါ အများပြည်သူနှင့် တိုင်းရင်းသားများဆိုင်ရာ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့အတွက် လက်ရှိအသုံးပြုထားသည့်မြေများကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရာတွင် မပါရှိစေရေး စိစစ်သတ်မှတ်ဆောင်ရွက်ခြင်း၊

(ဆ) ဗဟိုကော်မတီနှင့် တိုင်းဒေသကြီးစီမံခန့်ခွဲရေးကော်မတီသို့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ကွင်းဆင်းစိစစ်ဆောင်ရွက်ရမည့် သီးခြားအဖွဲ့ ဖွဲ့စည်းပေးရန် ဗဟိုကော်မတီသို့ အဆိုပြု အမည်စာရင်းတင်ပြခြင်း၊

( ဇ ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိသော အခြားအခြေအနေကြောင့်သော်လည်းကောင်း ကုန်လွန်သွားသည့် အချိန်အတွက် သတ်မှတ်ထားသော ဖော်ထုတ်လုပ်ကိုင်အသုံးပြုရမည့်ကာလတိုးမြှင့်ပေးစေလိုကြောင်း ဖော်ထုတ်ခွင့်ပြုကာလမကုန်ဆုံးမီ တင်ပြလာပါက ကွင်းဆင်းစစ်ဆေး၍ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဈ) ယခင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား မူလခွင့်ပြုထားသည့် ကာလထက်ကျော်လွန်သည်အထိ ဖော်ထုတ်လုပ်ကိုင်အသုံးပြုခြင်း မရှိသေးသဖြင့် ပြန်လည်သိမ်းယူရမည့် ကိစ္စရပ်များတွင် ဗဟိုကော်မတီ၏ညွှန်ကြားချက်အတိုင်း ကွင်းဆင်းစိစစ်၍ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ ပြန်လည်တင်ပြခြင်း၊

(ည) ဗဟိုကော်မတီနှင့် တိုင်းဒေသကြီးစီမံခန့်ခွဲရေးကော်မတီမှ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား လုပ်ငန်းအမှန်တကယ် ဖော်ထုတ်လုပ်ကိုင်ပြီးစီးမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးရမည့် အထူးအဖွဲ့ဖွဲ့စည်းပေးရန် ဗဟိုကော်မတီသို့ အဆိုပြု အမည်စာရင်းတင်ပြခြင်း၊

( ဋ ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ အာမခံကြေး ပေးသွင်းခြင်းနှင့် အာမခံကြေး ပြန်လည်ထုတ်ပေးခြင်းဆိုင်ရာကိစ္စရပ်များကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

( ဌ ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်အတွက် မြေခွန် စည်းကြပ်ကောက်ခံခြင်းဆိုင်ရာ ကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်း၊

( ဍ ) ခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို ပြန်လည်ရယူခြင်းအတွက် လျော်ကြေးပေးရန် ကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်း၊

( ဎ ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီက အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

ဒေါက်တာအောင်သူ

ဥက္ကဋ္ဌ

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၅၆/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)

၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁၄/၂၀၁၉) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ရေကြောင်းဌာနက အောက်ဖော်ပြပါ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)၊ သင်္ဘောသား-၂ (စက်) (၂) ဦးကို ယင်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ရာထူးနေရာများသို့ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ လစာနှုန်း |
|---|---|---|
| (က) | ဦးမင်းသူ | လက်ထောက်ရေယာဉ်အင်ဂျင်နီယာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ( ခ ) | ဦးကျော်ဟန် | လက်ထောက်ရေယာဉ်အင်ဂျင်နီယာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၅၈/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)

၁။ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေကြောင်းလုပ်ငန်းဌာနခွဲက လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး ဦးစိုးနိုင် (၂) ကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေ (၈၁) ပါ ပြဋ္ဌာန်းချက်အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့အထိ ခံစားခွင့် ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့မှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၅၆)၊ ပုဒ်မခွဲ (က)၊ ပုဒ်မ (၅၇) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ (၂၃၃)၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၆၀/၂၀၁၉)

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာအမျိုးသားလေကြောင်း၊ ပျံသန်းမှုလုပ်ငန်းဌာနက လေယာဉ်မှူး ဦးရဲမွန် (လရ-၄၃၃၃) ကို မြန်မာအမျိုးသားလေကြောင်းဥပဒေအခန်း (၆)၊ ပုဒ်မ (၁၈) (ခ) အရ ATR Fleet လေယာဉ်တွင် လေယာဉ်မှူးတာဝန်များကို အသက် (၆၅) နှစ်ပြည့်သည်အထိ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ တစ်နှစ်တစ်ကြိမ် သက်တမ်းတိုးမြှင့်၍ ဆက်လက်တာဝန်ထမ်းဆောင်ခွင့် ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၆၁/၂၀၁၉)

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာအမျိုးသားလေကြောင်းက အထွေထွေမန်နေဂျာ (ပျံသန်းရေး)/ လေယာဉ်မှူးကြီး (အငြိမ်းစား) ဦးမျိုးမြင့်အေး (လရ-၃၈၁၅) ကို မြန်မာအမျိုးသားလေကြောင်းဥပဒေအခန်း (၆)၊ ပုဒ်မ (၁၈) (ခ) အရ Boeing လေယာဉ် ဦးစီးလေယာဉ်မှူး တာဝန်များကို အသက် (၆၅) နှစ် ပြည့်သည်အထိ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ တစ်နှစ်တစ်ကြိမ် သက်တမ်းတိုးမြှင့်၍ ဆက်လက်တာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၆၅/၂၀၁၉)

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်းပညာသိပ္ပံက လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ဌာနမှူး (သင်ကြားရေး) ဦးဇော်ဇော် ကို ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ ကျောင်းအုပ်ကြီး ရာထူးနေရာသို့ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၆၆/၂၀၁၉)

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်းပျံသန်းမှုလမ်းညွှန်ထိန်းသိမ်းရေးဌာနခွဲက လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (လေကြောင်းလမ်းညွှန်ထိန်းသိမ်းမှုစစ်ဆေးရေး) ဦးစိုးပိုင် ကို ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ အထွေထွေမန်နေဂျာ ရာထူးနေရာသို့ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၆၇/၂၀၁၉)

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်းပျံသန်းမှုလမ်းညွှန်ထိန်းသိမ်းရေးဌာနခွဲ၊ လေကြောင်းဆက်သွယ်ရေးဌာနစုက လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူး (လေကြောင်းလမ်းညွှန်ကွပ်ကဲလုပ်ငန်းစစ်ဆေးရေး) ဦးဝင်းမော် ကို ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ဒုတိယအထွေထွေမန်နေဂျာ (လေကြောင်းဆက်သွယ်ရေး) ရာထူးနေရာသို့ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၈၅/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၆ ရက်)

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ

လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (လေယာဉ်ကွင်းစံချိန်စံညွှန်းစစ်ဆေးရေး) ဦးကျော်စိုး ကို ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ငန်းနှင့် စစ်ဆေးရေး) ရာထူးနေရာသို့ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၈၉/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၉ ရက်)

၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၉) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် မြန်မာအမျိုးသားလေကြောင်း၊ လေယာဉ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဌာနက လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အောက်ဖော်ပြပါ စက်မှုကျွမ်းကျင် (၁) (၂) ဦးအား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ လက်ထောက်အင်ဂျင်နီယာ (စက်မှု) ရာထူးနေရာများသို့ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း |
|---|---|---|
| (က) | ဦးကျော်ဇင်ထွန်း (လရ-၄၁၈၄) | လက်ထောက်အင်ဂျင်နီယာ (စက်မှု) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ခ) | ဦးနန်းဝင်းအောင် (လရ-၄၄၇၄) | လက်ထောက်အင်ဂျင်နီယာ (စက်မှု) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၉၀/၂၀၁၉)

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၉) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အောက်ဖော်ပြပါ ရုံးအုပ် (၂) ဦးအား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (အုပ်ချုပ်) ရာထူးနေရာများသို့ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း |
|---|---|---|
| (က) | ဒေါ်မြတ်စုသင်း | ဦးစီးအရာရှိ (အုပ်ချုပ်) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ခ) | ဒေါ်မေမေအောင် | ဦးစီးအရာရှိ (အုပ်ချုပ်) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

သန့်စင်မောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန်ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ - ၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို ကျင့်သုံး၍ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ ကန်ပက်လက်မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များ အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁၈,၇၈၀) ဧကရှိသောနယ်မြေကို "လဲပုံကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက် (၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

### ၁။ နယ်နိမိတ်အလားအလာဖော်ပြချက်

မြောက်ဘက် ။ ။ အေးချောင်းကြိုးပြင်ကာကွယ်တော အရှေ့ဘက်နယ်နိမိတ်နှင့် ထိစပ်နေသည့် ခန့်မှန်းမြေပုံညွှန်း (PO-၀၀၉၃၅၀) မှအစပြု၍ အရှေ့မြောက်ဘက်သို့ (၁) မိုင်ခန့်လာရာ တောင်ကုန်းအမှတ် (၄၂၆၀) ခန့်မှန်းမြေပုံညွှန်း (PO-၀၂၅၃၅၇) အထိ၊ ထိုမှ တောင်ကြောအတိုင်း အရှေ့မြောက်ဘက်သို့ (၁) မိုင် (၇) ဖာလုံခန့်လာရာ မုန်းချောင်းနံဘေး ခန့်မှန်းမြေပုံညွှန်း (PO-၀၄၄၃၈၀) အထိ၊ ထိုမှ မုန်းချောင်းအတိုင်း အရှေ့တောင်ဘက်သို့ (၃) မိုင် (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PO-၀၇၃၃၃၈) အထိ၊

အခြေခံပညာဦးစီးဌာနမှ အောက်ဖော်ပြပါ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) (၂) ဦးအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ တိုင်းဒေသကြီးပညာရေးမှူးရုံးများတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးသို့ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါ်သန်းမြင့်<br>ညွှန်ကြားရေးမှူး<br>[ဒုတိယညွှန်ကြားရေးမှူးချုပ် (တာဝန်)]<br>တိုင်းဒေသကြီးပညာရေးမှူးရုံး<br>မန္တလေးတိုင်းဒေသကြီး | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းဒေသကြီးပညာရေးမှူးရုံး<br>မန္တလေးတိုင်းဒေသကြီး |
| (ခ) | ဦးကျော်ဝင်း<br>ညွှန်ကြားရေးမှူး<br>[ဒုတိယညွှန်ကြားရေးမှူးချုပ် (တာဝန်)]<br>တိုင်းဒေသကြီးပညာရေးမှူးရုံး<br>ဧရာဝတီတိုင်းဒေသကြီး | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းဒေသကြီးပညာရေးမှူးရုံး<br>ဧရာဝတီတိုင်းဒေသကြီး |

ဒေါက်တာမျိုးသိမ်းကြီး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပညာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၅ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၇ ရက်)

အမှတ် ၄၄ ။ ။ ၂၀၁၉ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၅/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ခွဲစိတ်ကုနှီးနွှယ်ပညာဌာနများမှ အောက်ဖော်ပြပါ တွဲဖက်ပါမောက္ခနှင့် အထူးကုဆရာဝန်ကြီး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) များအား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ပါမောက္ခ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) များအဖြစ် ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| စဉ် | ဆမ | အမည်၊ ပညာ၊ ရာထူး၊ ဌာန၊ တက္ကသိုလ် | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|---|
| ၁။ | ၁၄၄၃၇ | ဒေါက်တာညီညီဆွေ<br>M.Med.Sc (Surg)<br>Dr.Med.Sc (Surg)<br>M.R.C.S<br>တွဲဖက်ပါမောက္ခ<br>အသည်းနှင့် သည်းခြေခွဲစိတ်ကုပညာဌာန<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် | ပါမောက္ခ<br>အသည်းနှင့် သည်းခြေခွဲစိတ်ကုပညာဌာန<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |

| စဉ် | ဆမ | အမည်၊ ပညာ၊ ရာထူး၊ ဌာန၊ တက္ကသိုလ် | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|---|
| ၂။ | ၁၄၂၄၀ | ဒေါက်တာဇော်ဇော်<br>M.Med.Sc (Surg)<br>Dr.Med.Sc (Thoracic Surgery)<br>အထူးကုဆရာဝန်ကြီး/တွဲဖက်ပါမောက္ခ (ရင်ခေါင်းခွဲစိတ်)<br>မန္တလေးပြည်သူ့ဆေးရုံကြီး | ပါမောက္ခ<br>ရင်ခေါင်းခွဲစိတ်ကုပညာဌာန<br>ဆေးတက္ကသိုလ် (မန္တလေး) |
| ၃။ | ၁၄၉၈၄ | ဒေါက်တာကျော်မြင့်<br>M.Med.Sc (Surg)<br>Dr.Med.Sc (Urology)<br>M.R.C.S<br>တွဲဖက်ပါမောက္ခ<br>ဆီးနှင့် ကျောက်ကပ်ခွဲစိတ်ကုပညာဌာန<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် | ပါမောက္ခ<br>ဆီးနှင့် ကျောက်ကပ်ခွဲစိတ်ကုပညာဌာန<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| ၄။ | ၁၃၈၁၈ | ဒေါက်တာလှဘုန်း<br>Dip.Med.Sc (Surg)<br>M.Med.Sc (Surg)<br>Dr.Med.Sc (Urology)<br>တွဲဖက်ပါမောက္ခ<br>ဆီးနှင့် ကျောက်ကပ်ခွဲစိတ်ကုပညာဌာန<br>ဆေးတက္ကသိုလ် (မကွေး) | ပါမောက္ခ<br>ဆီးနှင့် ကျောက်ကပ်ခွဲစိတ်ကုပညာဌာန<br>ဆေးတက္ကသိုလ် (မကွေး) |
| ၅။ | ၁၄၉၆၂ | ဒေါက်တာရဲသူရိန်<br>M.Med.Sc (Surg)<br>Dr.Med.Sc (Neuro Surg)<br>M.R.C.S<br>အထူးကုဆရာဝန်ကြီး/တွဲဖက်ပါမောက္ခ (ဦးနှောက်နှင့် အာရုံကြောခွဲစိတ်)<br>မန္တလေးပြည်သူ့ဆေးရုံကြီး | ပါမောက္ခ<br>ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုပညာဌာန<br>ဆေးတက္ကသိုလ် (မကွေး)<br>[နေပြည်တော်၊ ပြည်သူ့ဆေးရုံကြီး၊ ခုတင် (၁၀၀၀) တွင် ပူးတွဲတာဝန်ထမ်းဆောင်ရန်] |
| ၆။ | ၁၂၇၉၇ | ဒေါက်တာထွန်းထွန်းသန်း<br>M.Med.Sc (Surg)<br>Dr.Med.Sc (Plastic Surg)<br>အထူးကုဆရာဝန်ကြီး<br>(မျက်နှာ၊ မေးရိုး၊ ခံတွင်းခွဲစိတ်)<br>မန္တလေးပြည်သူ့ဆေးရုံကြီး | ပါမောက္ခ<br>မျက်နှာနှင့် မေးရိုးခွဲစိတ်ကုပညာဌာန<br>ဆေးတက္ကသိုလ် (မန္တလေး) |
| ၇။ | သခ-၁၀၃၁ | ဒေါက်တာလှမျိုးနိုင်<br>M.D.Sc<br>Dr.Med.Sc (Oral and Maxilofacial Surg)<br>အထူးကုဆရာဝန်ကြီး (သွားနှင့် ခံတွင်း)<br>အနောက်ပိုင်းပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့ | ပါမောက္ခ<br>မျက်နှာနှင့် မေးရိုးခွဲစိတ်ကုပညာဌာန<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |

မှတ်ချက်။ ရာထူးတိုးမြှင့်ပြောင်းရွှေ့ ခန့်ထားခြင်းခံရသည့် ပါမောက္ခများသည် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်ပြောင်းရွှေ့ တာဝန်ချထားသည့် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၅ ရက်)

အမှတ် ၄၅ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၅ ရက်စွဲပါ စာအမှတ်၊ ၄ မက (ခ) ၂၀၁၉/၁၀၃၀၀ ဖြင့် ခွင့်ပြုချက်အရ ကုသရေးဦးစီးဌာန၊ ဝန်ထမ်းရေးရာဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဝန်ထမ်းရေးရာ) ဒေါက်တာကျော်ဇေယျ (ဆမ-၁၀၁၃၄) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းအား အများပြည်သူအကျိုးငှာ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေအပိုဒ် (၈၁) အရ ငြင်းပယ်လိုက်သည်။

ထိုသို့ ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ မေလ ၄ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်)

အမှတ် ၄၆ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၄ ရက်စွဲပါ စာအမှတ်၊ ၄ မက (ခ) ၂၀၁၉/၉၆၇၃ ဖြင့် ခွင့်ပြုချက်အရ တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) မှ ဒုတိယ ပါမောက္ခချုပ် (စီမံ)၊ ဦးထွန်းမြင့် (တဆ-၆၄၂) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၂ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့် ပြုလိုက်သည်။

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်)

အမှတ် ၄၇ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၄ ရက်စွဲပါ စာအမှတ်၊ ၄မက (ခ) ၂၀၁၉/၁၀၂၀၆ ဖြင့် ခွင့်ပြုချက်အရ ရန်ကုန်မြို့၊ ခုတင် (၅၀၀) အထူးကုဆေးရုံကြီး၊ အဆုတ်နှင့် ရင်ခေါင်းဆေးကုဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာဝင်းနိုင် (ဆမ-၁၀၃၀၁) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းအား အများပြည်သူအကျိုးငှာ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအပိုဒ် (၈၁) အရ ငြင်းပယ်လိုက်သည်။

ထိုသို့ ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၀ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)

အမှတ် ၄၈ ။ ။ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၆/၂၀၁၉) ၏ သဘောတူ

ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) (၄) ဦးအား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ပါမောက္ခ/ဌာနမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | သနသ (လ) | အမည်၊ ပညာ၊ ရာထူး၊ ဌာန၊ တက္ကသိုလ် | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|---|
| ၁။ | ၉၆၄၆ | ဒေါ်နန်းအောင်<br>B.N.Sc (B), B.A (Geo),<br>M.N.Sc, Dip.Med.Ed<br>တွဲဖက်ပါမောက္ခ (ဌာနမှူးတာဝန်)<br>စိတ်ကျန်းမာရေးသူနာပြုစုမှုပညာဌာန<br>သူနာပြုတက္ကသိုလ် (မန္တလေး) | ပါမောက္ခ/ဌာနမှူး<br>စိတ်ကျန်းမာရေးသူနာပြုစုမှုပညာဌာန<br>သူနာပြုတက္ကသိုလ် (မန္တလေး) |
| ၂။ | ၁၀၂၀၂ | ဒေါက်တာညီညီဝေ<br>B.N.Sc (B), M.N.Sc,<br>Ph.D (Mahidol), Dip.Med.Ed<br>တွဲဖက်ပါမောက္ခ (ဌာနမှူးတာဝန်)<br>အခြေခံသူနာပြုစုမှုပညာဌာန<br>သူနာပြုတက္ကသိုလ် (မန္တလေး) | ပါမောက္ခ/ဌာနမှူး<br>အခြေခံသူနာပြုစုမှုပညာဌာန<br>သူနာပြုတက္ကသိုလ် (မန္တလေး) |
| ၃။ | ၁၀၅၄၅ | ဒေါ်အေးအေးကြည်<br>B.N.Sc (B), B.Sc (Chem) (Q)<br>M.N.Sc, Dip.Med.Ed<br>တွဲဖက်ပါမောက္ခ (ဌာနမှူးတာဝန်)<br>စိတ်ကျန်းမာရေးသူနာပြုစုမှုပညာဌာန<br>သူနာပြုတက္ကသိုလ် (ရန်ကုန်) | ပါမောက္ခ/ဌာနမှူး<br>စိတ်ကျန်းမာရေးသူနာပြုစုမှုပညာဌာန၊<br>သူနာပြုတက္ကသိုလ် (ရန်ကုန်) |
| ၄။ | ၁၁၀၆၀ | ဒေါ်အေးအေးစိုး<br>B.N.Sc (B), B.Sc (Maths)<br>M.N.Sc, Dip.Med.Ed<br>တွဲဖက်ပါမောက္ခ (ဌာနမှူးတာဝန်)<br>မိခင်နှင့် ကလေးကျန်းမာရေး<br>သူနာပြုစုမှုပညာဌာန<br>သူနာပြုတက္ကသိုလ် (ရန်ကုန်) | ပါမောက္ခ/ဌာနမှူး<br>မိခင်နှင့်ကလေးကျန်းမာရေးသူနာပြုစုမှု<br>ပညာဌာန<br>သူနာပြုတက္ကသိုလ် (ရန်ကုန်) |

မှတ်ချက် ။ ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရသည့် ပါမောက္ခ/ဌာနမှူးများသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်တာဝန်ချထားသည့် အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံစေရန်ဖြစ်သည်။

အမှတ် ၄၉ ။ ။ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၆/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ ဒုတိယဌာနမှူး (စီမံ/ဘဏ္ဍာ)/ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) များအား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ဌာနမှူး (စီမံ/ဘဏ္ဍာ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) များအဖြစ် ရာထူးတိုးမြှင့် ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ တက္ကသိုလ် | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ တက္ကသိုလ် |
|---|---|---|
| ၁။ | ဒေါ်နန့်ရင်ရင်ဝင်း<br>ဒုတိယဌာနမှူး (စီမံ/ဘဏ္ဍာ)<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် | ဌာနမှူး (စီမံ/ဘဏ္ဍာ)<br>ဆေးတက္ကသိုလ် (မကွေး) |

| စဉ် | အမည်၊ ရာထူး၊ တက္ကသိုလ် | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ တက္ကသိုလ် |
|---|---|---|
| ၂။ | ဒေါ်သန္တာစိုး<br>ဒုတိယဌာနမှူး (စီမံ/ဘဏ္ဍာ)<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် | ဌာနမှူး (စီမံ/ဘဏ္ဍာ)<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် |
| ၃။ | ဒေါ်ခင်စိုးရီ<br>ဒုတိယညွှန်ကြားရေးမှူး<br>ဆေးတက္ကသိုလ် (မန္တလေး) | ဌာနမှူး (စီမံ/ဘဏ္ဍာ)<br>ဆေးတက္ကသိုလ် (မန္တလေး) |

မှတ်ချက် ။ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားခြင်းခံရသည့် ဌာနမှူး (စီမံ/ဘဏ္ဍာ) များသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်ပြောင်းရွှေ့တာဝန်ချထားသည့် အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ တိုးမြှင့်ပြောင်းရွှေ့လက်ခံပြီး ထမ်းဆောင်စေရန်ဖြစ်သည်။

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်)

အမှတ် ၅၀ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်စွဲပါ စာအမှတ်၊ ၄ မက (ခ) ၂၀၁၉/၁၂၁၀၂ ဖြင့် ခွင့်ပြုချက်အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (မကွေး)၊ အရိုးရောဂါပညာဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာစန်းလှိုင် (ဆမ-၁၀၇၆၈) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာမြင့်ထွေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၆၃/၂၀၁၉

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၉၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ လက်ကိုင်တယ်လီဖုန်း (Mobile Handset) များကို အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရမည့်ကုန်စည်အဖြစ် သတ်မှတ်လိုက်သည်။

၂။ အပိုဒ် ၁ ပါ ကုန်စည်ကို ပြည်ပမှ တင်သွင်းခြင်း၊ ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်း သို့မဟုတ် ပြည်တွင်း၌ ဝယ်ယူရောင်းချခြင်းပြုရာတွင် ပြည်ပမှ တင်သွင်းသူ၊ ပြည်တွင်း၌ ထုတ်လုပ်သူနှင့် ရောင်းချသူများသည် ယင်းကုန်စည်ကို အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချခြင်းနှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာနက သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၃။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

# (ပြည်ထောင်စုဝန်ကြီးရုံး)
# အမိန့်ကြော်ငြာစာအမှတ် ၆၄/ ၂၀၁၉

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၀၁၈ - ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၄၀ ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

## ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်းအတွက် အကူးအပြောင်းကာလအတွင်း အခွန်စည်းကြပ်ကောက်ခံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

၁။　ဤလုပ်ထုံးလုပ်နည်းများကို ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်းအတွက် အကူးအပြောင်းကာလအတွင်း အခွန်စည်းကြပ်ကောက်ခံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

၂။　ဤလုပ်ထုံးလုပ်နည်းများပါ စကားရပ်များသည် သက်ဆိုင်ရာဥပဒေများနှင့် ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေတို့၌ ဖော်ပြထားသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

၃။　နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှအပ ကျန်အခွန်ထမ်းအားလုံးနှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိကာလအတွက် အခွန်စည်းကြပ်ကောက်ခံရာတွင် ဤလုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ရမည်။

၄။　အထူးကုန်စည်ခွန်နှင့်စပ်လျဉ်း၍ သမဝါယမနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကာလအတွင်း ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ် ထုတ်လုပ်ရောင်းချခြင်းမှ စုစုပေါင်းရောင်းရငွေကို နှစ်ဆပြုလျှင် ကျပ်သိန်း ၂၀၀ ထက်ပိုမည်ဖြစ်ပါက အဆိုပါကာလအတွင်း ရရှိသည့်ရောင်းရငွေနှင့်စပ်လျဉ်း၍ အထူးကုန်စည်ခွန်ဥပဒေနှင့် ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အထူးကုန်စည်ခွန်စည်းကြပ်ရမည်။

၅။　ကုန်သွယ်လုပ်ငန်းခွန်နှင့်စပ်လျဉ်း၍ သမဝါယမနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့မှ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကာလအတွင်းရရှိမည့် စုစုပေါင်း ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေကို နှစ်ဆပြုလျှင် ကျပ်သိန်း ၅၀၀ ထက်ပိုမည်ဖြစ်ပါက အဆိုပါကာလအတွင်း ရရှိမည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ရမည်။

၆။　ဝင်ငွေခွန်နှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကာလအတွက် အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(က) လစာခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက အဆိုပါကာလအတွင်း ရရှိမည့်ဝင်ငွေကို နှစ်ဆပြုလျှင် ကျပ် ၄၈ သိန်း ထက်မပိုပါက မည်သူ့ကိုမျှ ဝင်ငွေခွန်စည်းကြပ်ခြင်းမပြုရ၊ နှစ်ဆပြု၍ ရရှိသောဝင်ငွေသည် ကျပ် ၄၈ သိန်းထက်ပိုပါက ယင်းဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များခုနှိမ်ပြီး ကျန်ဝင်ငွေအပေါ်တွင် ဝင်ငွေခွန်တွက်ချက်ရမည်။ တွက်ချက်ရရှိသော ဝင်ငွေခွန်၏ ထက်ဝက်သည် ကျသင့်ဝင်ငွေခွန်ဖြစ်သည်။

(ခ) ပစ္စည်းငှားရမ်းခခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက -

　(၁) ငှားရမ်းခရငွေသည် တစ်နှစ်အောက်ကာလအတွက်ဖြစ်ပါက ပျမ်းမျှတစ်နှစ်စာ ငှားရမ်းခရငွေဖြင့် တွက်ချက်ရမည်။

(၂) ငှားရမ်းခရငွေသည် တစ်နှစ် သို့မဟုတ် တစ်နှစ်ထက်ပိုသောကာလအတွက်ဖြစ်ပါက ထိုငှားရမ်းခရငွေစုစုပေါင်းဖြင့် တွက်ချက်ရမည်။

(၃) အပိုဒ်ခွဲငယ် (၁) သို့မဟုတ် အပိုဒ်ခွဲငယ် (၂) အရ တွက်ချက်ရရှိသည့် ငှားရမ်းခရငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များခုနှိမ်ပြီး ကျန်ငွေအပေါ် ဝင်ငွေခွန် တွက်ချက်ရမည်။

(၄) ငှားရမ်းခရငွေသည် တစ်နှစ်အောက်ကာလအတွက်ဖြစ်ပါက ကျသင့်ဝင်ငွေခွန်ကို အောက်ပါအတိုင်း တွက်ချက်ရမည် -

**ကျသင့်ဝင်ငွေခွန် = $\dfrac{\text{တွက်ချက်ရရှိသည့် ဝင်ငွေခွန် × ငှားရမ်းသည့်လပေါင်း}}{\text{၁၂}}$**

(၅) ငှားရမ်းခရငွေသည် တစ်နှစ် သို့မဟုတ် တစ်နှစ်ထက်ပိုသော ကာလအတွက်ဖြစ်ပါက တွက်ချက်ရရှိသည့်အခွန်သည် ကျသင့်ဝင်ငွေခွန်ဖြစ်သည်။

(ဂ) အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့် အခြားရလမ်းများမှဝင်ငွေခေါင်းစဉ်တို့ဖြစ်ပါက စုစုပေါင်းဝင်ငွေမှ အသုံးစရိတ်နုတ်ပယ်ပြီး ရရှိသည့်ငွေကို နှစ်ဆပြု၍ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များခုနှိမ်ပြီး ကျန်ဝင်ငွေအပေါ် ဝင်ငွေခွန် တွက်ချက်ရမည်။ တွက်ချက်ရရှိသော ဝင်ငွေခွန်၏ ထက်ဝက်သည် ကျသင့်ဝင်ငွေခွန်ဖြစ်သည်။

(ဃ) အပိုဒ်ခွဲ (ခ) နှင့် အပိုဒ်ခွဲ (ဂ) ပါ လုပ်ထုံးလုပ်နည်းများသည် အောက်ပါအခွန်ထမ်းအမျိုးအစား သို့မဟုတ် ဝင်ငွေအမျိုးအစားများနှင့်သာ သက်ဆိုင်စေရမည် -

(၁) တစ်ဦးချင်းပုဂ္ဂိုလ်များ၊

(၂) အစုစပ်လုပ်ငန်းများ၊

(၃) သမဝါယမအသင်း ဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်းများ။

(င) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့်ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်းများ၊ ကုမ္ပဏီများ၊ အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမအသင်းများဖြစ်ပါက စုစုပေါင်းဝင်ငွေမှ အသုံးစရိတ် (တန်ဖိုးလျော့ခွင့်ပြုငွေ၊ အတိုးပေးငွေ၊ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆-က အရ လှူဒါန်းငွေတို့မပါ။) ကို နုတ်ပယ်ရမည်။ ထိုသို့ နုတ်ပယ်ပြီး ရရှိသည့်ငွေကို နှစ်ဆပြုရမည်။ ယင်းနှစ်ဆပြု၍ ရရှိသည့်ဝင်ငွေမှ စည်းမျဉ်းများအရခွင့်ပြုသည့် တန်ဖိုးလျော့ခွင့်ပြုငွေ၊ ယင်းကာလအတွင်း အမှန်တကယ် ပေးချေသည့် အတိုးပေးငွေတို့ကို ဦးစွာနုတ်ပယ်ရမည်။ ယင်းသို့ နုတ်ပယ်ပြီး ရရှိသည့်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆-က အရ ခွင့်ပြုလှူဒါန်းငွေကို ထပ်မံနုတ်ပယ်၍ ကျန်ဝင်ငွေအပေါ် အခွန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ်ပေးထားသော ဝင်ငွေခွန်နှုန်းများအတိုင်း ဝင်ငွေခွန်တွက်ချက်ရမည်။ တွက်ချက်ရရှိသော ဝင်ငွေခွန်၏ ထက်ဝက်သည် ကျသင့်ဝင်ငွေခွန်ဖြစ်သည်။

(စ) အခြေပစ္စည်းမှ မြတ်စွန်းငွေခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း ပြုလုပ်သည့် စုစုပေါင်းတန်ဖိုးသည် ကျပ်သိန်း ၁၀၀ ထက်မပိုလျှင် မြတ်စွန်းငွေ ပေါ်ပေါက်စေကာမူ ဝင်ငွေခွန် စည်းကြပ်ခြင်းမပြုရ။

(ဆ) စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက အဆိုပါကာလအတွင်း ပေါ်ထွက်သောငွေကိုလည်းကောင်း၊ ပေါ်ထွက်သောပစ္စည်းတန်ဖိုးနှင့် ယင်းပစ္စည်းရယူရာတွင် ကုန်ကျသည့်ငွေအားလုံးကိုလည်းကောင်း ဝင်ငွေအဖြစ်သတ်မှတ်၍ စည်းကြပ်ရမည်။

(ဇ) ပြည်ပနေနိုင်ငံသား၏ လစာဝင်ငွေခေါင်းစဉ်မှတစ်ပါး အဆိုပါကာလအတွင်း နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

(ဈ) အသစ်ထူထောင်သောစက်မှုလက်မှုကိုအခြေခံသည့် အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် အဆိုပါ ခြောက်လတာကာလသည် လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလအတွင်း ကျရောက်ပါက ယင်းခြောက်လအတွင်းရရှိသည့်စုစုပေါင်း အသားတင်အမြတ်ဝင်ငွေကို နှစ်ဆပြုရမည်။ ယင်းသို့ နှစ်ဆပြု၍ရရှိသော အသားတင်အမြတ်ဝင်ငွေသည် ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၂၉ အရ -

(၁) ကျပ်သိန်း ၁၀၀ အထိ ဝင်ငွေခွန်ကင်းလွတ်သည်၊

(၂) ကျပ်သိန်း ၁၀၀ ထက်ပိုမိုရရှိပါက ပိုမိုရရှိသည့်ဝင်ငွေအပေါ်တွင် ဝင်ငွေခွန်တွက်ချက်ရမည်၊

(၃) အပိုဒ်ခွဲငယ် (၂) ပါအတိုင်း တွက်ချက်ရရှိသည့် ဝင်ငွေခွန်၏ ထက်ဝက်သည် အဆိုပါကာလအတွက် ယင်းလုပ်ငန်းက ထမ်းဆောင်ရမည့်ဝင်ငွေခွန်ဖြစ်သည်။

(ည) နိုင်ငံခြားသားတစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက အဆိုပါခြောက်လတာကာလ၌ နိုင်ငံတော်အတွင်း အမှန်နေထိုင်သည့်ရက်၏ နှစ်ဆသည် ရက်ပေါင်းတစ်ရာရှစ်ဆယ့်သုံးရက်နှင့်အထက်ဖြစ်ပါက ပြည်တွင်းနေ နိုင်ငံခြားသားဟုမှတ်ယူ၍ ဝင်ငွေခွန်တွက်ချက်စည်းကြပ်ရမည်။

(ဋ) ပြည်ပနေနိုင်ငံခြားသားနှင့်စပ်လျဉ်း၍ -

(၁) လစာခေါင်းစဉ်မှအပ အခြားဝင်ငွေဖြစ်ပါက ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ အပိုဒ်ခွဲ (င) ပါအတိုင်း ဝင်ငွေခွန်တွက်ချက်စည်းကြပ်ရမည်။

(၂) လစာခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်းဝင်ငွေကို နှစ်ဆပြု၍ ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ပါ အခွန်နှုန်းများအတိုင်း ဝင်ငွေခွန်တွက်ချက်ရမည်။ တွက်ချက်ရရှိသော ဝင်ငွေခွန်၏ထက်ဝက်သည် ကျသင့်ဝင်ငွေခွန်ဖြစ်သည်။

(ဌ) ဝင်ငွေခွန်ဥပဒေပုဒ်မ ၂၀ ပါ ဝင်ငွေရလမ်းတစ်ခုခုမှ ဆုံးရှုံးငွေခုနှိမ်ခြင်းနှင့်စပ်လျဉ်း၍ အဆိုပါခြောက်လတာကာလကို နှစ်တစ်နှစ်အဖြစ်သတ်မှတ်၍ ခုနှိမ်ပေးရမည်။

၇။ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ခြောက်လတာကာလအတွက် ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၇ အရ ဝင်ငွေကြေညာလွှာနှင့် ပုဒ်မ ၁၈ အရ လစာနှစ်ချုပ်စာရင်းတို့ကိုလည်းကောင်း၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၃ အရ နှစ်ချုပ်ကြေညာလွှာကိုလည်းကောင်း အဆိုပါ ကာလကုန်ဆုံးပြီး သုံးလအတွင်း ပေးပို့ရမည်။

စိုးဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၉

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)

**အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မ ၂၄ တို့အရ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးခြင်း**

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ လိုင်စင်အကြိုစိစစ်ရေး ဘုတ်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်များအရ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီမှ အတည်ပြုပြီး

ဖြစ်သော အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်လိုသည့် အောက်ပါအဖွဲ့အစည်း ၂ ဖွဲ့အား အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များ ထုတ်ပေးလိုက်သည် -

| **စဉ်** | **အဖွဲ့အစည်းအမည်** | **လိုင်စင်အမှတ်** |
|---|---|---|
| ၁။ | LOTUS Bridge MF Co., Ltd | ၀၂၈၂/၂၀၁၇ |
| ၂။ | ရွှေကျင်ငွေမိုးအောင် အသေးစားငွေရေးကြေးရေးလုပ်ငန်း ကုမ္ပဏီလီမိတက် | ၀၂၈၉/၂၀၁၈ |

## အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၁၉

## အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မ ၂၄ တို့အရ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ပိတ်သိမ်းခြင်း

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ လိုင်စင်အကြိုစိစစ်ရေးဘုတ်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်များအရ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီမှအတည်ပြုပြီးဖြစ်သော အသေးစားငွေရေးကြေးရေးလုပ်ငန်းပိတ်သိမ်းသည့် အောက်ပါအဖွဲ့အစည်း (၁) ဖွဲ့အား အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ပြန်လည်ပိတ်သိမ်းလိုက်သည် -

| **စဉ်** | **အဖွဲ့အစည်းအမည်** | **လိုင်စင်အမှတ်** |
|---|---|---|
| ၁။ | နေမင်းရောင်ခြည်အသင်း | ၀၁၉၉/၂၀၁၅ |

စိုးဝင်း
ဥက္ကဋ္ဌ
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၇၆/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်)

## မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ ပုဒ်မ -၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃)၊ မြေကွက်အမှတ် (၇၂ ဘီ/၂၊ ၇၂ ဘီ နှင့် ၆ တို့၏ အစိတ်အပိုင်း)၊ စုစုပေါင်းဧရိယာ (၀. ၁၅၆) ဧကရှိ အစိုးရမြေနေရာကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အသုံးပြုရန်အတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်း ပေးလိုက်သည် -

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ၊

(ခ) ထိုမြေကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက အသုံးပြုရန်မလိုအပ်သည့်အခါ ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်။

(ဂ) မြေကိုအသုံးပြုရာတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆ သဘောထားကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက်အမှတ် | မြေကွက်အမှတ် | ခန့်မှန်းမြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန် | ဗဟန်း | ၅၃ | ၇၂ ဘီ/၂၊ ၇၂ ဘီ နှင့် ၆ တို့၏ အစိတ်အပိုင်း | ၀ | ၁၅၆ | |
| **စုစုပေါင်း** | | | | **၀** | **၁၅၆** | |

၃။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

အရှေ့လားသော် - မြေတိုင်းရပ်ကွက်အမှတ် (၄၃ အီး)၊ မြေကွက်အမှတ် (၆)

အနောက်လားသော် - မြေတိုင်းရပ်ကွက်အမှတ် (၅၃)၊ မြေကွက်အမှတ် (၆)၊ လမ်း

တောင်လားသော် - မြေကွက်အမှတ် (၇)

မြောက်လားသော် - မြေတိုင်းရပ်ကွက်အမှတ် (၅၃)၊ မြေကွက်အမှတ် (၆)၊ လမ်း

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၉) အရ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃)၊ မြေကွက်အမှတ် (၇၂ ဘီ/၂၊ ၇၂ ဘီနှင့် ၆ တို့၏အစိတ်အပိုင်း)၊ စုစုပေါင်း ဧရိယာ (၀. ၁၅၆) ဧကရှိ အစိုးရမြေကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၇၇/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)

## မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ ပုဒ်မ -၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၀)၊ မြေကွက်အမှတ် (၄၃၇/က)၊ စုစုပေါင်းဧရိယာ (၀. ၇၅၀) ဧကရှိ အစိုးရမြေနေရာကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန အသုံးပြုရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည် -

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ၊

(ခ) ထိုမြေကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အသုံးပြုရန်မလိုအပ်သည့်အခါ ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်။

(ဂ) မြေကိုအသုံးပြုရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆ သဘောထားကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရသို့ တင်ပြ၍ အဆုံးအဖြတ် ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက်အမှတ် | မြေကွက်အမှတ် | ခန့်မှန်းမြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန် | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၅၀ | ၄၃၇/က | ၀ | ၇၅၀ | |
| **စုစုပေါင်း** | | | | **၀** | **၇၅၀** | |

၃။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

အရှေ့လားသော် - ရာဇသင်္ကြန်လမ်း

အနောက်လားသော် - လမ်း

တောင်လားသော် - ရာဇသင်္ကြန်လမ်း

မြောက်လားသော် - လမ်း

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၉) အရ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၀)၊ မြေကွက်အမှတ် (၄၃၇/က)၊ စုစုပေါင်းဧရိယာ (၀. ၇၅၀) ဧကရှိ အစိုးရမြေကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန အသုံးပြုရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၇၈/၂၀၁၉)

## မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ ပုဒ်မ -၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆)၊ မြေကွက်အမှတ် (၈၈၅/က)၊ စုစုပေါင်းဧရိယာ (၀. ၉၁၈) ဧကရှိ အစိုးရမြေနေရာကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန အသုံးပြုရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည် -

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ၊

(ခ) ထိုမြေကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အသုံးပြုရန်မလိုအပ်သည့်အခါ ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်။

(ဂ) မြေကိုအသုံးပြုရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆ သဘောထားကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရသို့ တင်ပြ၍ အဆုံးအဖြတ် ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက်အမှတ် | မြေကွက်အမှတ် | ခန့်မှန်းမြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန် | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၃၆ | ၈၈၅/က | ၀ | ၉၁၈ | |
| **စုစုပေါင်း** | | | | **၀** | **၉၁၈** | |

၃။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

အရှေ့လားသော် - လမ်း

အနောက်လားသော် - ၃၆ အဆင့်မြင့် လူနေမြေကွက်

တောင်လားသော် - ၃၆ အဆင့်မြင့် လူနေမြေကွက်

မြောက်လားသော် - လမ်း

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၉) အရ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆)၊ မြေကွက်အမှတ် (၈၈၅/က)၊ စုစုပေါင်းဧရိယာ (၀.၉၁၈) ဧကရှိ အစိုးရမြေကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန အသုံးပြုရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၇၉/၂၀၁၉)

## မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ ပုဒ်မ -၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို သုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၈ U 10)၊ မြေကွက်အမှတ် (၄၈၁/က)၊ စုစုပေါင်းဧရိယာ (၀.၉၀၀) ဧကရှိ အစိုးရမြေနေရာကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန အသုံးပြုရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည် -

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ၊

(ခ) ထိုမြေကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အသုံးပြုရန်မလိုအပ်သည့်အခါ ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်။

(ဂ) မြေကိုအသုံးပြုရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆ သဘောထားကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရသို့ တင်ပြ၍ အဆုံးအဖြတ် ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက်အမှတ် | မြေကွက်အမှတ် | ခန့်မှန်းမြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန် | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၄၈ U 10 | ၄၈၁/က | ၀ | ၉၀၀ | |
| **စုစုပေါင်း** | | | | **၀** | **၉၀၀** | |

၃။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

အရှေ့လားသော် - လမ်း
အနောက်လားသော် - မြေကွက်အမှတ် (၄၈၁)
တောင်လားသော် - ဗိုလ်မှူးဗထူးလမ်း
မြောက်လားသော် - လမ်း

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၉) အရ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၈ U 10)၊ မြေကွက်အမှတ် (၄၈၁/က)၊ စုစုပေါင်းဧရိယာ (၀. ၉၀၀) ဧကရှိ အစိုးရမြေကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန အသုံးပြုရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၈၀/၂၀၁၉)

## မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ ပုဒ်မ -၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို သုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉)၊ မြေကွက်အမှတ် (၁/က)၊ ဧရိယာ (၅. ၅၀၉) ဧကရှိ အစိုးရမြေနေရာကို ကုသရေးဦးစီးဌာန အသုံးပြုရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည် -

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ ကုသရေးဦးစီးဌာနအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ၊

(ခ) မြေကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနက အသုံးပြုရန် မလိုအပ်သည့်အခါ ထိုမြေကို ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်။

(ဂ) မြေကိုအသုံးပြုရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ အယူအဆ သဘောထားကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက်အမှတ် | မြေကွက်အမှတ် | ခန့်မှန်းမြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန် | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၉ | ၁/က | ၅ | ၅၀၉ | |
| **စုစုပေါင်း** | | | | **၅** | **၅၀၉** | |

၃။ **မြေကွက်အမှတ် (၁/က) ၏ နယ်နိမိတ်အလားအလာဖော်ပြချက်**

| | | |
|---|---|---|
| အရှေ့လားသော် | - | လမ်း |
| အနောက်လားသော် | - | အနော်ရထာလမ်း |
| တောင်လားသော် | - | လမ်း |
| မြောက်လားသော် | - | ရာဇဓိရာဇ်လမ်း |

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၉) အရ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉)၊ မြေကွက်အမှတ် (၁/က)၊ ဧရိယာ (၅. ၅၀၉) ဧကရှိ အစိုးရမြေကို ကုသရေးဦးစီးဌာန အသုံးပြုရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

ဟန်ဇော်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

# (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၅၈/၂၀၁၉

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်)

၂၀၁၉ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (၉/၂၀၁၉) နှင့် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၉) ၏ သဘောတူခွင့်ပြုချက်အရ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ အောက်ဖော်ပြပါဦးစီးမှူး (၃၁) ဦးအား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်သည့် ရာထူး၊ ဌာန | တိုးမြှင့်တာဝန်ချထားမည့် ရာထူး၊ ဌာန |
|---|---|---|---|
| (က) | ဒေါ်မူမူမြင့် | ဦးစီးမှူး<br>စီမံကိန်းရေးဆွဲရေးနှင့်<br>စာရင်းအင်းဌာနခွဲ | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ခ) | ဒေါ်အေးမို့မို့ခိုင် | ဦးစီးမှူး<br>သင်တန်းဌာနခွဲ<br>(အောက်မြန်မာပြည်) | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဂ) | ဒေါ်အေးမာသင်း | ဦးစီးမှူး<br>စာကြည့်တိုက် | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်သည့် ရာထူး၊ ဌာန | တိုးမြှင့်တာဝန်ချထားမည့် ရာထူး၊ ဌာန |
|---|---|---|---|
| (ဃ) | ဒေါ်ခိုင်မာလာကျော် | ဦးစီးမှူး ဗြိုဟ်တုမှပုံရိပ်ဖမ်းယူ စူးစမ်းလေ့လာမှုဌာနခွဲ | ဦးစီးအရာရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန |
| (င) | ဦးပိုးရယ်အောင်မြတ် | ဦးစီးမှူး ဗဟိုသိုလှောင်ရုံ (ရန်ကုန်မြို့) | ဦးစီးအရာရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန |
| (စ) | ဦးဟန်လင်းထွဋ် | ဦးစီးမှူး ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံး | ဦးစီးအရာရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဆ) | ဦးသန့်ဇော်မောင် | ဦးစီးမှူး စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံး | ဦးစီးအရာရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဇ) | ဦးလှမင်းလွင် | ဦးစီးမှူး ရှမ်းပြည်နယ်ဦးစီးမှူးရုံး | ဦးစီးအရာရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဈ) | ဦးရာဇာဝင်းထွန်း | ဦးစီးမှူး ပြည်ခရိုင်ဦးစီးမှူးရုံး | ဦးစီးအရာရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန |
| (ည) | ဦးသန်းထွန်းအောင် | ဦးစီးမှူး ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး | ဦးစီးအရာရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဋ) | ဒေါ်အေးအေးနွယ် | ဦးစီးမှူး ဝန်ထမ်းရေးရာဌာနခွဲ | ဦးစီးအရာရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဌ) | ဒေါ်မာမာအေး | ဦးစီးမှူး ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တိုင်းဦးစီးမှူးရုံး | ဦးစီးအရာရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဍ) | ဒေါ်လှကေသီဦး | ဦးစီးမှူး ဌာနဆိုင်ရာငွေစာရင်းဌာနခွဲ | ဦးစီးအရာရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဎ) | ဒေါ်မြင့်မြင့်ခိုင် | ဦးစီးမှူး တောင်ကြီးမြို့နယ်ဦးစီးမှူးရုံး၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံး (တွဲဖက်) | ဦးစီးအရာရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဏ) | ဦးဇော်မိုးလွင် | ဦးစီးမှူး မော်တော်ယာဉ်ဌာနခွဲ | ဦးစီးအရာရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန |

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်သည့် ရာထူး၊ ဌာန | တိုးမြှင့်တာဝန်ချထားမည့် ရာထူး၊ ဌာန |
|---|---|---|---|
| (တ) | ဒေါ်သီတာအောင် | ဦးစီးမှူး<br>သဘာဝဘေးလျော့ပါးရေးဌာနခွဲ | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ထ) | ဦးသန်းကျော်ဌေး | ဦးစီးမှူး<br>ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေး<br>ဌာနခွဲ (အောက်မြန်မာပြည်) | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဒ) | ဦးဇော်မျိုးခိုင် | ဦးစီးမှူး<br>ဗဟိုသိုလှောင်ရုံ၊ မန္တလေးမြို့ | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဓ) | ဒေါ်အင်ကြင်းချမ်း | ဦးစီးမှူး<br>သထုံခရိုင်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (န) | ဒေါ်နီနီအောင် | ဦးစီးမှူး<br>ကရင်ပြည်နယ်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ပ) | ဦးမိုင်းထွန်းအောင် | ဦးစီးမှူး<br>လားရှိုးခရိုင်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဖ) | ဦးစောမြဖောင်း | ဦးစီးမှူး<br>ကော့သောင်းခရိုင်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဗ) | ဦးစန်နီ | ဦးစီးမှူး<br>ရခိုင်ပြည်နယ်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဘ) | ဦးကျော်နိုင်ထွေး | ဦးစီးမှူး<br>မိုးညှင်းခရိုင်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (မ) | ဦးကျော်စွာထွေး | ဦးစီးမှူး<br>မြောင်းမြခရိုင်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ယ) | ဦးမျိုးဇော် | ဦးစီးမှူး<br>ညောင်ဦးခရိုင်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ရ) | ဦးကျော်ကိုကို | ဦးစီးမှူး<br>ချင်းပြည်နယ်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |

| **စဉ်** | **အမည်** | **လက်ရှိတာဝန်ထမ်းဆောင်သည့် ရာထူး၊ ဌာန** | **တိုးမြှင့်တာဝန်ချထားမည့် ရာထူး၊ ဌာန** |
|---|---|---|---|
| (လ) | ဒေါ်သိမ့်သိမ့်အောင် | ဦးစီးမှူး<br>မွန်ပြည်နယ်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဝ) | ဒေါ်နွယ်နွယ်ဝင်း | ဦးစီးမှူး<br>ဟားခါးမြို့နယ်ဦးစီးမှူးရုံး၊<br>ချင်းပြည်နယ်ဦးစီးမှူးရုံး<br>(တွဲဖက်) | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (သ) | ဒေါ်အေးငြိမ်းစံ | ဦးစီးမှူး<br>ချောင်းဆုံမြို့နယ်ဦးစီးမှူးရုံး၊<br>မွန်ပြည်နယ်ဦးစီးမှူးရုံး<br>(တွဲဖက်) | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဟ) | ဒေါ်နန္ဒာဝင်း | ဦးစီးမှူး<br>ဘားအံမြို့နယ်ဦးစီးမှူးရုံး၊<br>ကရင်ပြည်နယ်ဦးစီးမှူးရုံး<br>(တွဲဖက်) | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |

ဒေါက်တာဝင်းမြတ်အေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၁၉**

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ၏ ၈/၂၀၁၉ ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲမှ ဒေါ်ကြည်ကြည်လှ၊ ဒုတိယ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေး ဌာနခွဲတွင် ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

အုန်းမောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၄၂/ ၂၀၁၉**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၈ ရက်)

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၅/ ၂၀၁၉) ၏ သဘောတူညီချက်အရ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးရုံးမှ ဒုတိယဦးစီးမှူး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဒေါ်စမ်းစမ်းဝင်းအောင် အား ပြည်ထောင်စုဝန်ကြီးရုံး၊ စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ လုပ်ငန်းတာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၄၃/ ၂၀၁၉**

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၅/ ၂၀၁၉) ၏ သဘောတူညီချက်အရ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသား အခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀- ၂၂၆,၀၀၀) ဦးနေထွန်းဦး အား ရှမ်းပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ တိုင်းရင်းသား အခွင့်အရေးများကာကွယ် စောင့်ရှောက်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ လုပ်ငန်းတာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၄၄/ ၂၀၁၉**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၉ ရက်)

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ဖွဲ့စည်းပုံပြင်ဆင်ခြင်း**

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၅/ ၂၀၁၉) ၏ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) ၏ ဖွဲ့စည်းပုံကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနတွင် ထည့်သွင်း၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ဖွဲ့စည်းပုံကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်း လိုက်သည် -

| စဉ် | ဌာနအမည် | အရာထမ်း | အမှုထမ်း | စုစုပေါင်း |
|---|---|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီးရုံး | ၅၀ | ၁၁၅ | ၁၆၅ |
| (ခ) | တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန | ၁၆၈ | ၄၆၄ | ၆၃၂ |
| (ဂ) | တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန | ၁၆၁ | ၃၂၃ | ၄၈၄ |
| | **စုစုပေါင်း** | **၃၇၉** | **၉၀၂** | **၁၂၈၁** |

နိုင်သက်လွင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရှေ့နေချုပ်ရုံး**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၁ ရက်)

အမှတ် ၉၅ ။ ။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ နှင့် နည်းဥပဒေ ၈၉ တို့အရ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးဥပဒေအရာရှိ (ညွှန်ကြားရေးမှူး) ဉ/၂၂၅၉ ဦးအုန်းသန်း အား အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ ညနေပိုင်းအထိ ပျမ်းမျှလစာဖြင့် ခံစားခွင့် ပြုလိုက်သည်။ အဆိုပါခွင့်ကုန်ဆုံးပြီးနောက် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

အမှတ် ၁၂၂ ။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၈) အရ ၂၀၁၉ ခုနှစ်၊ မေလ ၂ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ ညနေပိုင်းအထိ အငြိမ်းစားယူရန်ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုရန် လျှောက်ထားခြင်းကို ငြင်းပယ်ထားသော ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဦး ဉ/၂၀၂၀ အား အဆိုပါငြင်းပယ်ထားသော အငြိမ်းစားယူရန်ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့ နံနက်ပိုင်းမှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ညနေပိုင်းအထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။ အဆိုပါခွင့်ကုန်ဆုံးပြီးနောက် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၁၂၃ ။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၅) အရ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့ ညနေပိုင်းအထိ အငြိမ်းစားယူရန်ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုရန် လျှောက်ထားခြင်းကို ငြင်းပယ်ထားသော ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါ်လှလှဝင်း ဉ/၁၃၃၆ အား အဆိုပါ ငြင်းပယ်ထားသော အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့ ညနေပိုင်းအထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။ အဆိုပါ ခွင့်ကုန်ဆုံးပြီးနောက် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၊ ပြည်သူ့ဝန်ထမ်း အကယ်ဒမီမှ အောက်ဖော်ပြပါ နည်းပြ/မော်ကွန်းထိန်းလက်ထောက်-၂၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၆) ဦးတို့အား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါဌာနများတွင် လစ်လပ်လျက်ရှိသော လက်ထောက်

ကထိက/သုတေသနအရာရှိ/လက်ထောက်မော်ကွန်းထိန်း/ဌာနစုမှူး (စိုက်ပျိုးရေး)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါ်အေးအေးအောင်<br>နည်းပြ<br>သတင်းအချက်အလက်နှင့်<br>ဆက်သွယ်ရေးနည်းပညာဌာန | လက်ထောက်ကထိက<br>သတင်းအချက်အလက်နှင့်<br>ဆက်သွယ်ရေးနည်းပညာဌာန |
| (၂) | ဦးမောင်မောင်ခိုင်<br>နည်းပြ<br>သတင်းအချက်အလက်နှင့်<br>ဆက်သွယ်ရေးနည်းပညာဌာန | လက်ထောက်ကထိက<br>သတင်းအချက်အလက်နှင့်<br>ဆက်သွယ်ရေးနည်းပညာဌာန |
| (၃) | ဒေါ်မြင့်မြင့်အေး<br>နည်းပြ<br>စီးပွားရေးပညာဌာန | သုတေသနအရာရှိ<br>သုတေသနနှင့်ဖွံ့ဖြိုးမှုဌာန |
| (၄) | ဒေါ်မိုးမိုးခိုင်<br>မော်ကွန်းထိန်းလက်ထောက်-၂<br>ကျောင်းသားရေးရာဌာန | လက်ထောက်မော်ကွန်းထိန်း<br>စာမေးပွဲနှင့်ဘွဲ့နှင်းဌာန |
| (၅) | ဒေါ်မိုးသီတာမြင့်<br>နည်းပြ<br>နိုင်ငံရေးသိပ္ပံပညာဌာန | လက်ထောက်ကထိက<br>နိုင်ငံရေးသိပ္ပံပညာဌာန |
| (၆) | ဒေါ်အိအိခိုင်<br>နည်းပြ<br>နိုင်ငံရေးသိပ္ပံပညာဌာန | ဌာနစုမှူး (စိုက်ပျိုးရေး)<br>စီမံ/ဘဏ္ဍာဌာနကြီး |

ဝင်းသိမ်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## အမိန့်ကြော်ငြာစာ (၃၂/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်)

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ထုတ်လုပ်ရေးဌာနမှ ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး) ဦးကိုကို အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် (၈၁) အရ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် (၂၃၃)၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာမျိုးအောင်
မြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
## ကချင်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ
## (၂၀၁၉ ခုနှစ်၊ ကချင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁။)

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၁ ရက်)

ကချင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့်အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် **ကချင်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ကချင်ပြည်နယ်တစ်ဝန်းလုံး၌ အကျိုးသက်ရောက်စေရမည်။

### အခန်း (၂)
### နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများနှင့် ပြည်နယ်အဆင့်အဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် ခွင့်ပြုထားသောသုံးငွေများအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကိုစီမံခန့်ခွဲရာတွင် ဤဥပဒေပါပြဋ္ဌာန်းချက်များ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဒေါက်တာခက်အောင်
ဝန်ကြီးချုပ်
ကချင်ပြည်နယ်အစိုးရအဖွဲ့

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား (၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်နယ်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၁၄၆. ၁၉၅ | | | ၃၇၆၀. ၉၅၁ | | | | | ၄၉၀၇. ၁၄၆ |
| ၂ | ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | ၉၉. ၇၅၇ | | | | | ၉၉. ၇၅၇ |
| | | ပေါင်း | | ၁၁၄၆. ၁၉၅ | | | ၃၈၆၀. ၇၀၈ | | | | | ၅၀၀၆. ၉၀၃ |

## ပြည်နယ်ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

ဇယား (၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်နယ်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | **ပြည်ထဲရေး** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၈၀၆. ၁၇၁** | | | **၁၅၃၄. ၆၀၆** | | | | | **၂၃၄၀. ၇၇၇** |
| | | ၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၆၄၄. ၃၇၂ | | | ၈၇၅. ၉၃၇ | | | | | ၁၅၂၀. ၃၀၉ |
| | | ၃။ မီးသတ်ဦးစီးဌာန | | ၁၆၁. ၇၉၉ | | | ၆၅၈. ၆၆၉ | | | | | ၈၂၀. ၄၆၈ |
| ၂ | ၂ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း** | **ရှင်း** | **၁၄. ၂၂၆** | | | | | | | | **၁၄. ၂၂၆** |
| | | ၂။ ငါးလုပ်ငန်းဦးစီးဌာန | | ၁၂. ၉၃၆ | | | | | | | | ၁၂. ၉၃၆ |
| | | ၃။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၁. ၂၉၀ | | | | | | | | ၁. ၂၉၀ |
| ၃ | ၆ | **စီမံကိန်းနှင့်ဘဏ္ဍာရေး** | **ရှင်း** | | | | **၇၀. ၀၀၀** | | | | | **၇၀. ၀၀၀** |
| | | ၁။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန | | | | | ၇၀. ၀၀၀ | | | | | ၇၀. ၀၀၀ |
| ၄ | ၇ | **ဆောက်လုပ်ရေး** | **ရှင်း** | **၆. ၄၀၇** | | | **၃၄၆၆. ၇၄၇** | | | | | **၃၄၇၃. ၁၅၄** |
| | | ၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၆. ၄၀၇ | | | ၈၈. ၀၀၀ | | | | | ၉၄. ၄၀၇ |
| | | ၂။ လမ်းဦးစီးဌာန | | | | | ၃၃၇၈. ၇၄၇ | | | | | ၃၃၇၈. ၇၄၇ |
| | | **ပေါင်း** | | **၈၂၆. ၈၀၄** | | | **၅၀၇၁. ၃၅၃** | | | | | **၅၈၉၈. ၁၅၇** |

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၃)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်နယ်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | **လျှပ်စစ်နှင့် စွမ်းအင်**<br>၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | | | | **၂၄၇၄· ၄၄၇**<br>၂၄၇၄· ၄၄၇ | | | | | **၂၄၇၄· ၄၄၇**<br>၂၄၇၄· ၄၄၇ |
| | | **ပေါင်း** | | | | | **၂၄၇၄· ၄၄၇** | | | | | **၂၄၇၄· ၄၄၇** |

## စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်နယ်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | စည်ပင်သာယာရေးအဖွဲ့များ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၃၄၂. ၃၀၅ | | | ၁၇၀၆. ၂၁၅ | | | | | ၂၀၄၈. ၅၂၀ |
| | | ပေါင်း | | ၃၄၂. ၃၀၅ | | | ၁၇၀၆. ၂၁၅ | | | | | ၂၀၄၈. ၅၂၀ |

# ချင်းပြည်နယ် သတ္တုအသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်းဆိုင်ရာဥပဒေ
## (၂၀၁၉ ခုနှစ်၊ ချင်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၈ ရက်)

ချင်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤဥပဒေကို **ချင်းပြည်နယ်သတ္တုအသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်းဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အစိုးရအဖွဲ့**ဆိုသည်မှာ ချင်းပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **ဝန်ကြီးဌာန**ဆိုသည်မှာ ချင်းပြည်နယ်၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ဝန်ကြီး**ဆိုသည်မှာ ချင်းပြည်နယ်၊ သစ်တောနှင့် သတ္တုဝန်ကြီးကို ဆိုသည်။

(ဃ) **ဦးစီးဌာန**ဆိုသည်မှာ ချင်းပြည်နယ် သတ္တုတွင်းဦးစီးဌာနကို ဆိုသည်။

(င) **တာဝန်ခံအရာရှိ**ဆိုသည်မှာ ချင်းပြည်နယ် သတ္တုတွင်းဦးစီးဌာန တာဝန်ခံအရာရှိ/ဒုတိယ ညွှန်ကြားရေးမှူးကို ဆိုသည်။

(စ) **စစ်ဆေးရေးအရာရှိ**ဆိုသည်မှာ စစ်ဆေးရေးအရာရှိချုပ်က စာဖြင့်သီးခြားတာဝန်ပေးအပ်ထားသော အရာရှိတစ်ဦးဦး သို့မဟုတ် တာဝန်ပေးအပ်သည့် စစ်ဆေးရေးအရာရှိကို ဆိုသည်။

(ဆ) **ချင်းပြည်နယ်လုပ်ကွက်စိစစ်ချထားရေးအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသောအဖွဲ့ကို ဆိုသည်။

(ဇ) **သတ္တုတွင်း**ဆိုသည်မှာ ဓာတ်သတ္တုတူးဖော်သည့်နေရာ၊ ကလိုင် သို့မဟုတ် လုပ်ကွက်ကိုလည်းကောင်း၊ ဓာတ်သတ္တုတူးဖော်ရာတွင်ဖြစ်စေ၊ ဓာတ်သတ္တုတူးဖော်ရာနေရာ၊ ကလိုင် သို့မဟုတ် လုပ်ကွက်နှင့် တစ်ဆက်တစ်စပ်တည်းရှိသောနေရာတစ်ခုခု၌ ဓာတ်သတ္တုဆင့်တက်ပြုပြင်ရာတွင်ဖြစ်စေ၊ လုပ်ကိုင်သည့်လုပ်ငန်းအရပ်ရပ်၊ အဆောက်အဦမြေနေရာနှင့် စက်ပစ္စည်းကိရိယာများကိုလည်းကောင်းဆိုသည်။ ယင်းစကားရပ်တွင် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းနှင့် ကျောက်များတူးဖော်သည့် ကျောက်ထုတ်စခန်းများလည်း ပါဝင်သည်။

(ဈ) **ဓာတ်သတ္တု**ဆိုသည်မှာ မြေထုမှတူးဖော်၍သော်လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်း ရရှိသည့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းနှင့် ကျောက်များကို ဆိုသည်။ ယင်းစကားရပ်တွင် ပင်လယ်၊ မြစ်၊ ချောင်း၊ အင်းအိုင်ရှိ ရေအောက်ကြမ်းပြင်နှင့် ရေအောက်မြေမှ တူးဖော်ရရှိသည့် ဓာတ်သတ္တုများလည်း ပါဝင်သည်။

(ည) **ချင်းပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ခွင့်ရှိသည့်သတ္တု**ဆိုသည်မှာ ရွှေ၊ ငွေ၊ ခဲ၊ ခဲမဖြူ၊ အဖြိုက်နက်၊ ခနောက်စိမ်း၊ ခရိုမိယမ်ကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ဆောင်ရွက်ခွင့်ပြုသည့်သတ္တုများလည်း ပါဝင်သည်။

( န) **ချင်းပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ခွင့်ရှိသည့် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း**ဆိုသည်မှာ ထုံးကျောက်၊ ဂေါဒန်ကျောက်၊ ဘရိုက်တီးကျောက်၊ မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်၊ ဒိုလိုမိုက်၊ မီးခံရွှံ့စေး၊ မီးခံမြေစေး၊ ရွှံ့စေးဖြူ၊ မြေဖြူ၊ မြေနီ၊ မြေဝါ၊ ကဲ့ကူဆံ၊ မြေဖယောင်း၊ ကျောက်ဂွမ်း၊ လချေးဖြူ သို့မဟုတ် လချေးညို၊ ကျောက်မီးသွေး၊ ဂဝံကျောက်၊ သဲကျောက်၊ ကျောက်ချဉ်၊ ဘောက်ဆိုက်၊ ဖလိုရိုက်၊ ကြွေကျောက်၊ ကန့်၊ ဆိုဒါပြာ၊ ဖော့စဖိတ်၊ ဖန်ချက်သဲ၊ ကွာဇိုက်၊ ပိုဇိုလန်၊ ဆေးဒန်း၊ မာဘယ်ကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ဆောင်ရွက်ခွင့်ပြုသည့် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းများလည်း ပါဝင်သည်။

(ပ) **ချင်းပြည်နယ်အစိုးရအဖွဲ့မှဆောင်ရွက်ခွင့်ရှိသည့်ကျောက်**ဆိုသည်မှာ ထုံးကျောက် (အလှဆင်)၊ သလင်းကျောက်၊ ဂရက်နိုက်ကျောက်၊ မာဘယ်ကျောက်၊ လိပ်သဲကျောက်၊ ဂဝံကျောက်၊ သင်ပုန်းကျောက်၊ ပိုင်ရော့ဆီနိုက်၊ ဆာပင်တီနိုက်၊ ဟွန်းဗလင်းဒိုက်၊ ပယ်ရီဒိုတိုက်၊ အင်ဒီဆိုက်၊ ဗဆော့၊ ဒိုင်ယာဘေ့စ်၊ ဒိုလာရိုက်၊ ဒိုင်အိုရိုက်၊ မွန်ဇိုနိုက်၊ ကာ့ဆီလီကိတ်၊ သဲကျောက်၊ သျှစ်ကျောက်၊ စရစ်လုံးကျောက်၊ ဂေါဒန်ကျောက်၊ အင်ကြင်းကျောက်၊ ရတနာတန်းမဝင်သော သလင်းအုပ်စုဝင် တွင်းထွက်များကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ဆောင်ရွက်ခွင့်ပြုသည့် အလှဆင်ကျောက်များလည်းပါဝင်သည်။ သို့ရာတွင် အလှဆင်ကျောက်ထုတ်လုပ်ရန် အဆင့်မမီသော လမ်းခင်းရာတွင်သာ အသုံးပြုလေ့ရှိသည့် ကျောက်များမပါဝင်။

(ဉ) **ခွင့်ပြုမိန့်**ဆိုသည်မှာ ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ထုတ်လုပ်ခြင်း၊ ဆင့်တက် ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ရန် ဤဥပဒေ အရ ထုတ်ပေးသည့်ခွင့်ပြုမိန့်ကို ဆိုသည်။

(ပ) **ဓာတ်သတ္တုရှာဖွေခြင်း**ဆိုသည်မှာ ဓာတ်သတ္တုများနှင့် ဓာတ်သတ္တုသိုက်များအား လိုက်လံရှာဖွေခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် မြေသား၌ ဓာတ်သတ္တုတည်စွဲသည့်အရည်အသွေးကို စစ်ဆေးသော လုပ်ငန်းစဉ်များလည်း ပါဝင်သည်။

(ဏ) **ဓာတ်သတ္တုစမ်းသပ်တိုင်းတာခြင်း**ဆိုသည်မှာ ဓာတ်သတ္တုသိုက်တစ်ခု၏ အမျိုးအစား၊ တည်နေရာ၊ အရွယ်အစား၊ ပုံသဏ္ဌာန်၊ အရည်အသွေးနှင့် ပမာဏတို့ကို သိရှိနိုင်ရန် စမ်းသပ်ခြင်း၊ တိုင်းတာခြင်း တို့ကိုဆိုသည်။

(တ) **ဓာတ်သတ္တုထုတ်လုပ်ခြင်း**ဆိုသည်မှာ ဓာတ်သတ္တုရရှိရန် ဆောင်ရွက်သည့်လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆိုသည်။ ယင်းစကားရပ်တွင် ဓာတ်သတ္တုတူးဖော်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း၊ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းအဆင့်တစ်ခုခု သို့မဟုတ် လုပ်ငန်းစဉ်အားလုံးဆောင်ရွက်ခြင်းလည်းပါဝင်သည်။

(ထ) **အသေးစားထုတ်လုပ်ခြင်း**ဆိုသည်မှာ ဓာတ်သတ္တုသိုက်ဖြစ်ထွန်းမှုပမာဏနည်းပါး၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ကျစရိတ်မများသည့် စီးပွားရေးလုပ်ငန်းအဖြစ် သက်တမ်း (၁၀) နှစ်အထိ ခွင့်ပြုချက်ဖြင့် ဓာတ်သတ္တုထုတ်လုပ်ခြင်းကို ဆိုသည်။

(ဒ) **လက်လုပ်လက်စားထုတ်လုပ်ခြင်း**ဆိုသည်မှာ သာမန်လက်သုံးကိရိယာများကိုဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်သောမြင်းကောင်ရေအားထက်မပိုသည့် စက်ကိရိယာ ကိုဖြစ်စေ အသုံးပြု၍ ဓာတ်သတ္တုထုတ်လုပ်ခြင်းကို ဆိုသည်။

(ဓ) **ဆင့်တက်ပြုပြင်ခြင်း**ဆိုသည်မှာ ဓာတ်သတ္တုကို အရည်အသွေးအရဖြစ်စေ၊ တန်ဖိုးအရဖြစ်စေ၊ တိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် သတ္တုရိုင်းများကို သတ္တုသန့်စင် သို့မဟုတ် သတ္တုစင်များဖြစ်လာစေရန် ဆေးကြောခြင်း၊ သန့်စင်ခြင်း၊ ကျိုချက်ခြင်း၊ ချွတ်ခြင်း၊ လျှပ်ကူးခြင်းနှင့် ပုံသွင်းခြင်းလုပ်ငန်းစဉ်များလည်း ပါဝင်သည်။

(န) **ဓာတ်သတ္တုရောင်းချခြင်းနှင့် ဝယ်ယူခြင်း**ဆိုသည်မှာ ခွင့်ပြုမိန့်ပါ ချင်းပြည်နယ်အတွင်းမှထုတ်လုပ်သည့် ဓာတ်သတ္တုများကို ရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်းများကို ဆိုလိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အစိုးရ၏ ဓာတ်သတ္တုသယံဇာတရေးရာမူဝါဒကို အကောင်အထည်ဖော်ရန်၊

(ခ) ဓာတ်သတ္တုထုတ်ကုန်များ ပိုမိုထုတ်လုပ်စေခြင်းဖြင့် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းရန်နှင့် ပြည်ပပို့ကုန်တိုးမြှင့်ရန်၊

(ဂ) ဓာတ်သတ္တုသယံဇာတပစ္စည်းများနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဃ) ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့် နိုင်ငံသား သို့မဟုတ် နိုင်ငံသား အဖွဲ့အစည်း၏လျှောက်ထားချက်များအား စိစစ်ခွင့်ပြုနိုင်ရန်နှင့် ကြီးကြပ်ကွပ်ကဲရန်၊

(င) ဓာတ်သတ္တုသယံဇာတပစ္စည်းများ ထိန်းသိမ်းရေး၊ ထုတ်လုပ်ရေး၊ အသုံးချရေးနှင့် သုတေသန ပြုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်၊

(စ) ဓာတ်သတ္တုလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုနည်းနိုင်သမျှ နည်းပါးစေရန်။

## အခန်း (၃)
## ခွင့်ပြုမိန့်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄။ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကန့်သတ်ထားသော ဓာတ်သတ္တုများမှအပ ချင်းပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် သတ္တု၊ စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်များနှင့်စပ်လျဉ်း၍ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အသေးစား ထုတ်လုပ်ခြင်း၊ လက်လုပ်လက်စားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း၊ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်း တို့ကို လုပ်ကိုင်လိုသည့် နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် "ချင်းပြည်နယ် လုပ်ကွက်စိစစ်ချထားရေးအဖွဲ့" သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၅။ (က) ချင်းပြည်နယ်လုပ်ကွက်စိစစ်ချထားရေးအဖွဲ့သည် ပုဒ်မ ၄ အရ လျှောက်ထားချက်ကို စိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်များနှင့်အတူ ဝန်ကြီးဌာန၏ သဘောထားရယူရမည်။

(ခ) ဝန်ကြီးဌာန၏ သဘောထားခွင့်ပြုချက်ရရှိပါက သက်ဆိုင်ရာချင်းပြည်နယ်အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ခွင့်ပြုမိန့်ကို ထုတ်ပေးနိုင်သည်။

၆။ ချင်းပြည်နယ်လုပ်ကွက်စိစစ်ချထားရေးအဖွဲ့သည် အသေးစားထုတ်လုပ်ခြင်းနှင့် လက်လုပ်လက်စား ထုတ်လုပ်ခြင်းဟူ၍ ခွဲခြားသတ်မှတ်ခြင်းကို ပုဒ်မ ၂၊ ပုဒ်မခွဲ (ထ)၊ (ဒ) တို့နှင့်အညီ လုပ်ငန်းသက်တမ်း၊ လုပ်ငန်းလုပ်ကိုင်သည့် ဧရိယာအကျယ်အဝန်း၊ ရင်းနှီးမြှုပ်နှံမှုပမာဏ၊ စက်ယန္တရား၊ စက်ကိရိယာအသုံးပြုမှု များကို မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထည့်သွင်းသတ်မှတ်ရမည်။

၇။ ချင်းပြည်နယ်လုပ်ကွက်စိစစ်ချထားရေးအဖွဲ့သည် ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း တို့ကို ခွင့်ပြုမိန့်အရ အဆင့်ဆင့်အောင်မြင်စွာဆောင်ရွက်ခဲ့သောလုပ်ငန်းရှင်က ယင်းလုပ်ကိုင်ခဲ့သော နေရာတွင် ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ခွင့်ပြုမိန့်လျှောက်ထားလာလျှင် သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိပါက လုပ်ကိုင်ခွင့်ပြုရမည်။

၈။ ဓာတ်သတ္တုကို ကိုယ်တိုင်မထုတ်လုပ်ဘဲ ခွင့်ပြုမိန့်ဖြင့် ဓာတ်သတ္တုထုတ်လုပ်သူထံမှတစ်ဆင့် ဝယ်ယူပြီး ဆင့်တက်ပြုပြင်ခြင်းလုပ်ငန်းလုပ်ကိုင်သူသည် ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ကို သီးခြားလျှောက်ထားရမည်။

## အခန်း (၄)
## ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်များ

၉။ ခွင့်ပြုမိန့်ရရှိသူသည် -

(က) ဤဥပဒေနှင့် မြန်မာ့သတ္တုတွင်းဥပဒေ၊ ယင်းဥပဒေများအရ ထုတ်ပြန်သည့်နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) မြေငှားရမ်းခကို ခွင့်ပြုမိန့်တစ်ခုစီအတွက် သီးခြားပေးဆောင်ရမည်။

(ဃ) အာမခံငွေကိုဖြစ်စေ၊ ကြိုတင်ငွေကိုဖြစ်စေ၊ အာမခံငွေနှင့် ကြိုတင်ငွေ (၂) မျိုးလုံးကိုဖြစ်စေ ပေးဆောင်ရမည်။

(င) ပေးဆောင်ရမည့် ဓာတ်သတ္တုခွန်နှင့် အခြားအခကြေးငွေများကို သတ်မှတ်ချက်များနှင့်အညီ ဓာတ်သတ္တုပစ္စည်း သို့မဟုတ် ငွေသားဖြင့် ပေးဆောင်ရမည်။

၁၀။ ခွင့်ပြုမိန့်ရရှိသူသည် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည် -

(က) သတ္တုတွင်းဝန်ထမ်းများ၊ အလုပ်သမားများခန့်ထားခြင်း၊ အလုပ်ခိုင်းစေခြင်းအတွက် လုပ်ခ၊ လစာနှင့် အခြားအခကြေးငွေများသတ်မှတ်ခြင်း၊

(ခ) သတ္တုတွင်း၌ မြေပေါ် မြေအောက်အလုပ်လုပ်ရက်နှင့် အလုပ်ချိန်နာရီများသတ်မှတ်ခြင်း၊

(ဂ) သတ္တုတွင်း၌ ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် မတော်တဆဖြစ်ပွားမှုမှကာကွယ်ရန် စီမံဆောင်ရွက်ခြင်း၊

(ဃ) သတ္တုတွင်း၌ ဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့အတွက် စီမံချက်များရေးဆွဲအကောင်အထည်ဖော်ရန်၊

(င) ဓာတ်သတ္တုလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(စ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းကိုဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေရန်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားထိခိုက်မှုမရှိစေရန် အလေးထားဆောင်ရွက်ခြင်း၊ နှစ်စဉ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ရန်ပုံငွေထားရှိခြင်း၊

(ဆ) ဓာတ်သတ္တုထုတ်လုပ်မှုလုပ်ငန်းပြီးဆုံးခြင်း သို့မဟုတ် ပိတ်သိမ်းသည့်အခါ လုပ်ငန်းမြေနေရာအား သတ္တုတွင်းပိတ်သိမ်းမှုအစီအစဉ်အတိုင်း မြေယာပြုပြင်ခြင်း၊ ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေထူထောင်၍ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပေးခြင်း၊

(ဇ) သတ္တုတွင်း၌ဖြစ်ပွားသည့် မတော်တဆဖြစ်ပွားမှုများနှင့် ယင်းမတော်တဆဖြစ်ပွားမှုကြောင့် လူ့အသက်ဆုံးရှုံးခြင်းနှင့် ကိုယ်ခန္ဓာထိခိုက်ဒဏ်ရာရမှုများကို သတင်းပို့အစီရင်ခံခြင်း၊

(ဈ) စစ်ဆေးရေးအရာရှိ၏ စစ်ဆေးမှုကိုခံယူခြင်း။

## အခန်း (၅)
## ဓာတ်သတ္တုထုတ်လုပ်ရန် မြေနှင့်ရေသုံးစွဲခွင့်

၁၁။ ဝန်ကြီးဌာနက စီမံခန့်ခွဲခွင့်ရှိသည့် ဓာတ်သတ္တုကန့်သတ်နယ်မြေအတွင်း ကျရောက်ခြင်းမရှိသော နယ်မြေတွင် ဓာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် သက်ဆိုင်ရာမြေကို စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းနှင့် သဘောတူညီမှုရရှိပြီးမှသာ ဓာတ်သတ္တုထုတ်လုပ်ခြင်းကို လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

၁၂။ ဓာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် ခွင့်ပြုဧရိယာအတွင်း လုပ်ငန်းဆောင်ရွက်ရန် မြေပေါ်နှင့် မြေအောက်ရှိ ရေတို့အား သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၏ ခွင့်ပြုချက်ဖြင့် သုံးစွဲခွင့်ရှိသည်။ သို့ရာတွင် တစ်စုံတစ်ယောက်၏ အသုံးပြုဆဲရေအား ထိခိုက်အောင်မပြုလုပ်ရန်၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၏ ခွင့်ပြုချက်မရဘဲ ရေစီးကြောင်းကို ပိတ်ဆို့ခြင်း သို့မဟုတ် ပြောင်းလဲခြင်း

မပြုရန်နှင့် ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းအတွက် အများပြည်သူဆိုင်ရာ ရေကို ရယူသုံးစွဲရန်လိုအပ်ပါက ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ ဦးစွာတင်ပြရမည်။

၁၃။ ဦးစီးဌာနသည် ပုဒ်မ-၁၂ အရ တင်ပြချက်ကို စိစစ်၍ ဓာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် အများပြည်သူဆိုင်ရာ ရေကိုရယူသုံးစွဲရန် အမှန်တကယ်လိုအပ်နေကြောင်း တွေ့ရှိရပါက တည်ဆဲဥပဒေနှင့်အညီ ရေသုံးစွဲခွင့်ရရှိရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

## အခန်း (၆)
## ဓာတ်သတ္တုခွန်

၁၄။ ဓာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် ထုတ်လုပ်ရရှိသော ဓာတ်သတ္တုများရောင်းချသည့်အခါ ဓာတ်သတ္တုတန်ဖိုးအပေါ် အောက်ပါနှုန်းထားများအရ ဓာတ်သတ္တုခွန်ပေးဆောင်ရမည် -

(က) ရွှေ အဖိုးတန်သတ္တုအတွက် (၅) ရာခိုင်နှုန်း၊

(ခ) ငွေ၊ ခဲမဖြူ အဖြိုက်နက်သတ္တုများအတွက် (၄) ရာခိုင်နှုန်း၊

(ဂ) ခဲ၊ ခနောက်စိမ်း၊ ခရိုမီယမ်သတ္တုများအတွက် (၃) ရာခိုင်နှုန်း၊

(ဃ) စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်အတွက် (၂) ရာခိုင်နှုန်း။

၁၅။ ပုဒ်မ-၁၄ အရ ဓာတ်သတ္တုခွန်ပေးဆောင်ခြင်းကို အပြည်ပြည်ဆိုင်ရာသတ္တုဈေးနှုန်းအရ သတ္တုစင်ပါဝင်မှုရာခိုင်နှုန်းအပေါ်တွင် တွက်ချက်၍ ဦးစီးဌာနမှတစ်ဆင့် ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေသို့ ပေးဆောင်ရမည်။

## အခန်း (၇)
## စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များ

၁၆။ စစ်ဆေးရေးအရာရှိချုပ်က စာဖြင့်သီးခြားတာဝန်ပေးအပ်ထားသော အရာရှိတစ်ဦးဦး သို့မဟုတ် တာဝန်ပေးအပ်သည့် စစ်ဆေးရေးအရာရှိသည် ဤဥပဒေအလို့ငှာ စစ်ဆေးရေးအရာရှိဖြစ်သည်။

၁၇။ စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများ အမိန့်နှင့်ညွှန်ကြားချက်များကိုလည်းကောင်း၊ ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကိုလည်းကောင်း၊ နှစ်ဦးသဘောတူ စာချုပ်ပါ စည်းကမ်းချက်များကိုလည်းကောင်း ခွင့်ပြုမိန့်ရရှိသူများက လိုက်နာခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ခ) သတ္တုတွင်း၌ လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းများ၊ အလုပ်သမားများ၏ ကျန်းမာသန့်ရှင်းရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆဖြစ်ပွားမှုမှကာကွယ်ရေး၊ သက်သာချောင်ချိရေး၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးခြင်း၊

(ဂ) သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းနှင့် ကျောက်တို့ကို ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း လုပ်ငန်းများတွင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်သည့်စနစ်နှင့် လူမှုရေးအရ ထိခိုက်မှုဆန်းစစ်သည့် စနစ်များကို ကြည့်ရှုစစ်ဆေးခြင်း၊

(ဃ) ဝန်ကြီးဌာနမှ အခါအားလျော်စွာပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း၊

(င) မိမိလုပ်ပိုင်ခွင့်များကို အခြားသင့်လျော်သည့် စစ်ဆေးရေးအရာရှိများအား လွှဲအပ်၍ ဆောင်ရွက်စေနိုင်ခြင်း။

## အခန်း (၈)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၈။ ခွင့်ပြုမိန့်ရရှိသူကဖြစ်စေ၊ ၎င်း၏ကိုယ်စား စီမံအုပ်ချုပ်သူ သို့မဟုတ် အလုပ်သမားတစ်ဦးကဖြစ်စေ ဤဥပဒေကိုလည်းကောင်း၊ ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေကိုလည်းကောင်း၊ အမိန့် သို့မဟုတ် ညွှန်ကြားချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်လျှင်သော်လည်းကောင်း၊ ခွင့်ပြုမိန့်ပါစည်းကမ်း

တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ခွင့်ပြုမိန့်ထုတ်ပေးသူသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ခွင့်ပြုမိန့်အရ လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ဆိုင်းငံ့ထားစေခြင်း၊

(ခ) အာမခံငွေပမာဏအောက်မနည်းသော ဒဏ်ကြေးငွေပေးဆောင်စေပြီး လုပ်ငန်းဆက်လက် လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း၊

(ဃ) ခွင့်ပြုမိန့်ကိုပယ်ဖျက်၍ အာမခံငွေနှင့် ကြိုတင်ငွေများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ လိုအပ်သည်ဟုယူဆလျှင် အာမခံငွေပမာဏအောက်မနည်းသော ဒဏ်ကြေးငွေကိုပေးဆောင်စေခြင်း။

## အခန်း (၉)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၁၉။ (က) မည်သူမဆို ဤဥပဒေအရ ထုတ်ပေးသည့်ခွင့်ပြုမိန့်မရရှိဘဲ အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်ငါးနှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် သိန်းငါးဆယ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(၁) သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊

(၂) စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊

(၃) ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်း နှင့် ဝယ်ယူခြင်း၊

(၄) ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်း ခွင့်ပြုမိန့်ရယူခြင်းမရှိဘဲ ဓာတ်သတ္တုဆင့်တက် ပြုပြင်ခြင်းလုပ်ငန်းလုပ်ကိုင်ခြင်း၊

(၅) ခွင့်ပြုမိန့်ဖြင့် လက်လုပ်လက်စားထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်သူမှအပ ဓာတ်သတ္တု ထုတ်လုပ်ခြင်း။

(ခ) မည်သူမဆို လက်လုပ်လက်စားထုတ်လုပ်ခြင်းအတွက် ဤဥပဒေအရ ထုတ်ပေးသည့်ခွင့်ပြုမိန့် မရရှိဘဲ ဓာတ်သတ္တုထုတ်လုပ်ခြင်း၊ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းလုပ်ကိုင်ကြောင်း၊ ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်လမှအများဆုံးခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် ကျပ် ငါးသိန်းအထိဖြစ်စေ ချမှတ်ရမည်။

၂၀။ မည်သူမဆို ပုဒ်မ-၁၉၊ ပုဒ်မခွဲ (က) ပါ ပြစ်မှုတစ်ခုခုကို ထပ်မံကျူးလွန်ပါက တစ်ဆယ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်အနည်းဆုံး ကျပ် သုံးဆယ်သိန်းမှ အများဆုံး ကျပ် သိန်းတစ်ရာအထိ ချမှတ်ရမည်။

၂၁။ ခွင့်ပြုမိန့်ရရှိသူသည် ပုဒ်မ-၁၈ နှင့်စပ်လျဉ်းသည့် နည်းဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် တစ်ဆယ်သိန်းအထိဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၂။ ခွင့်ပြုမိန့်ရရှိသူမည်သူမဆို ပုဒ်မ-၁၈ နှင့်စပ်လျဉ်းသည့် နည်းဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်မှု ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်နှစ်နှစ် အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်အနည်းဆုံး ကျပ် ငါးသိန်းမှ အများဆုံး ကျပ် နှစ်ဆယ်သိန်းအထိ ချမှတ်နိုင်သည်။

၂၃။ မည်သူမဆို ဤဥပဒေအရ သတ်မှတ်ထားသည့် ဓာတ်သတ္တုကန့်သတ်နယ်မြေအတွင်းသို့ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ကျူးကျော်ဝင်ရောက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်ခြောက်လအထိဖြစ်စေ၊ ငွေဒဏ် ကျပ် ငါးသိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၄။ မည်သူမဆို ပုဒ်မ (၂၃) အရ တားမြစ်ချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ပါက ထောင်ဒဏ်တစ်နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ် ကျပ် တစ်ဆယ်သိန်းအထိ ချမှတ်နိုင်သည်။

၂၅။ တရားရုံးသည် ပုဒ်မ ၁၉ သို့မဟုတ် ပုဒ်မ ၂၀ အရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့လျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့်ပြစ်ဒဏ်အပြင်-

(က) ပြစ်မှုနှင့်သက်ဆိုင်သောဓာတ်သတ္တုကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန်အမိန့်ချမှတ်ရမည်။

(ခ) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားစက်ပစ္စည်းကိရိယာတန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။

**အခန်း (၁၀)**

**အထွေထွေ**

၂၆။ ဓာတ်သတ္တုထုတ်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနသည် ခွင့်ပြုမိန့်ရရှိသော လုပ်ငန်းရှင်နှင့်ဖက်စပ်သို့မဟုတ် အကျိုးတူလုပ်ငန်းလုပ်ကိုင်ခြင်းအတွက် ထုတ်လုပ်မှုအပေါ်တွင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ ကုန်ကျစရိတ်များအပါအဝင် ရာခိုင်နှုန်းဖြင့် ခွဲဝေခံစားသည့်စနစ် သို့မဟုတ် အကျိုးအမြတ်အပေါ်ခွဲဝေခံစားသည့်စနစ် သို့မဟုတ် နှစ်ဦးနှစ်ဖက်ထည့်ဝင်မှုအပေါ် အခြေခံသည့် အမြတ်ခွဲဝေမှုစနစ်ဖြင့် လုပ်ကိုင်ရမည်။

၂၇။ ဤဥပဒေအရ ရရှိရန်ရှိသောငွေများကို ဝင်ငွေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရ ကောက်ခံရမည်။ ဤကိစ္စအလို့ငှာ သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ပေးအပ်သောအရာရှိသည် တည်ဆဲဥပဒေများအရကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိစေရမည်။

၂၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ချင်းပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များ လုပ်ထုံးလုပ်နည်းများကို မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် လိုအပ်သော ဒေသန္တရအမိန့်နှင့်ညွှန်ကြားချက်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၂၉။ ဦးစီးဌာနသည် သတ္တုသယံဇာတများ ရေရှည်တည်တံ့နိုင်ရန်အလို့ငှာ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ကြပ်မတ်ခြင်း၊ တားဆီးခြင်း၊ အရေးယူဆောင်ရွက်ခြင်းများပြုလုပ်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်း၊ သက်ဆိုင်ရာရဲတပ်ဖွဲ့နှင့်ညှိနှိုင်းပြီး အကူအညီရယူနိုင်သည်။

၃၀။ ချင်းပြည်နယ်အစိုးရအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ချင်းပြည်နယ်လုပ်ကွက်စိစစ်ချထားရေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။ ယင်းအဖွဲ့၏ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကိုသတ်မှတ်ပေးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဆလိုင်းလျန်လွှယ်
ဝန်ကြီးချုပ်
ချင်းပြည်နယ်အစိုးရအဖွဲ့

# စစ်ကိုင်းတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ
# (၂၀၁၉ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁။)

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၅ ရက်)

## နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **စစ်ကိုင်းတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ စစ်ကိုင်းတိုင်းဒေသကြီးတစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနကို ဆိုသည်။

(င) **ဦးစီးဌာန**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနကို ဆိုသည်။

(စ) **ဦးစီးဌာနမှူး**ဆိုသည်မှာ ငါးလုပ်ငန်းဦးစီးဌာန၏ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဦးစီးဌာနမှူးကို ဆိုသည်။

(ဆ) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေနှင့်အညီ ဝန်ကြီး၏အတည်ပြုချက်ဖြင့် ဖွဲ့စည်းသည့် ခရိုင်၊ မြို့နယ် သို့မဟုတ် ရပ်ရွာငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(ဇ) **ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့**ဆိုသည်မှာ ရပ်ရွာအတွင်း ငါးလုပ်ငန်းလုပ်ကိုင်လိုသူများမှ အသင်းဝင်များဖြင့် စုဖွဲ့ထားပြီး ငါးလုပ်ငန်းဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ငါးလုပ်ငန်း အစုအဖွဲ့ကို ဆိုသည်။

(ဈ) **ငါး**ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင်သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်းတစ်ပိုင်းတွင်သော် လည်းကောင်း၊ ရေထဲ၌နေထိုင်ကျက်စားသည့် ရေသတ္တဝါအားလုံး၊ ယင်းတို့၏ ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကို ဆိုသည်။ ယင်းစကားရပ်တွင် ရေတွင်ပေါက်ပွားသည့် အပင်များနှင့် ယင်းတို့၏ အပင်ပေါက်များ မျိုးစေ့များလည်း ပါဝင်သည်။

(ည) **ငါးလုပ်ငန်း**ဆိုသည်မှာ ငါးနှင့်ပတ်သက်သော လုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲရန်၊ စီးပွားဖြစ် လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်း၊ မွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ ငါးသားပေါက်စခန်းများ ထူထောင် ပေးခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်းလုပ်ငန်းများလည်း ပါဝင်သည်။

(ဠ) **ငါးဖမ်းခြင်း**ဆိုသည်မှာ ငါးများအား ဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံခြင်း၊ မှုးမေ့စေခြင်း၊ သေစေခြင်းစသည်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်းလုပ်ငန်းများအတွက် အထောက်အကူပြုလုပ်ငန်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများလည်း ပါဝင်သည်။

(ဎ) **ငါးဖမ်းကိရိယာ**ဆိုသည်မှာ ငါးဖမ်းရာတွင်အသုံးပြုသည့် မည်သည့်ပစ္စည်းကိရိယာကိုမဆို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းရာ၌ အထောက်အကူပြုသော ပစ္စည်းကိရိယာများလည်း ပါဝင်သည်။

(ဍ) **ငါးဖမ်းရေယာဉ်**ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသည့် မည်သည့်ရေယာဉ်ကိုမဆို ဆိုသည်။

(ဎ) **ယာဉ်**ဆိုသည်မှာ စက်ဖြင့်ဖြစ်စေ၊ စက်မဲ့ဖြင့်ဖြစ်စေ ရွေ့လျားသွားလာနိုင်သည့် ယာဉ်ကို ဆိုသည်။

(ဏ) **အအေးခန်းစက်ရုံ**ဆိုသည်မှာ ငါးများသန့်ရှင်းလတ်ဆတ်နေစေရန် အေးခဲမှုစနစ်ဖြင့် ပြုပြင်အေးခဲ၊ သိုလှောင်၊ ထိန်းသိမ်းထားသည့်စက်ရုံကို ဆိုသည်။

(တ) **ရေချိုငါးလုပ်ငန်းရေပြင်**ဆိုသည်မှာ တိုင်းဒေသကြီး၏ နယ်နိမိတ်အတွင်းတွင်ရှိသည့် အစဉ်အမြဲရေတည်ရှိသည်ဖြစ်စေ၊ ယာယီရေတည်ရှိသည်ဖြစ်စေ၊ ငါးများ နေထိုင်ကျက်စားခိုအောင်းပေါက်ပွားကြီးပြင်းရာ ရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင်နှင့် ဆည်တာတမံအတွင်းရှိ လျှိုမြောင်းများတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ဂရန်အင်း၊ သီးသန့်အင်း၊ လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်၊ ရေလှောင်တမံကြီးများ၊ ရေလွှဲဆည်များ ပါဝင်သည်။

(ထ) **ဂရန်အင်း**ဆိုသည်မှာ ဦးစီးဌာနက နယ်နိမိတ်၊ ငါးအမျိုးအစား၊ ငါးဖမ်းကိရိယာ၊ အချိန်ကာလနှင့် ငါးဖမ်းနည်း စသည့်သတ်မှတ်ချက်များထားရှိ၍ အငှားဂရန်ဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုထားသော ရေပြင်ကို ဆိုသည်။

(ဒ) **သီးသန့်အင်း**ဆိုသည်မှာ ဦးစီးဌာနက ငါးမျိုးပြုန်းတီးခြင်းမရှိစေရန်နှင့် ငါးမျိုးပွားများစေရန်အလို့ငှာ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို အခါအားလျော်စွာ ပိတ်ပင်တားမြစ်ထားသည့်ရေပြင် သို့မဟုတ် သတ်မှတ်ချက်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်ရေပြင်ကို ဆိုသည်။

(ဓ) **လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်**ဆိုသည်မှာ ဦးစီးဌာနက ဂရန်အင်း၊ သီးသန့်အင်းဟု သတ်မှတ်ထားသော နေရာဒေသမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းကိရိယာ လိုင်စင်ဖြင့်ဖြစ်စေ၊ ငါးဖမ်းကွက်သတ်မှတ်ပြီး တင်ဒါ လိုင်စင်ချထား၍ဖြစ်စေ၊ အခြားနည်းလမ်း တစ်ရပ်ရပ်ဖြင့်ဖြစ်စေ၊ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော ရေပြင်ကို ဆိုသည်။

(န) **ရေထွက်ပစ္စည်း**ဆိုသည်မှာ ရေပြင်တစ်ခုခုမှ ရရှိသောငါး၊ သက်ရှိရေသတ္တဝါများ ယင်းတို့၏ စွန့်ပစ်ပစ္စည်းများ၊ အခွံများ၊ အရိုးများ၊ အရေခွံများ၊ ပြုပြင်မွမ်းမံထားသည့် ငါးနှင့် ရေသတ္တဝါများ၊ အပင်များ၊ သက်မဲ့ပစ္စည်းများကို ဆိုသည်။

(ပ) **အငှားဂရန်**ဆိုသည်မှာ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဦးစီးဌာနက ထုတ်ပေးသည့် အငှားဂရန်ကို ဆိုသည်။

(ဖ) **လိုင်စင်**ဆိုသည်မှာ ဂရန်အင်းမှအပ တိုင်းဒေသကြီးရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဦးစီးဌာနကထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်။

(ဗ) **ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိသူ**ဆိုသည်မှာ ဦးစီးဌာနက ထုတ်ပေးသည့် အငှားဂရန်၊ တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင်၊ အအေးခန်းစက်ရုံ တည်ထောင်လုပ်ကိုင်ခွင့် သို့မဟုတ် ငါးလုပ်ငန်းနှင့် သက်ဆိုင်သည့်လုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် လိုင်စင်ရရှိသူကို ဆိုသည်။

(ဘ) **ပြန်အမ်းငွေ**ဆိုသည်မှာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ပါ စည်းကမ်းချက်ကို ဖောက်ဖျက်ခြင်းကြောင့် မဟုတ်ဘဲ စစ်ကိုင်းတိုင်းဒေသကြီး၏ အကျိုးငှာ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင်ဖြစ်စေ သဘာဝဘေးအန္တရာယ်ကြောင့် သို့မဟုတ် အခြားခိုင်လုံသော အကြောင်းတစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာမှုရှိလျှင်ဖြစ်စေ အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်းခံရသူက ပေးသွင်းထားသည့် အခွန်အခအနက် လုပ်ကိုင်ရန် ကျန်ရှိသော ငါးလုပ်ငန်းရာသီအတွက် ပြန်လည်ရထိုက်သော အခွန်အခကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငါးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်၊

(ဂ) ရေချိုငါးလုပ်ငန်းရေပြင်များ ပျက်စီးခြင်းမှ ကာကွယ်စောင့်ရှောက်ရန်၊

(ဃ) တိုင်းဒေသကြီး ဘဏ္ဍာငွေအတွက် ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်၊

(င) ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း ပြုနိုင်စေရန်၊

(စ) တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ ငါးသယံဇာတများကို ဈေးနှုန်းချိုသာစွာဖြင့် စားသုံးနိုင်စေရန်၊

(ဆ) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရန်။

## အခန်း (၃)
## အငှားဂရန်၊ လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄။ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် လေလံဆွဲဝယ်ရမည်။

၅။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လျှောက်ထားရမည်။

၆။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များသည် ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် လုပ်ကိုင်ခွင့်ရရှိပါက သတ်မှတ်ထားသည့် ကြမ်းခင်းဈေးနှင့် အခွန်အခများပေးသွင်း၍ လုပ်ကိုင်ဆောင်ရွက်ရမည်။

၇။ ဂရန်အင်းမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ခပေးဆောင်ခြင်းဖြင့်ဖြစ်စေ တင်ဒါလိုင်စင်ချထားခြင်းဖြစ်ပါက အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်း၍ လိုင်စင်ရယူခြင်းဖြင့်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရမည်။

၈။ ရေထွက်ပစ္စည်းရောင်းဝယ်ခြင်း၊ စုဆောင်းခြင်း၊ သယ်ယူခြင်း၊ အအေးခန်းစက်ရုံတည်ထောင်ခြင်း လုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ လိုင်စင်ရယူ၍ လုပ်ကိုင်ဆောင်ရွက်ရမည်။

၉။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် သတ်မှတ်သည့်နည်းလမ်းများနှင့်ညီညွတ်လျှင် ရေထွက်ပစ္စည်းများ ရောင်းဝယ်ခြင်း၊ စုဆောင်းခြင်း၊ အအေးခန်းစက်ရုံတည်ထောင်ခြင်းတို့အတွက် လိုင်စင်ထုတ်ပေးနိုင်သည်။

၁၀။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အောက်ပါကိစ္စရပ်များတွင် ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် လိုင်စင် ထုတ်ပေးရမည် -

(က) သုံးနှစ်ထက်မပိုသည့် အငှားဂရန် လျှောက်ထားခြင်း၊

(ခ) ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားခြင်း၊

(ဂ) အအေးခန်းစက်ရုံတည်ထောင်ခြင်း။

၁၁။ ခရိုင်ဦးစီးဌာနမှူးသည် ဂရန်အင်းလေလံတင်ရောင်းချသည့်ကိစ္စနှင့် တင်ဒါလိုင်စင်ချထားသည့် ကိစ္စတို့တွင် တိုင်းဒေသကြီးဦးစီးဌာနမှူး၏ ခွင့်ပြုချက်ဖြင့် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ထုတ်ပေး ရမည်။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ယင်းသို့ ခွင့်ပြုရန်အတွက် ဝန်ကြီး၏ အတည်ပြုချက် ရယူရမည်။

၁၂။ မြို့နယ်ဦးစီးဌာနမှူးသည် အငှားဂရန်နှင့် တင်ဒါလိုင်စင်ချထားသည့် ရေပြင်တို့မှအပ ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာ အမျိုးအစားတစ်ခုခုဖြင့် ငါးဖမ်းလိုကြောင်း လျှောက်ထားလာလျှင် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးနိုင်သည်။

၁၃။ မြို့နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက မိမိလုပ်ငန်းတွင် ခန့်ထားအသုံးပြုမည့် ရေလုပ်သားများနှင့်စပ်လျဉ်း၍ ရေလုပ်သားမှတ်ပုံတင် လျှောက်ထားလာလျှင် သတ်မှတ်သည့်နည်းလမ်း များနှင့်အညီ ထုတ်ပေးနိုင်သည်။

## အခန်း (၄)

## အခွန်အခပေးဆောင်ခြင်း

၁၄။ အငှားဂရန်အင်း လေလံဆွဲဝယ်ရရှိသူသည် လေလံကြေးဖြစ်သော အင်းခွန်ကိုလည်းကောင်း၊ တင်ဒါ လိုင်စင်ချထားခြင်းခံရသူသည် တင်ဒါကြေးနှင့် လိုင်စင်ခတို့ကိုလည်းကောင်း လက်ငင်းငွေချေစနစ်ဖြင့် နေ့ချင်းပြီး အပြေအကျေပေးဆောင်ရမည်။ ဘဏ်ဖွင့်ချိန်ကျော်လွန်သွားပါက ဘဏ်ဖွင့်ရက်ဖြစ်သည့် နောက်တစ်ရက်တွင် အပြေအကျေ ပေးဆောင်ရမည်။

၁၅။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ လုပ်ကိုင်ခွင့်ရရှိသော ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုကို လုပ်ကိုင်ခွင့်ရရှိပါက သတ်မှတ်ထားသော အင်းခွန်ငွေကိုလည်းကောင်း၊ လိုင်စင်ခတို့ကိုလည်းကောင်း လက်ငင်းငွေချေစနစ်ဖြင့် နေ့ချင်းပြီး အပြေအကျေပေးဆောင်ရမည်။ ဘဏ်ဖွင့်ချိန်ကျော်လွန်သွားပါက ဘဏ်ဖွင့်ရက်ဖြစ်သည့် နောက်တစ်ရက်တွင် အပြေအကျေ ပေးဆောင်ရမည်။

၁၆။ အငှားဂရန်အင်းမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာ လိုင်စင်ရရှိသူသည် ပေးဆောင်ရန် လိုင်စင်ခကို လက်ငင်းငွေချေစနစ်ဖြင့် နေ့ချင်းပြီး အပြေအကျေပေးဆောင်ရမည်။ ဘဏ်ဖွင့်ချိန်ကျော်လွန်သွားပါက ဘဏ်ဖွင့်ရက်ဖြစ်သည့် နောက်တစ်ရက်တွင် အပြေအကျေပေးဆောင်ရမည်။

၁၇။ သုံးနှစ်ထက်မပိုသည့် အငှားဂရန်ရရှိသူသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ အင်းခွန်နှင့် အခြားကျသင့်ငွေများကို ပေးဆောင်ရမည်။

၁၈။ အအေးခန်းစက်ရုံတည်ထောင်ခြင်းလုပ်ငန်း လိုင်စင်ရရှိသူသည် လိုင်စင်ခကို နိုင်ငံသားဖြစ်ပါက ပြည်တွင်းသုံးငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားသား မတည်ငွေဖြင့် လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ဖြစ်ပါက ဌာနကသတ်မှတ်သည့် နိုင်ငံခြားငွေဖြင့်လည်းကောင်း သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ပေးဆောင်ရမည်။

၁၉။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် -

(က) နိုင်ငံသားဖြစ်ပါက ပေးဆောင်ရန်ရှိသောလိုင်စင်ခ၊ မှတ်ပုံတင်ကြေးနှင့် အခြားကျသင့်ငွေများကို ပြည်တွင်းသုံးငွေဖြင့် ပေးဆောင်ရမည်။

(ခ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားမတည်ငွေဖြင့် လုပ်ငန်းလိုင်ကိုင်သည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ဖြစ်ပါက ပေးဆောင်ရန်ရှိသော လိုင်စင်ခ၊ မှတ်ပုံတင်ကြေးနှင့် အခြား ကျသင့်သော အခွန်အခများကို ဌာနက သတ်မှတ်သည့် နိုင်ငံခြားငွေဖြင့် ပေးဆောင်ရမည်။

၂၀။ ဝန်ကြီးသည် အောက်ပါလုပ်ငန်းများအတွက် အခွန်အခများပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့် ပြုနိုင်သည် -

(က) ဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သော ငါးလုပ်ငန်းသုတေသန၊

(ခ) တိုင်းဒေသကြီးအကျိုးငှာ လိုအပ်သည့်ငါးလုပ်ငန်း။

## အခန်း (၅)

## ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၂၁။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် -

(က) ပေးဆောင်ရန်ရှိသော အခွန်အခများကို ဦးစီးဌာနက သတ်မှတ်သည့်အတိုင်း ပေးဆောင်ရမည်။

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းများနှင့် အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဂ) ဦးစီးဌာနက တာဝန်ပေးအပ်ပါက ငါးလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများကို အခမဲ့ ဆောင်ရွက်ပေးရမည်။

(ဃ) မိမိလုပ်ငန်းတွင် ဦးစီးဌာန၌ မှတ်ပုံတင်ထားသည့်ရေလုပ်သားကိုသာ ခန့်ထားလုပ်ကိုင်စေရမည်။

(င) စဉ်ဆက်မပြတ်သော ငါးထုတ်ယူသုံးစွဲမှုဖြစ်စေရန် ငါးမျိုးစိတ်များကို နှစ်စဉ်စိုက်ထည့်ပေးရမည်။

(စ) လုပ်ကိုင်ခွင့်ရရှိသည့် ရေချိုငါးလုပ်ငန်းရေပြင်အတွင်း ငါးမွေးမြူရေးလုပ်ငန်းများကို သတ်မှတ်စည်းကမ်းနှင့်အညီ ဆောင်ရွက်နိုင်သည်။

(ဆ) မိမိ၏ လုပ်ငန်းဆောင်ရွက်ရာတွင် အခြားသူများ၏ လုပ်ငန်းနှင့် အကျိုးစီးပွားကို ထိခိုက်နစ်နာမှု မရှိစေရေး ဂရုပြုလုပ်ဆောင်ရမည်။

(ဇ) ဒေသဆိုင်ရာသဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းစောင့်ရှောက်လုပ်ကိုင်ရမည်။

(ဈ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ကို ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်နိုင်ခွင့် ရှိသည်။

## အခန်း (၆)

## ဝန်ကြီး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၂။ ဝန်ကြီး၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငါးလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန် မူဝါဒချမှတ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်းနှင့် ညွှန်ကြားခြင်း၊

(ခ) ခရိုင် သို့မဟုတ် မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီများကို ဖွဲ့စည်းခြင်း၊

(ဂ) ဦးစီးဌာနမှူးများ၏ လုပ်ငန်းတာဝန်များကို ကြီးကြပ်ခြင်း၊

(ဃ) တိုင်းဒေသကြီးအစိုးရအဖွဲ့ကပေးအပ်သော ငါးလုပ်ငန်းဆိုင်ရာတာဝန်များကိုဆောင်ရွက်ခြင်း။

၂၃။ ဝန်ကြီးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအကျိုးငှာ လိုအပ်လျှင် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ဖော်ပြပါလုပ်ပိုင်ခွင့်များရှိသည် -

(က) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်နှင့် ရပ်ရွာအခြေပြုငါးလုပ်ငန်း အစုအဖွဲ့များလုပ်ကိုင်မည့် ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုခြင်း၊

(ခ) မည်သည့်အငှားဂရန် သို့မဟုတ် လိုင်စင်မဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဂ) ငါးလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် ငါးမွေးမြူရေးလုပ်ငန်းများတွင် ကူညီထောက်ပံ့စေခြင်း၊

(ဃ) အခြားသင့်လျော်သည့် အမိန့်တစ်ရပ်ရပ် ချမှတ်ခြင်း။

## အခန်း (၇)

## တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၄။ တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငါးလုပ်ငန်းများကို စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊ သင်တန်းများ ပေးခြင်း၊

(ခ) ငါးဖမ်းကိရိယာအမျိုးအစားအလိုက် လိုင်စင်နှုန်းထားများကို သတ်မှတ်ပေးခြင်း၊

(ဂ) တင်ဒါငါးဖမ်းကွက်သတ်မှတ်ခြင်း၊ နေရာပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊

(ဃ) တားမြစ်သည့် ငါးအမျိုးအစား၊ အရွယ်အစား၊ ငါးဖမ်းကိရိယာ၊ ငါးဖမ်းရာသီ၊ နေရာဒေသနှင့် ငါးဖမ်းနည်းတို့ကို သတ်မှတ်ပေးခြင်း၊

(င) လိုင်စင်သက်တမ်းနှင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ လိုက်နာရမည့် အငှားဂရန်နှင့် လိုင်စင်ပါ စည်းကမ်းချက်များကို သတ်မှတ်ပေးခြင်း၊

(စ) လိုင်စင်ခ ငါးစိုခွန်၊ လှေခွန်၊ မှတ်ပုံတင်ကြေးနှင့် အခြားပေးဆောင်ရန်ရှိသော အခွန်အခများကို သတ်မှတ်ပေးခြင်း၊

(ဆ) ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနမှူးများ၏ လုပ်ငန်းတာဝန်များနှင့် မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေး ကော်မတီများကို ကြီးကြပ်ခြင်း၊

(ဇ) တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဝန်ကြီးက တာဝန်လွှဲအပ်သော ငါးလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ခြင်း၊

(ဈ) သက်ဆိုင်ရာခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနမှူးအား အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်လျက် ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များမှ ရွေးချယ်ပေးသူများ ပါဝင်သည့် မြို့နယ်ငါးလုပ်ငန်း ကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်းကို ဥပဒေပါ နည်းလမ်းများနှင့်အညီ ဝန်ကြီး၏ အတည်ပြုချက်ဖြင့် မှတ်ပုံတင်ခွင့်ပြုခြင်း။

၂၅။ တိုင်းဒေသကြီးဦးစီးဌာနမှူး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဂရန်အင်း၊ သီးသန့်အင်း သို့မဟုတ် လိုင်စင်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်အမျိုးအစား သတ်မှတ်ခြင်း၊ ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းတို့ကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ခ) တိုင်းဒေသကြီး အကျိုးငှာ လိုအပ်လျှင်သော်လည်းကောင်း အငှားဂရန် သို့မဟုတ် လိုင်စင်ကို မမှန်ကန်သောနည်းလမ်းဖြင့် ရယူထားကြောင်း တွေ့ရှိလျှင်သော်လည်းကောင်း၊ လုံလောက်သော အကြောင်းရှိလျှင်သော်လည်းကောင်း၊ မည်သည့်အငှားဂရန် သို့မဟုတ် လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ ပေးသွင်းထားသော အခွန်ငွေများကို ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်းတို့ကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဂ) ဌာနကထုတ်ပေးထားသည့် အငှားဂရန် သို့မဟုတ် လိုင်စင်ပျက်စီးပျောက်ဆုံးသွားသဖြင့် မိတ္တူရယူ လိုကြောင်း လျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ သတ်မှတ်သည့်အခကြေးငွေ ပေးသွင်းစေပြီး အငှားဂရန် သို့မဟုတ် လိုင်စင်မိတ္တူကို ထုတ်ပေးခြင်း၊

(ဃ) ပြန်လည်ထုတ်ပေးနိုင်ခွင့်ရှိသော ပြန်အမ်းငွေပမာဏကို စိစစ်သတ်မှတ်ပေးခြင်း၊

(င) ရေထွက်ပစ္စည်းဆိုင်ရာ စားသောက်ကုန်များ ထုတ်လုပ်ခြင်း၊ သယ်ယူခြင်း၊ ရောင်းချခြင်းတို့ကို စိစစ်ရန် ဌာနမှ ပြန်တမ်းဝင်အရာရှိအား တာဝန်ပေးအပ်ခြင်း၊

(စ) ငါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ ဦးစီးဌာနသည် ဝန်ကြီး၏ ခွင့်ပြုချက်ဖြင့် တစ်ခရိုင်လျှင် အင်းတစ်အင်းနှင့် တင်ဒါချက်တစ်ချက်ကို သုတေသနအင်းနှင့် သုတေသနတင်ဒါချက် အဖြစ် သတ်မှတ်ဆောင်ရွက်နိုင်သည်။

## အခန်း (၈)

## ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် မှတ်ပုံတင်ခြင်း

၂၆။ ရပ်ရွာအတွင်း ငါးလုပ်ငန်းကို အစုအဖွဲ့ဖြင့် လုပ်ကိုင်လိုသူများသည် ရပ်ရွာအခြေပြုငါးလုပ်ငန်း အစုအဖွဲ့ ဖွဲ့စည်းနိုင်သည်။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့သည် အစုအဖွဲ့စည်းမျဉ်းကို ရေးဆွဲနိုင်သည်။

၂၇။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များသည် ယင်းတို့၏ လုပ်ငန်းများကို စီမံခန့်ခွဲနိုင်ရန် ရွေးချယ်ထားသော အစုအဖွဲ့ဝင်များပါဝင်သည့် ရပ်ရွာငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းရမည်။

၂၈။ ကော်မတီသည် ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းလုပ်ကိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်။

၂၉။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းလုပ်ကိုင်လိုသော အစုအဖွဲ့များသည် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနတွင် မှတ်ပုံတင်လျှောက်ထားရမည်။

၃၀။ မြို့နယ်ဦးစီးဌာနမှူးသည် သတ်မှတ်စည်းကမ်းများနှင့်အညီ တင်ပြလာပါက ခရိုင်ဦးစီးဌာနမှူးက ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ တည်ထောင်လုပ်ကိုင်ခွင့်ကို မှတ်ပုံတင်ပေးရမည်။ ထိုသို့ မှတ်ပုံတင်ပေးရာတွင် တိုင်းဦးစီးဌာနမှူးက စိစစ်၍ ဝန်ကြီး၏ အတည်ပြုချက် ရယူရမည်။

၃၁။ ခရိုင် သို့မဟုတ် မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီသည် ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ၏ လုပ်ငန်းများကို ကြီးကြပ်စစ်ဆေးရမည်။

၃၂။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ဝင်အချင်းချင်း အငြင်းပွားမှုဖြစ်ပေါ်လာပါက သက်ဆိုင်ရာ ရပ်ရွာငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီက ညှိနှိုင်းဖြေရှင်းပေးရမည်။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များကြားတွင် အငြင်းပွားမှုများဖြစ်ပေါ်လာပါက ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးသည် သက်ဆိုင်ရာကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ဖြေရှင်းရမည်။

## အခန်း (၉)

## စစ်ဆေးခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူခြင်း

၃၃။ ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနမှူးသည် အောက်ဖော်ပြပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်လာပါက တိုင်းဒေသကြီးဦးစီးဌာနမှူးမှစိစစ်၍ ဝန်ကြီး၏အတည်ပြုချက်ဖြင့် ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ မှတ်ပုံတင်ကို ပယ်ဖျက်နိုင်သည် -

(က) ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ဝင်များက ဆက်လက်လုပ်ကိုင်ဆောင်ရွက်ရန်ဆန္ဒမရှိကြောင်း တင်ပြခြင်း၊

(ခ) ရပ်ရွာအခြေပြု ရေလုပ်သားအစုအဖွဲ့တစ်ခုခုသည် တစ်စုံတစ်ဦးမှ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုမှ ၎င်း၏အကျိုးစီးပွားအတွက် ချုပ်ကိုင်ခြယ်လှယ်ခြင်း သို့မဟုတ် ရပ်ရွာအတွင်းကြီးမားသော ပဋိပက္ခဖြစ်ပေါ်စေနိုင်ခြင်း သို့မဟုတ် ထိုသို့ ဖန်တီးခြင်း၊ ခြိမ်းခြောက်ခြင်း၊

(ဂ) တည်ဆဲဥပဒေများ သတ်မှတ်စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

၃၄။ ဦးစီးဌာနမှူးသည် လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားသောနည်းလမ်းများနှင့်အညီ အောက်ပါအတိုင်း စစ်ဆေးနိုင်သည် -

(က) မိမိတာဝန်ခံရသော ရေချိုငါးလုပ်ငန်းရေပြင် နယ်နိမိတ်အတွင်းရှိ ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများ၊ ဂရန်အင်း၊ သီးသန့်အင်း၊ တင်ဒါချက်အပါအဝင် မည်သည့်ငါးလုပ်ငန်းကိုမဆို စစ်ဆေးခြင်း၊ ရပ်တန့်စေခြင်း၊ တက်ရောက်ခြင်း၊ ဝင်ရောက်ခြင်း၊ ရှာဖွေခြင်း၊

(ခ) လုပ်ငန်း၏ အငှားဂရန်လိုင်စင်အပါအဝင် လိုအပ်သည့် စာရွက်စာတမ်းများကို တောင်းယူစစ်ဆေးခြင်း၊ ကူးယူခြင်း၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူနှင့် ရေလုပ်သားများအား မေးမြန်းခြင်း၊ စစ်ဆေးခြင်း၊ ညွှန်ကြားခြင်း။

[ ဆက်လက်ဖော်ပြပါမည်။ ]

# ၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

## (၂၀၁၉ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၄၉။)

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၆ ရက်)

တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် တနင်္သာရီတိုင်းဒေသကြီး တစ်ဝန်းလုံးတွင် အကျိုးသက်ရောက်စေရမည်။

### အခန်း (၂)
### နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် စပ်လျဉ်း၍ ဇယား (၁)၊ ဇယား (၂) နှင့် ဇယား (၃) တို့တွင် ခွင့်ပြုထားသောသုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေ သုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

မြင့်မောင်
ဝန်ကြီးချုပ်
တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

ဇယား (၁)
(ကျပ်သန်းပေါင်း)

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

| အမှတ်စဉ် | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါအမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | ၁ | | အစိုးရအဖွဲ့ရုံး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၀၀. ၀၀၀ | | | ၉၃၆. ၆၇၈ | | | | | ၁၀၃၆. ၆၇၈ |
| | ၂ | | လွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | ၁၂. ၅၄၁ | | | | | ၁၂. ၅၄၁ |
| | ၃ | | ဥပဒေချုပ်ရုံး | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၁၈. ၇၅၆ | | | ၀. ၉၄၉ | | | | | ၁၉. ၇၀၅ |
| | ၄ | | စာရင်းစစ်ချုပ်ရုံး | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၃. ၅၅၇ | | | | | | | | ၃. ၅၅၇ |
| | | | ပေါင်း | | ၁၂၂. ၃၁၃ | | | ၉၅၀. ၁၆၈ | | | | | ၁၀၇၂. ၄၈၁ |

ဇယား (၂)
(ကျပ်သန်းပေါင်း)

## တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါအမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | **ပြည်ထဲရေး** | **တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၅. ၉၁၂** | | | | | | | | **၅. ၉၁၂** |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၅. ၉၁၂ | | | | | | | | ၅. ၉၁၂ |
| | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | **ဎင်း** | **၄၅. ၁၆၀** | | | **၆၅. ၀၀၀** | | | | | **၁၁၀. ၁၆၀** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၄၅. ၁၆၀ | | | ၆၅. ၀၀၀ | | | | | ၁၁၀. ၁၆၀ |
| | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး** | **ဎင်း** | **၁၈. ၂၂၂** | | | | | | | | **၁၈. ၂၂၂** |
| | ၁ | သစ်တောဦးစီးဌာန | | ၈. ၈၃၃ | | | | | | | | ၈. ၈၃၃ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၉. ၃၈၉ | | | | | | | | ၉. ၃၈၉ |
| | | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | **ဎင်း** | **၂၅. ၀၀၀** | | | **၁. ၆၉၄** | | | | | **၂၆. ၆၉၄** |
| | ၁ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | ၂၅. ၀၀၀ | | | | | | | | ၂၅. ၀၀၀ |
| | ၂ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | | ၁. ၆၉၄ | | | | | ၁. ၆၉၄ |
| | | **ဆောက်လုပ်ရေး** | **ဎင်း** | | | | **၃၁၇၇. ၄၂၀** | | | | | **၃၁၇၇. ၄၂၀** |
| | ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | | ၄၀. ၀၀၀ | | | | | ၄၀. ၀၀၀ |
| | ၂ | လမ်းဦးစီးဌာန | | | | | ၃၁၃၇. ၄၂၀ | | | | | ၃၁၃၇. ၄၂၀ |
| | | **စည်ပင်သာယာရေးအဖွဲ့များ** | **ဎင်း** | **၄၄. ၅၉၆** | | | **၅. ၃၀၀** | | | | | **၄၉. ၈၉၆** |

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၃)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါအမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | ၁ | | လျှပ်စစ်နှင့် စွမ်းအင် | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | ၅၇၁. ၄၀၅ | | | | | ၅၇၁. ၄၀၅ |
| | | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | | | | ၅၇၁. ၄၀၅ | | | | | ၅၇၁. ၄၀၅ |
| | | | ပေါင်း | | | | | ၅၇၁. ၄၀၅ | | | | | ၅၇၁. ၄၀၅ |

# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
# မွန်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ
## (၂၀၁၉ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁။)

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၄ ရက်)

မွန်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

### အခန်း (၂)
### နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၊ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ဇယား (၁)၊ (၂) နှင့် (၃) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့် ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဒေါက်တာအေးဇံ
ဝန်ကြီးချုပ်
မွန်ပြည်နယ်အစိုးရအဖွဲ့

ဇယား (၁)
(ကျပ်သန်းပေါင်း)

## မွန်ပြည်နယ်အစိုးရအဖွဲ့၊ မွန်ပြည်နယ်ဥပဒေချုပ်

| အမှတ်စဉ် | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ - သာမန် သုံးငွေ | အတိုး ပေးငွေ | ထောက်ပံ့ငွေ | ငွေလုံး ငွေရင်း သုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်း များတွင် ရင်းနှီးငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၁ | မွန်ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၉၂၂.၄၂၁ | | | ၁၁၂.၂၈၆ | | | | ၁၀၃၄.၇၀၇ |
| ၂ | ၄ | မွန်ပြည်နယ်ဥပဒေချုပ် | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၁၄.၆၄၉ | | | | | | | ၁၄.၆၄၉ |
| | | ပေါင်း | | ၉၃၇.၀၇ | | | ၁၁၂.၂၈၆ | | | | ၁၀၄၉.၃၅၆ |

## မွန်ပြည်နယ်ဝန်ကြီးဌာနများ၊ မွန်ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါအမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၁ | **ပြည်ထဲရေး** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | **၅. ၇၂၈** | | | | | | | **၅. ၇၂၈** |
| | | ၁။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၅. ၇၂၈ | | | | | | | ၅. ၇၂၈ |
| ၂ | | **ပြည်ထောင်စုအစိုးရအဖွဲ့ရုံး** | ၎င်း | | | | **၄. ၁၈၃** | | | | **၄. ၁၈၃** |
| | | ၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | | ၄. ၁၈၃ | | | | ၄. ၁၈၃ |
| ၃ | ၂ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | ၎င်း | **၇၄. ၈၃၃** | | | | | | | **၇၄. ၈၃၃** |
| | | ၁။ စိုက်ပျိုးရေးဦးစီးဌာန | | ၆၅. ၄၀၀ | | | | | | | ၆၅. ၄၀၀ |
| | | ၂။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | ၃. ၁၀၅ | | | | | | | ၃. ၁၀၅ |
| | | ၃။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၆. ၃၂၈ | | | | | | | ၆. ၃၂၈ |
| ၄ | ၃ | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၎င်း | **၂၆. ၂၇၀** | | | | | | | **၂၆. ၂၇၀** |
| | | ၁။ သစ်တောဦးစီးဌာန | | ၂၂. ၇၇၀ | | | | | | | ၂၂. ၇၇၀ |
| | | ၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၃. ၅၀၀ | | | | | | | ၃. ၅၀၀ |
| ၅ | ၆ | **ဆောက်လုပ်ရေး** | ၎င်း | **၂၃၂. ၆၇၃** | | | **၁၈၆၉. ၇၈၀** | | | | **၂၁၀၂. ၄၅၃** |
| | | ၁။ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | | ၂. ၀၀၀ | | | | ၂. ၀၀၀ |
| | | ၂။ လမ်းဦးစီးဌာန | | ၂၃၂. ၆၇၃ | | | ၁၆၈၁. ၅၀၀ | | | | ၁၉၁၄. ၁၇၃ |
| | | ၃။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | | | | | ၁၈၆. ၂၈၀ | | | | ၁၈၆. ၂၈၀ |
| ၆ | ၈ | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | **၄၆၃. ၆၈၂** | | | **၁၆၀၆. ၂၀၀** | | | | **၂၀၆၉. ၈၈၂** |
| | | **ပေါင်း** | | **၈၀၃. ၁၈၆** | | | **၃၄၈၀. ၁၆၃** | | | | **၄၂၈၃. ၃၄၉** |

ဇယား (၃)
(ကျပ်သန်းပေါင်း)

## မွန်ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၁ | လျှပ်စစ်နှင့် စွမ်းအင် | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | ၈၀၁. ၂၃၄ | | | | ၈၀၁. ၂၃၄ |
| | | ၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | | | | ၈၀၁. ၂၃၄ | | | | ၈၀၁. ၂၃၄ |
| | | ပေါင်း | | | | | ၈၀၁. ၂၃၄ | | | | ၈၀၁. ၂၃၄ |

# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

## (၂၀၁၉ ခုနှစ်၊ ရခိုင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁။)

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၆ ရက်)

ရခိုင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

## အခန်း (၂)

## နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၊ ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ဇယား (၁)၊ (၂) နှင့် (၃) တို့တွင် ခွင့်ပြုထားသောသုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်၊

(ခ) ပုဒ်မခွဲ (က) တွင်ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ သို့မဟုတ် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့်သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်၊

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ညီပု

ဝန်ကြီးချုပ်

ရခိုင်ပြည်နယ်အစိုးရအဖွဲ့

ဇယား (၁)
(ကျပ်သန်းပေါင်း)

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

| အမှတ်စဉ် | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | စုစုပေါင်း |
